www.burmeseclassic.com

နှင်းဝေနှင်းစာပေ

BURMESE CLASSIC .com

မှုံးဝေမြိုင်

# မိုးပန်းပွင့်၏ သင်္ကေတ

GRAPHIC HAY WINN AUNG 099061597

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် ■ ၅၀၂၀၂၇ ၁၂၀၈
မျက်နှာဖုံးခွင့်ပြုချက် ■ ၅၀၀၃၁၆၀၃၀၉
မျက်နှာဖုံးဒီဇိုင်း ■ ကိုနေဝင်းအောင်
မျက်နှာဖုံးဖလင် ■ စတား
အတွင်းဖလင် ■ ကိုလှမော်
ကွန်ပျူတာစာစီ ■ နှင်းဝေနေဝင်း
ထုတ်ဝေသူ ■ ဦးကျော်ဟင်း (မြ-၀၉၁၀)
ယုံကြည်ချက်စာပေ၊ ၁၁၁ ၊ ၃၃ လမ်း
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် ■ ကိုတင်အောင်ကျော်၊ စွယ်တော်ပုံနှိပ်တိုက်
အမှတ်(၁၄၇)၊ ၅၁ လမ်း၊ ရန်ကုန်မြို့
ထုတ်ဝေသည့်ကာလ ■ ၂၀၀၉၊ ဇူလိုင်လ
အုပ်ရေ ■ ၅၀၀ အုပ်
တန်ဖိုး ■ ၁၅၀၀ ကျပ်

[illegible] (CIP)

နှင်းဝေငြိမ်း
မိုးပန်းပွင့်၏ သင်္ကေတ/ နှင်းဝေငြိမ်း ၊ - ရန်ကုန်၊
ယုံကြည်ချက်စာပေ ၊ ၂၀၀၈-၂၀၀၉
၁၂၈ - စာ ၊ ၁၂.၇ x ၁၈.၄၂ စင်တီ
(၁) မိုးပန်းပွင့်၏ သင်္ကေတ





# နှင်းဝေငြိမ်း

# မိုးပန်းပွင့်၏ သင်္ကေတ

နှင်းဝေနေဝင်းစာပေ
ထုတ်ဝေဖြန့်ချိရေး
အမှတ် ၁၅၄ ၊ ပထမထပ် ၊ စမ်းချောင်းလမ်း ၊ စမ်းချောင်းမြို့နယ် ၊ ရ
ဖုန်း- ၀၉၉၀ ၆၁၅၉၇ ၊ ၀၉ ၅၀၅[illegible]

www.burmeseclassic.com

www.burmeseclassic.com



(၁)

နှုတ်ခမ်းပါးနှစ်လွှာကို တင်းနေအောင်စေ့ထားပြီး သံပြတ်ဖြင့် အသံကို တိခနဲ ပိုင်းပြတ်စွာ ပြောတတ်သည့် မိန်းမငယ်သည် သူ့ရှေ့၌ ဘယ်အရာကိုမှ ထီမထင်သည့် မျက်နှာသေးနှင့် မာန၏တောင်းဆိုမှုအတိုင်း စည်းချက် လှုပ်ရှားနေလေ၏။

"ငါ စေ့စပ်တော့မယ် ဩဇာ"

ထိုစကားလုံးတွေကို ဒုတိယအကြိမ်ကြားချိန်၌ အစောပိုင်းကလောက် သူ မတုန်လှုပ်တော့ပါ။ သူနှင့် မျက်နှာချင်းဆိုင် ထိုင်နေသော မိန်းမတစ်ယောက်သည် သူ့ကို လွန်စွာချစ်မြတ်နိုးခဲ့သော...၊ သူ့ကို လွန်စွာသဝန်တိုခဲ့သော... သူ့ကို လွန်စွာ ချုပ်ကိုင်လွှမ်းမိုးချင်ခဲ့သော...

သူ့ကို.....

သူ့ကို.....



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမိန်းမငယ်ဟာ…သူ့အတွက် ကြေကွဲဝမ်းနည်းစရာကို သယ်ဆောင်ယူရက်လိမ့်မည်ဟုတော့ ဩဇာ မထင်ခဲ့ပါ။ ဒါပေမဲ့ သူ လက်ခံယုံကြည်ရမည်က သူ့ကို မျက်လုံးစိမ်းစိမ်း၊ ဆံပင်နီကျင်ကျင်ကို ပိုနီတေးစီးထားပြီး မျက်ခုံးတန်းများ မည်းမှောင်နေပေမယ့် ဖြူနုလှပသော အသားအရေနှင့် မျက်လုံးဝိုင်းနက်နက်တို့က…ဒါဟာ … မိုးပန်းပွင့် အစစ်အမှန်ပါလို့ ပြောပြနေသည်ပဲ မဟုတ်လား။

"ဘယ်သူနဲ့လဲ"

ရုတ်တရက် သူ့နှုတ်မှ ထွက်သွားသောအသံကို သူပင် ပြန်လန့်သွား၏။ သူ ခံပြင်းစွာခေါင်းခါလိုက်မိ၏။ သူ့မျက်နှာပေါ်မှာ မယုံကြည်နိုင်ခြင်း အရေးအကြောင်းတွေကို သူမမြင်သွားမှာ စိုးရွံ့လှ၏။

ဘာဖြစ်လို့ ထိုမေးခွန်း မေးမိတာလဲ၊ သူ့နှုတ်ခမ်းဝတင် "တောက်" ခေါက်သံ ရပ်တန့်သွား၏။ မသိစိတ်၏ ဆန္ဒပြင်းပြမှုကို သူ မဟန့်တားတော့။ သူ့မေးခွန်းက တိုတောင်းပေမယ့် မိုးပန်းပွင့်၏ ရယ်သံကို ရှည်လျားစေခဲ့၏။ ထိုရယ်သံကို သူမုန်းတီး၏။ ဒီ မိုးပန်းပွင့်၏ အလှတွေထဲမှာ ဒီလိုသူတစ်ပါးကို နာကျင်ထိခိုက်စေတဲ့ ရယ်သံဟာ ရုပ်အဆိုးဆုံးပဲ။

"ဘာဖြစ်လို့သိချင်တာလဲ… မင်းစိတ်ဝင်စားလို့လား"

သူ ထောင်းခနဲ ဒေါသထွက်သွားပြန်၏။ ကြည့်စမ်း…ဒါ သူ့ကို ချေပတာပဲ…။

"ငါက…ငါကိုယ်ငါလောက် ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး…" ဟု ပြောခဲ့ဖူးသော သူ့စကားတွေအတွက်…အမှတ်လျော့လေရော့မည်။ ဘယ်အရာကိုမှ တန်ဖိုးမထားတတ်သူ မလေးနက်တတ်သူ





ဟူသော သူ့အပေါ် စွဲချက်တင်ထားသော မိုးပန်းပွင့်အတွက် ဘောဆီး ရန်ကာ စကားများ သူ မပြောလိုတော့ပါ။ သူ့ဖက်ကလည်း လှပစွာ တုံ့ပြန်စကား ဆိုတတ်ရမည်လေ…။

"ငါလား စိတ်ဝင်စားချင်ယောင်ဆောင်သင့်တာပေါ့… ဒါမှ နင့်ရဲ့ စိတ်နာမှုနဲ့ မာနကို မထိခိုက်မှာပေါ့"

"တော်စမ်း ဩဇာ…နင်က နင့်အရှုံးကို ကာကွယ်ချင်ရင် ကာကွယ်တယ် ပြောစမ်းပါ။ ငါ့မာနက နင့်ကြောင့် ထိခိုက်ရပေါင်းများလို့ ရိုးနေပြီ…"

"ဒါက နင့်အထင်ကိုး…ငါ ဘာဖြစ်လို့ နင်စေ့စပ်မယ့်သူကို သိချင်တာလဲ….သိလား"

သူ့စကားအတွက် မိုးပန်းပွင့်က မျက်တောင်ပင့်ရုံ အသိအမှတ်ပြု၏။ သူ့ရင်ထဲမှာ ဒေါသလား…သောကလား…မာနလားမသိ ပူလောင်နေလေပြီ။ ဒါ အသည်းကွဲတာလား။ မဖြစ်နိုင်ဘူး။ ဒါ ခံပြင်းမှုပဲ…။ ဒီ ခံပြင်းမှုမှာ သူ့ရဲ့ ယောကျ်ားမာနပါနေ၏။

"ကိုင်း…ပြောကြည့်ပါဦး…ဘယ်လိုလူမျိုးလည်းဆိုတာ"

"မိုးပန်းပွင့် ရွေးချယ်တဲ့သူဟာ…ခပ်ညံ့ညံ့လူပေါ တစ်ယောက်တော့ မဟုတ်လောက်ပါဘူးနော်"

"ဘာ"

ကောင်းကွာ…သည်စကားအတွက် သူအားရလိုက်တာ။

ကွက်ခနဲပျက်သွားသည့် မိုးပန်းပွင့်မျက်နှာက အခုမှ ပိုလှလာသလို ပါပဲ။ ခပ်ညံ့ညံ့လူပေါဆိုသော စကားအသုံးအနှုန်းသည် ဒုံးကျည်တစ်စင်း ကဲ့သို့ သူမရင်ကို ပစ်ခွင်းသွားခဲ့၏။ ဩဇာကို ပြောဆိုနေကျ ထိုစကား



www.burmeseclassic.com

www.burmeseclassic.com



လုံးအား အခုတစ်ကြိမ်၌ ဩဇာကပြန်အသုံးချဖို့ သတိရသွားခဲ့ပြီထင်။

"မှတ်ထား ဩဇာ…ငါ ရွေးချယ်မယ့်လူဆိုတာ…နင့်လို ပေါ့တီးပေါ့ဆနိုင်တဲ့သူ မဖြစ်ရဘူး။ ငါ ရွေးချယ်မယ့်လူဆိုတာ နင့်လို အချစ်ကိုတန်ဖိုးမထားတဲ့လူ မဖြစ်ရဘူး။ ငါ ရွေးချယ်မယ့်လူဟာ…ပညာတော်ရမယ်…ဂုဏ်သိက္ခာရှိရမယ်…လောင်းကစား ဝါသနာမထုံရဘူး…။

သည့်ထက်ပြည့်စုံသော အပြောသည်ပင် သည်လောက် မပြည့်စုံနိုင်တော့ပါ။ သူ့ကိုအလဲထိုးဖို့ လက်နက်စကားလုံး အကြီးကြီးတွေကို သူက အဆင်သင့်ပြင်ထားပါရောလား။ တကယ်တော့ မိုးပန်းပွင့်၏ ဦးတည်ချက်သည် သူမရှေ့တည့်တည့်မှလူကိုသာ ဦးတည်နေပြီ။

နင့်လို…နင့်လို…ဟု ပြောနေဘိအလား။ တစ်ချိန်က သူ့ရဲ့ habbit မှန်သမျှ…အခုတော့ အပြစ်တွေတဲ့လား မိုးပန်းရယ်။

ထိုသူဘယ်သူဆိုတာ သူ သိလိုက်ပါပြီ။ ထိုသူဟာ…မိုးပန်းပွင့်ထက် အနည်းဆုံး အသက်(၁၀) နှစ်လောက် ကြီးနိုင်ပြီး အတွေးအခေါ်အားဖြင့် ရင့်ကျက်တည်ငြိမ်နေလိမ့်မည်။ ထိုသူသည် သူ့လောက်တော့ လွတ်လပ်ပေါ့ပါး လန်းဆန်းနေမည်မဟုတ်။

သူ့အတွေးထဲ၌ နားလည်ပေးနိုင်တာတစ်ခုပဲ ရှိပါသည်။ ဒါသည်…မိုးပန်းပွင့် သူ့ကို စိတ်ပျက်သွား ပြီဆိုတာကိုပါပဲ။

သူကရော…သူကတော့ လက်ထဲမှာလှပသည့် အရုပ်ကလေးတစ်ရုပ်သူများပေးလိုက်ရမည်ဆိုတော့ နှမြောလွမ်းဆွတ်သည်ပဲလား…။ ယောကျ်ားမာနကို ထိခိုက်၍ ဒေါသအမျက်ချောင်းချောင်းထွက်နေသည်ပဲလားမဆိုနိုင် သေချာတာကတော့ သူ့ခေါင်းထဲပိနေသော ဝန်ထုပ်ဝန်ပိုးတစ်ခု လျော့ကျသွားပြီဆိုတာပါပဲ…။





အနိုင်အရှုံးတွက်မည်ဆိုလျှင်တော့လည်း ဒီပွဲမှာ သူ ရှုံးသည်ဆိုပါတော့…။

* * * * *

BURMESE CLASSIC .com

"လာပြန်ပြီလား…ဒီ အနိုင်အရှုံးကြီး၊ နင်ဟာလေ အမှတ်သည်းခြေကိုမရှိဘူး…။ နင်နဲ့ မိုးပန်းရဲ့ အသည်းကွဲဇာတ်လမ်းမှာ နင်ကချည်းသနားစရာကောင်းနေတယ် ထင်လို့လား…ငါ တကယ်စိတ်ကုန်တယ်နင့်ကို…"

ဒေါသနှင့် ကုန်းအော်သော ချိုမြိန်ကြောင့် သူ့ကိုယ်သူ ကိုယ်ရှိန်သတ်လိုက်ရ၏။ သူလည်း ဒေါသဖြစ်နေတာပါပဲ။ သူ့ဒေါသကယောကျ်ားမာနကို ထိပါးသည့်အတွက် ဖြစ်သည့်ဒေါသ၊ ချိုမြိန် ဒေါသကအနိုင်အရှုံး အမြဲတွက်သော ဩဇာကိုစိတ်ပျက်သည့် ဒေါသ။

"နင်က ဘာဒေါသဖြစ်ပြီး စိတ်ကုန်နေရတာလဲ…အခုဖြစ်တာငါ့ကိစ္စပဲ ဥစ္စာ…"

"ဟင်…နင့်ကိစ္စဆို…ဘာလို့ ငါ့လာတိုင်တည်နေရတာလဲ၊ မိုးပန်းတာရော…နင်တစ်ယောက်တည်းနဲ့ ဆိုင်သလား…ငါနဲ့ရော ဘာတော်သလဲသူငယ်ချင်းလေဟဲ့…သူငယ်ချင်း…ဟဲ့ ဩဇာရဲ့…"



www.burmeseclassic.com

www.burmeseclassic.com



"နင်က မိုးပန်းပွင့်ရဲ့ ရဲဘော်ရဲဘက်ပေါ့ ဟုတ်လား... ဒါဆို ငါ့ရဲ့ သစ္စာဖောက်ပေါ့..."

ဩဇာစိတ်ထဲ ထောင်းခနဲ ဒေါသထွက်သွား၏။ သူ့ဖက်မှာ ဘယ်သူမှမရှိပါလား။

"အမလေး...စကားကြီးစကားကျယ်တွေနဲ့ မခြိမ်းခြောက်စမ်းပါနဲ့ ဩဇာရယ်...နင်လည်း ငါ့သူငယ်ချင်းပါပဲ...ကဲ ပြန်ဟယ်...ငါ"

ထိုအချိန်၌...ချိုမြိန်လေး၏ ရင်ထဲ၌...ဩဇာကို စကားတွေ ပြောနေမိ၏။ ထိုစကားစုများကိုသာ ဩဇာကြားခဲ့မည်ဆိုလျှင်...သူမ၏ ပစ္စုပ္ပန်အခြေအနေကို သူ နားလည်တန်ကောင်လိမ့်မည်ထင်ပါရဲ့...

ချိုမြိန့်ရင်ထဲကမှ...

တကယ်တော့ ဩဇာရယ်...နင်က သူငယ်ချင်းမှ...ငါ့ရဲ့ ဟိုး ကလေးဘဝကတည်းက...ငယ်သူငယ်ချင်းလေးပါ...ကစားရွယ် ငယ် ကတည်းက စွဲတဲ့အချစ်လို့သာ ငါပြောခွင့်ရမယ်ဆိုရင် ပြောလိုက်ချင် ပါရဲ့။ ဒါပေမယ့် မိုးပန်းပွင့်က ငါ့ကျေးဇူးရှင်ဆိုတော့ နင့်ထက် ပိုအလေး ထားရမယ် မဟုတ်လားဟယ်..."ဟုသာ ပြောလိုက်ချင်တော့သည်။

ကျေးဇူးရှင်တဲ့...

ထိုစကားလေးသုံးလုံးက...ချိုမြိန့်ကို ဖိစီး ခံစားစေခဲ့လိမ့်မည် ဟု ထိုအချိန်က သူမ တွေးမထင်ခဲ့ပါ။ ဩဇာကိုလည်း သူငယ်ချင်းရဲ့ သူငယ်ချင်းအဖြစ်နှင့် ရပ်တန့်နားလည်ခဲ့ရသည်ကို ဩဇာကိုယ်တိုင်ပင် မသိခဲ့၊ ဒါကြောင့်လည်း ဩဇာတစ်ယောက် အလိုက်ကန်းဆိုးမသိစွာ သူမအိမ်အထိ လိုက်လာပြီး ရင်ဖွင့်နေလေ၏။

သည့်စရိုက်က ဩဇာ၏ ပင်ကိုယ်စရိုက် သူ့ရင်ထဲက ခံစားချက်





မှန်သမျှ အရင်ဆုံးသိခွင့်ရတာ ချိုမြိန်ပဲ ဖြစ်၏။ အရမ်းကို ပွင့်လင်း လွန်းပြီး ဘာကိုမှအလေးကြီး မတွေးတတ်သောကြောင့်လည်း "အမှား များစွာကို ဖိတ်ခေါ်သူ"ဟု မိုးပန်းပွင့် ကင်ပွန်းတပ်တာလည်း ဘယ်ဆန်း ပါ့မလဲ။ ငြိမ်ကျသွားသော ချိုမြိန့်ကို ကြည့်ပြီး မျက်နှာရှုံ့မဲ့သွားသည့် ဩဇာမှာ သူငယ်ချင်းဖက်က အခမဲ့ ရှေ့နေလိုက်နေသော ချိုမြိန်ကို ဖိမည်းနေတော့၏။ ဒီအချိန်မှာ သူ့ရဲ့ရင်ဖွင့်ဖော်ဟာ ချိုမြိန်သာ...။

"အပြစ်ရှာမယ်ဆိုရင်တော့ ငါက အရက်၊ အဲ ဘီယာ နည်းနည်း သောက်တတ်တယ်။ စကားပြောရင် ပြောင်ချော်ချော်ပြောတတ်တယ် ဟာ အလေးအနက်မရှိဘူး။ ကတိ မတည်ဘူး။ ဒါပဲမဟုတ်လား"

"နင့်မှာ ဒီတစ်ပြစ်ထဲမဟုတ်ပါဘူး"

"ပြောစမ်း...ဘယ်နှစ်ပြစ်လဲ"

"ဘေးကမြင်ရတဲ့ ငါကတော့ နင်က မိုးပန်းပွင့်ရဲ့မာနတွေကို ချိုးဖဲ့နေတဲ့သူလို့ မြင်တယ်။ ဒီလောက် မာနကြီးတဲ့ ငါ့သူငယ်ချင်းကို နင်မို့ ကပျက်ကချော် လျှောက်လုပ်နေတဲ့နောက် ဟိုက သည်းခံပါတော့ မလား"

ဩဇာနှင့် ချိုမြိန် စကားနိုင်လုကြသည်။ သူ့အပြစ်တွေကို လက်ချိုး ပြရသည့်အတွက် ချိုမြိန်စိတ်မကောင်း။ ဟုတ်တယ်။ မိုးပန်းမကြိုက်တာ ဒီအချက်တွေပဲ။ ပြီးတော့ နင့်မှာ မကောင်းတဲ့ဉာဉ်လည်းရှိသေးတယ်။ အဲဒီအချက်ကို မိုးပန်းအမုန်းဆုံးပဲသိလား။

ဒါဟာ ဘယ်သူမှဝင်စွေ့စပ် ညှိနှိုင်းလို့မရတဲ့ နင်တို့နှစ်ယောက်ရဲ့ ဆန့်ကျင်ဘက်ပဲပေါ့။

"ချစ်သူလို့ပြောပြီး ရန်သူလို ဆက်ဆံနေတဲ့ နင့်သူငယ်ချင်းကို



www.burmeseclassic.com

www.burmeseclassic.com



ငါမကျေနပ်ဆုံးက ငါ့ကိုလျော့တွက်တာပဲ။ သူနဲ့ ငါပြဿနာဖြစ်တဲ့ **အဓိက**အကြောင်းကို နင်အသိဆုံးပဲ နင်သက်သေပဲ။ ဘယ်သူလွန်လဲ ဘက်မလိုက်ဘဲ ဖြေစမ်းချိုမြိန်"

ဒေါသကြောင့်နီမြန်းနေသော ဩဇာကို မကြည့်ရက်ပါ။ ဒါဟာ အချစ်ကြောင့်လား။ သူငယ်ချင်းရယ်ဟု မမေးရက်။ ထိုနေ့က အဖြစ်အပျက်သည် ဩဇာနှင့် မိုးပန်းတို့၏ လမ်းခွဲမှုဆီ ဦးတည်လိမ့်မည် ဆိုလျှင် သူမသည် မိုးပန်းခေါ်ရာနောက်သို့ ကလေးတစ်ယောက်လို လိုက်သွားမိလိမ့်မည်မဟုတ် ယခုတော့ ချိုမြိန်က သက်သေတဲ့လား။

* * * * *





(၂)

ထိုနေ့က မိုးပန်းပွင့် ကျောင်းမတက်ပါ။

နေ့တိုင်း မိုးပန်းနှင့် ကျောင်းသွားနေကျမို့ ချိုမြိန် တစ်ယောက်တည်း ပျင်းပျင်းနှင့် ကျောင်းတက်လိုက်ရသည်။ "နေမကောင်းဘူး ချိုမြိန်ရယ်၊ အိမ်မှာပဲ စာကျက်တော့မယ်။ နင့်ဆီကပဲ ပြန်ကူးမယ်နော်။ အပြန်အိမ်ဝင်ခဲ့ဦး" ဟု မှာလိုက်သော မိုးပန်းစကားကို ချိုမြိန်က တသွေမတိမ်း လိုက်နာပါသည်။ စာသင်ခန်းထဲရောက်လို့ ဆရာမ မထွက်သေး။ နောက်ကျောကို စက္ကူမြားတွေ လာစိုက်သဖြင့် နောက်သို့ ဆတ်ခနဲ လှည့်ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟင် ဩဇာနဲ့ သူ့သူငယ်ချင်း ဒီပ။ ဒီကောင်တွေ ဘာ နှောက်ဦးမလို့လဲ။ ဆရာကိုအားနာ၍ သူတို့ဖက် လက်သီးထောင်ပြရာ ဩဇာကပင် အပြင်ထွက်ခဲ့ဖို့ချည်း အမူအရာပြနေလေ၏။ ချိုမြိန် မသိဟန်ဆောင်ပြီး ပြန်လှည့်လိုက်စဉ် "ချိုမြိန်" ဟု အသံအကျယ်ကြီး လှမ်းခေါ်လိုက်၏။ သူမတုန်သွား၏။ ဘုရား...ဘုရား...မဖြစ်ဘူး... ငါအခန်းအပြင် မထွက်မချင်း အရှက်ကွဲနိုင်တယ်ဟုတွေးပြီး အခန်းထဲမှ အသာလေးလျှို၍ ထွက်ခဲ့ရ၏။ တစ်ခွန်းက တိုးတိုး "ချိုမြိန်"၊ တစ်ခွန်းက ကျယ်ကျယ် "ချိုမြိန်" တစ်ခန်းလုံး ပြုံး၍ကျန်ခဲ့ချိန်မှာ မျက်နှာပူစွာနှင့် ဩဇာနားသို့ သူမရောက်သွား၏။

ဒါပေမဲ့ ချိုမြိန်ဘာမျှ မပြောလိုက်ရ။ ဩဇာကသာ အရေးတကြီး နိုင်စွာ...။

"အရေးကြီးလို့ပါ ချိုမြိန်ရာ၊ ငါ့ကို ငွေနှစ်သောင်းလောက် ချေးစမ်းပါ"

"ဘာ... ငွေနှစ်သောင်း..."

"ဟာ နင်ကလည်း လန့်လိုက်တာ။ ဒါလေးပြောတာ လန့်စရာလား။ ငွေနှစ်သောင်းချေးတာလေးများ"

ချိုမြိန်ထံမှ "ဘာ" ခနဲ အသံကို ဩဇာကပြန်လန့်သတဲ့။ ချိုမြိန် ဆီမှာများ ငွေနှစ်သောင်းလာချေးရသတဲ့လား။ ဖြစ်မှဖြစ်ရလေဟယ်၊ သူမမှာ ငွေနှစ်သောင်းမပြောနဲ့ ငွေနှစ်ထောင်တောင် အနိုင်နိုင်။ ကျောင်းလခနှင့် ကျူရှင်လခတွေကို အမြဲ ကူညီစောင့်ရှောက်ပေးသည့် မိုးပန်းပွင့်မျက်နှာကြောင့် ဒင်းသက်သာတယ်မှတ်။ အလိုက်ကန်းဆိုး လုံးဝမသိသော ဩဇာကို သူမရှင်းပြရဦးမှာလား။





"ပါလား၊ ပေးစမ်းပါ ငါပြန်ပေးမှာပါ။ ရော့ ငါ့လက်စွပ်ခဏယူ"

"ဟဲ့ မဟုတ်တာ၊ တော်စမ်းပါ ဩဇာရယ်၊ ငါ့မှာ ဘယ်ကငွေနှစ်သောင်းရှိရမှာလဲ၊ ငွေနှစ်ထောင်တောင်မနည်း"

ရှက်သည်ထက် မသိသား ဆိုးရွားလှသော ဩဇာကို နရင်းသာအုပ်ပစ်လိုက်ချင်တော့၏။ ဩဇာကတော့ ကြက်တူရွေး စာရွတ်သလို တငင်ငင်။

"တကယ်ပြောတာ ငါပြန်ဆပ်ပါ့မယ်၊ အခု ငါအလောင်းအစား တစ်ခုအတွက် ပြည်ကိုသွားမလို့။ လမ်းစရိတ်လိုလို့ပါဟာ ချေးစမ်းပါ။ နင့်ကို အတိုးထောင့်ငါးရာ ပေးပါ့မယ်။ တကယ်...တကယ်...."

မျက်နှာကလည်း အပိုးမကျိုး။ လူကလည်း လှုပ်ရှုနေ၏။ ချိုမြိန်ကို လွတ်သွားမှာစိုး၍ လွယ်အိတ်အတင်းဆွဲထားသေး၏။ ဘေးကမြင်ရတာ အထင်လွဲစရာ...။ ဘယ်သူမှ ဂရုစိုက်ပုံမရသည့် ဩဇာက သူ့အရေးသာ ကမ္ဘာမှာ အရေးကြီးဆုံး...။

"ဘာတွေ လျှောက်ပြောနေတာလဲ။ ငါ့မှာ ဒီလောက် ပိုက်ဆံမရှိနိုင်ဘူးဆိုတာ နင်သိရဲ့သားနဲ့ဟယ်...ငါ့ကို သက်သက်အရှက် လာခွဲနေတာလား..."

"မထင်ပါဘူး သူငယ်ချင်းလေးရာ ငါ့သူငယ်ချင်းကိုဆို သူများတွေက ယုံတယ်လေ။ တစ်ယောက်ယောက်ဆီမှာ နင့်ကိုယ်နင် အပေါင်ထားပြီး ချေးပေးစမ်းပါ။ အဲ...မိုးပန်းကလွဲရင်ပေါ့...သူမသိစေနဲ့နော်"

ဩဇာတစ်ယောက် သူ့ဆန္ဒအတိုင်း လျှောက်ပြောနေပေမယ့် ချိုမြိန်ကတော့ စိတ်မောလာ၏။ ဒေါသလည်းထွက်လာ၏။ ပြောချင်ရာပြော ဆိုချင်ရာ ဆို၊ ဘာမှန်းကိုမသိသည့် ဩဇာကို နိုင်စားနိုင်သူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပဲ ရှိသည်။ အဲဒါ မိုးပန်းပွင့်ပေါ့။ ထိုကိစ္စ သူမ သိပုံမရ။ ဒုက္ခပေးဖို့ဆို ဩဇာ အရင်ဆုံးသတိရတာ ချိုမြိန်တဲ့လား။

ဩဇာကတော့ ဘယ်နည်းနှင့်ရရ အခုချိန်မှာ ချိုမြိန်ဆီက ငွေနှစ်သောင်းလိုချင်နေ၏။ ဒီနေ့ နေ့လည်ကားနှင့် ပြည်သို့သူသွားမည်။ တို့မှာ သူတို့ကိုစောင့်နေမည့် တစ်ဖွဲ့နှင့် ပြည်အလွန် သီရိခေတ္တရာရှိ မှော်ဇာရွာသို့သွားကာ ရှေးဟောင်းယဉ်ကျေးမှုပြတိုက်မှာ စုံကြမည်။ ရှေးဟောင်း ယဉ်ကျေးမှုပြတိုက်၌ ပျူဘုရင်မ "ပန်ထွာဘုရင်မ" ၏ အုတ်ဂူတည်ရာ မြေပုံကားချပ်ရှိကြောင်း ပန်ထွာဘုရင်မသည် ဧရာဝတီမြစ်တစ်ဖက်ကမ်းမှာ မြို့မတည်ဘဲ ပြည်ဘက်ခြမ်းမှာသာ နန်းစံရင်း ဒွတ္တပေါင်မင်းကြီး လက်ထက်မှာပဲ ကွယ်လွန်သွားကြောင်း သူ သက်သေပြရမည်။

သူတို့အချင်းချင်း ငြင်းခုန်မှုကအတိတ် သမိုင်းမှသည် ပစ္စုပ္ပန်ဆီ။ မယုံခဲ့ကြတာကို သက်သေပြဖို့ မင်းကိုယ်တိုင်လိုက်ပြဟု တောင်းဆိုထားကြသည်။ ထိုသက်သေမှန်ခဲ့လျှင် ခရီးစရိတ်ရော၊ တည်းစရိတ်၊ စားစရိတ်ရောအပြင် ငွေသုံးသောင်းလည်း အပိုပြန်ရမည်ဆိုပဲ၊ ဩဇာက ဒီလို လောင်းကစားလုပ်ရတာ ဝါသနာထုံသည့်သူမျိုး။

* * * * *





ဩဇာ အလောင်းအစား ဝါသနာထုံတာကို အလွန်ရွံရှာမုန်းတီးသူက မိုးပန်းပွင့်။ အခုလည်း ပြည်မြို့သို့ ခရီးသွားမည့်ကိစ္စအတွက် ပြင်းပြင်းထန်ထန် ကန့်ကွက်ထားသောကြောင့် မိုးပန်းပွင့်ဆီ နောက်တစ်ခေါက် သူ မသွားချင်ပါ။

ဩဇာအတွက်က သမိုင်းလည်းမှန် သူလည်း အမြတ်ရသည့်ကိစ္စ မပိုင်ဘဲနှင့်တော့ သူမလောင်းဝံ့ပါ။ သူဖတ်ထားသည့် မဟာရာဇဝင်စာအုပ်ကို ကိုးကားရုံမက လက်တွေ့ပါပေါင်းစပ်ပြလိုက်လျှင် သည်ပွဲမှာ သူအနိုင်ရဦးမည်ဟု ယုံကြည်နေ၏။ ဒါပေမဲ့ ခက်တာ ခရီးစရိတ် သူဝတ်ထားသည့် လက်စွပ်ကို ပေါင်ဖို့က အနီးဆုံးလူ ချိုမြိန်ပဲရှိသည်။ ထိုလက်စွပ်လောက်တော့ သူအရင်းအနှီးလုပ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို တစ်နည်းနည်းနဲ့ ပိုက်ဆံချေးဟာ အိမ်မှာ ပိုက်ဆံဘီဒိုသော့ခတ်ထားလို့ ယူလို့ကိုမရလို့ကွာ။ ဒီလိုလုပ်ပါလား၊ နင့်အိမ် ငါလိုက်ခဲ့မယ်လေ နင့်အမေဆီက ပိုက်ဆံချေးပေး၊ ဒီလက်စွပ်အပေါင်ထားမယ်"

"တော်...တော် နင်က သိပ်ပေါ့ဆဆပြောတာပဲဟယ်။ ငါ့အမေအိမ်က အပေါင်ဆိုင်မှ မဟုတ်တာဟဲ့"

"အေးပါဟာ...သိပါတယ်။ အပေါင်ဆိုင်က မြို့ထဲမှာပါ။ ပြန်လာရင်တကယ်ရွေးမှာ ဒါဆိုယုံကွာ"

"နေစမ်းပါဦး ဒီကိစ္စက ဘယ်လောက်တောင် အရေးကြီးလို့ နင်က ပြည်အထိတောင်သွားရမှာလဲ၊ အဓိပ္ပါယ်မရှိတာ။ ပြည်မှာ နင်သကြန်လည်ဖို့မဟုတ်လား၊ ဒီလောက်တော့ ငါ မအသေးပါဘူး ဩဇာ"

"လာပြန်ပြီ ဒုတိယ မိုးပန်းပွင့် ဟိုကလည်းဒီလိုပဲ စွပ်စွဲလိုက်တယ်"

"ဩ နင် မိုးပန်းပွင့်ဆီက တပ်လန်ပြီး ပြန်လာတာကိုး။ ဟိုက ဘာပြောလွှတ်လိုက်လဲ ပြော ငါ့ကိုပြော"

"ဘာပြောရမှာလဲ နင့်သူငယ်ချင်းပဲ ထုံးစံအတိုင်း စကားလုံးအကြီးကြီးတွေလေ၊ စည်းကမ်းတွေ နည်းလမ်းတွေ စာရိတ္တတွေ လောင်းကစားတွေနဲ့ ကိုင်ပေါက်ပြီး ရန်တွေ့လွှတ်တာပဲ အဖတ်တင်တယ်။ မမိုက်ပါဘူး"

စိတ်ပျက်လက်ပျက်ပြောသော ဩဇာကိုပိုစိုက်ကြည့်မိ၏။ ဘာကိုမှလည်း အလေးအနက်မထားတဲ့ ဩဇာပါလား။

"အေးပါ ဘယ်သူမှ မမိုက်ဘူး။ နင်ပဲမိုက်တာ။ နင်က ကိုယ့်မှာ





ချစ်သူ ရည်းစားရှိနေတာပဲ။ သူ့ကိုဂရုတစိုက် အလိုလိုက်ရမှာပေါ့။ သူ့စကားမှန်နေရင် သူ့စကားကို နားထောင်ပေးပေါ့"

ပြောလည်းပြော ကားဂိတ်ဖက်လမ်းလျှောက်နေသည့် ချိုမြိန်နောက်သို့ ဩဇာလိုက်လာ၏။ ဟဲ့ မလိုက်နဲ့နော်ဟု ပြောနေသည့်ကြားက ကားဂိတ်မှာ ပေရပ်နေ၏။ ကျောင်းကနေ ဆယ့်ငါးမိနစ်လောက်ကားစီးလျှင် ချိုမြိန်အိမ်ရောက်သည်။ သူ အေးအေးဆေးဆေးပဲ လိုက်လာ၏။ လေတောင်ချွန်လိုက်သေး။ အမလေး အဲဒီ လေချွန်သံကိုလည်း မိုးပန်းပွင့်က မုန်းသတဲ့။ မလွယ်ပါလား ဩဇာရယ်။

"ဟဲ့ နင်က ဘယ်ကိုလိုက်မလို့လဲ"

လိုင်းကားကြီးပေါ် လှမ်းအတက် ဟောက်လိုက်သော ချိုမြိန်ကြောင့် ဩဇာခြေလှမ်း တုံ့သွား၏။ သူမကြားချင်ယောင်ဆောင်ပြီး ချိုမြိန်ကို လက်ဆွဲ၍ ကားပေါ်တွန်းတင်လိုက်၏။ ချိုမြိန်လန့်ပြီး ဘာမှမပြောရဲတော့ပဲ ကားပေါ်မှာ ငြိမ်သက်စွာလိုက်လာခဲ့ရ၏။

ချိုမြိန် စိတ်ကျဉ်းကြပ်နေတာကိုကြည့်ပြီး ကြိတ်ရယ်နေတာ ဩဇာ။ သူက ဒီလိုပါပဲ။ ဘာကိုမှ လေးလေးနက်နက်မရှိခဲ့ပါ။ ချိုမြိန် ပြောလည်း ပြောချင်စရာ "မိုးပန်းပွင့်စိတ်နဲ့ နင်နဲ့ တခြားစီပဲဆိုတာ"

မိုးပန်းပွင့်နှင့်သူ ချစ်သူဖြစ်တာများ လွယ်နေ၍များလားမသိ။ ငယ်သူငယ်ချင်းတွေ ကျောင်းသွားရင်းလာရင်း၊ စရင်း နောက်ရင်း ချစ်သူတွေ ဖြစ်ခဲ့ကြတာပါပဲ မဟုတ်လား။ သူ တစ်ခါမှ မိုးပန်းပွင့်ကို ဂရုစိုက်ပါမည်ဟု ကတိပေးမထားပါ။ သူ့မှု သူ့ဟန်အတိုင်း စရင်း နောက်ရင်းကနေ မိုးပန်းဆီ စာပေးခဲ့မိသည်။ မိုးပန်းက ပြန်ချော စဉ်းစားသည်။ သူက စာပေးပြီး နည်းနည်းတော့ ရင်ခုန်လာသလားပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကားဂိတ်ရောက်၍ ချိုမြိန် ခပ်သွက်သွက်ဆင်းစဉ်မှာတော့ ဩဇာက ခြေတစ်လှမ်း ပိုသာနေ၏။ ချိုမြိန် အံကြိတ်ပြီး လက်သီးဆုပ် ပြ၏။

"ပိုက်ဆံမချေးဘူးနော်။ ငါပြန်လာတာ စာကျက်ချင်လို့ နင်အိမ်လိုက်ရင် ခြေညောင်း နေပူရုံပဲရှိမယ်။"

"ငါလည်း ငါ့အိမ်ပြန်တာပဲ နင်ကလည်း ပိုပြန်ပြီ"

ဩဇာ ပြုံးသည်။ သူ့အပြုံး၌ အဓိပ္ပါယ်များစွာပါ၏။ သူ့စကားအတိုင်း သူနှင့် ချိုမြိန်က တစ်ရပ်ကွက်သားတွေမို့ ဟုတ်တော့လည်း ဟုတ်နေသားဟု ချိုမြိန် အတွေးမှာပေါ်သွားမှန်း ဩဇာသိသည်။ သူတို့နှစ်ယောက် လမ်းလျှောက်နေပုံက လူရယ်စရာ။ ကြည့်လေ တစ်ယောက်က ရှေ့ကနေ သုတ်သုတ်လျှောက်သလို တစ်ယောက်ကလည်း နောက်ကနေသွက်သွက် လိုက်နေ၏။ ဘေးကမြင်ရင် ရည်းစားစကား လိုက်ပြောနေသလိုပင်။ ဩဇာကိုယ်တိုင် တွေးရင်းပြုံးမိပြန်၏။ သဘောကောင်းလှသော သူ့သူငယ်ချင်းမ ချိုမြိန်ကတော့ သူ့ဒဏ်ကို အတော်လေး ခံရှာပါသည်။

"ဟဲ့ အစောကြီးပြန်လာတယ် နေမကောင်းဘူးလား ချိုမြိန်"

"မဟုတ်...မဟုတ်ဘူးအမေ ဩဇာရယ် လိုက်လာလို့" ပြောမိပြောရာပြောရင်း ချိုမြိန် အခန်းထဲဝင်သွားတဲ့ ဒီအထိတော့ ဒီကောင်လိုက်လာရဲမှာ မဟုတ်ဘူး။ နင်လည်း ဖြစ်ချင်ရာဖြစ်တော့ ဩဇာ။ နင် အမေနဲ့သာ ကြည့်ရှင်းတော့။ တော်တော်စိတ်တိုဖို့ကောင်းတဲ့ သူငယ်ချင်းကို အမေသာကြည့်ရှင်းလိုက်ပါ အမေရယ်။ သမီးတော့ ရှင်းမပြရဲဘူး။ ပိုက်ဆံချေးတဲ့ အလုပ်ကို ဩဇာက လွယ်တယ်များ ထင်နေလားမသိပါ။





ပိုက်ဆံချေးတဲ့အလုပ်ဆိုတာ လွယ်တာမဟုတ်ဘူးဟု ချိုမြိန်က ထင်ပေမယ့် ဩဇာအတွက်ကတော့ လွယ်ကူချောမွေ့စွာ ချေးသွားနိုင်ခဲ့လေသည်။ ထိုကိစ္စအတွက် သူမက အပြစ်ရှိသော တရားခံ၏ဖြောင့်ချက်နှယ် မိုးပန်းပွင့်ကို ရှင်းပြနေရတာကိုက စိတ်ညစ်စရာကောင်းလှ၏။

"ငါ မချေးရပါဘူး မိုးပန်းရယ်။ ငါ့မှာ မုန့်ဖိုးတစ်ထောင်တောင် မနည်းရှိတာပါ။ ဩဇာက အမေ့ကိုစည်းရုံးပြီး ချေးသွားတာ မယုံရင် အမေ့ မေးကြည့်ဟယ်"

"အို နင်မတတ်နိုင်ဘူးပြောပြီးမှ သူ ပိုက်ဆံရသွားတာ ငါ သိပ်စိတ်ဆိုးတာပဲ။ ဒီပိုက်ဆံ သုံးသောင်းလောက်ကို ငါပေးနိုင်သားပဲ။ ဘာလို့ပေးရမှာလဲ။ သူ့လက်ထဲ ပိုက်ဆံရသွားရင် သကြန်တစ်တွင်းလုံး လည်တော့မှာ လျှောက်လေလွင့်လို့အားရမှ ရန်ကုန်ပြန်လာမှာ အဲဒါကို ငါမကျေနပ်ဆုံးပဲ"

ဘုရားရေ မိုးပန်းမျက်လုံးအိမ်ထဲမှာ မျက်ရည်တွေနဲ့ပါလား။ ဒီလောက်အထိဖြစ်ရသလား သူငယ်ချင်းရယ်။ နင့်သူ့ကို ဒီလောက် ချုပ်ကိုင်ချင်နေတာ အချစ်ရဲ့ ခံစားမှုတစ်ခုတည်းကြောင့်လား။ ဆိုင်ပေမယ့် မပိုင်သေးတဲ့တဝမှာ ဒီလို ဖိအားပေးတာမျိုးကို ယောကျ်ားလေးတွေ နှစ်သက်ပါ့မလား သူငယ်ချင်းရယ်။

ဘာမှ အရေးမကြီးလောက်ဘူးဟုထင်သည့် အကြောင်းအရာမျိုးကို အရေးတကြီး လုပ်တတ်သော မိုးပန်းပွင့်၏ ဟန်အတိုင်း အရာရာသည် စိတ်လှုပ်ရှားစရာတို့နှင့် ပြည့်နှက်နေတော့သည်။ ဩဇာကို ငွေ ထုတ်ပေးလိုက်၍ အမေ့ကို စိတ်ကောက်မိမတတ် ချိုမြိန်ခံစားရတာကို မိုးပန်းယုံပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ငွေချေးရတာလဲ အမေရယ်။ သမီးက အမေ့မှာလည်း မရှိဘူးလို့ ပြောထားတာ။ ဒီကောင်က တဖွတ်ထိုးလာလုပ်တိုင်း သမီးတို့က အလိုလိုက်သလို ဖြစ်နေပြီပေါ့။"

စိုးထိတ်ပူပန်မှုတွေနှင့် သူမပြောသည့် စကားတွေအား အမေက ခပ်ပြုံးပြုံးနှင့် ပြန်ရှင်းပြခဲ့လေသည်။ အမေပြောတာ ရှင်းပါသည်။

"သူက လက်စွပ်ကို အတင်းချွတ်ပေးပြီးတောင်းတာ။ အမေက မရှိဘူးလို့ ညာလည်းမပြောချင်ဘူး။ အိမ်သုံးစရိတ်ထဲက ခဏပေးလိုက်ရမှာပဲ။ သူသိပ်ဆန္ဒပြင်းပြနေတဲ့ ကိစ္စမှာ အမေသွားတားလို့လည်း ရမှာမဟုတ်ဘူး။ သူ့လက်စွပ်က တော်တော်တန်တာ။ လျှော်ရောင်းပစ်မှ မိမွေ့ဖမွေ့ကွယ် ကုန်သွားပါဦးမယ်။ ဩဇာက ကတိတည်တဲ့ကလေးပါ သမီးရယ်။ ကိုယ့်သူငယ်ချင်းကို အကောင်းမြင်စမ်းပါ"

ကဲ ဒီလိုမျိုးအမေက ပြောတယ်လို့ သူမက မိုးပန်းပွင့်ကို ရေရေရာရာ ရှင်းပြရမည်လား။ ဒေါသစိတ်ဖြင့် မူးဝေမတတ်ဖြစ်နေသော မိုးပန်းပွင့်မှာ သူမ ဝတ်ထားသည့် အနီရဲရဲလက်ပြတ် စွယ်တာလေး၏ အလှအပေါ်မှာ ခံစားခြင်းမရှိတာ သေချာနေလေ၏။

"ဟဲ့ ချိုမြိန် ဒီတစ်ချိန်ပြီးရင် ကားဂိတ်ကိုသွားမယ်။ ငါ့မှာ ကားပါလာတယ်။ ဩဇာကို ရအောင်တားမယ်။ နင်လိုက်ခဲ့ ဒါပဲ"

စာသင်ချိန်တွေ ဘယ်လိုကုန်ဆုံးသွားမှန်းမသိလိုက်။ စိတ်နှင့်ကိုယ်မကပ်။ ချိုမြိန်ဘေးမှ မိုးပန်းပွင့်၏ ဒေါသသံစဉ်များကိုသာ နားထဲ၌ စွဲနေပြီး အရုပ်တစ်ရုပ်လို လိုက်ပါခဲ့လေ၏။ "နင်လိုက်ခဲ့...ဒါပဲ" ဆိုတာနှင့် ခွေ့ကနဲပါလာရသောကြောင့် သူမကိုယ်သူမလည်း ဒေါသဖြစ်နေ၏။ ဒီနှစ်ယောက်ကြားမှာ ပုဏ္ဏားတိုင်အဖြစ် သူမရောက်နေရတာကို ဘယ်လို





ရှောင်ကွင်းရမှာပါလိမ့်။

အခုလည်း ကြည့်ပါဦး ရင်ထဲ၌ တင်းကြပ်ဆို့နင့်နေသူနှယ် မောပန်းစွာ စိတ်လှုပ်ရှားနေပေမယ့်လည်း ဒေါသကို လုံးဝမလျှော့သည့် အခါ၌ မိုးပန်းပွင့်၏ ပေါက်ကွဲရာသည် ချိုမြိန်သာဖြစ်ခဲ့ရ၏။

"နင်အခုလိုက်ခဲ့" ဆိုလည်း ခေါင်းငြိမ့်။

"နင်ကို ငါ ဒေါသထွက်တာပဲ" ဆိုလည်း ခေါင်းငြိမ့်ရယ်ပြုံး။

"နင်...သူ့ကိုမခေါ်နဲ့" ဆိုလည်း အင်းလိုက်၊ ဟုတ်ကဲ့လိုက်။ မဟုတ်သေးဘူးထင်တယ်ကွယ်။

"ဟိုရောက်ရင် ငါက ဒါဆိုဒါပဲ နင်ဘာမှမရှည်နဲ့"

ဟု ပြောလည်း အေးပါ၊ တစ်ခွန်းအပြင် ချိုမြိန် ထပ်မကွန့်ရဲ။

ထို့ကြောင့်လည်း အဝေးပြေးဂိတ်သို့ ကားမောင်းနေစဉ် တစ်လျှောက်လုံး စကားလုံးများသာ ကွဲပြားနေမည်။ လေယူလေသိမ်းသာ ခြားနားနေမည်။ အဓိပ္ပါယ်ကတော့ တစ်မျိုးတည်း အဖြေထွက်နေပါသည်။ ဩဇာကို သူမ ရအောင်ပြန်ခေါ်လာမည်ဆိုတာပါပဲ။

ကားဂိတ်ဝင်းထဲ ဝင်လာပြီဆိုကတည်းက များပြားလှသည့် အဝေးပြေး အိပ်(စ)ပတ်(စ)ကားကြီးတွေနှင့် ခရီးသည်များကို ပြာပန်းခတ်မတတ်တွေ့ရရာ စိတ်တစ်ခုတည်းနှင့် လာခဲ့ပါသော ဤနေရာမှာ မိုးပန်းပွင့်နှင့် တစိမ်းဆန်လှကြောင်း ထင်ရှားလှလေ၏။ မိုးပန်းပွင့်လက်တွေ အေးစက်လာပြီး နှာသီးဖျားနှင့် နှုတ်ခမ်းအပေါ် တစ်ဝိုက်၌ ချွေးတွေသီးလာ၏ လူကြားတိုးဝှေ့ရတာ မကြုံဖူး၍ မူးဝေလာ[...] ခြေဖျားလက်ဖျားတွေ အေးသထက်အေးလာပြီး အာငွေ့ငွေ့ပုံလာ[...] မိုးပန်းပွင့်အမူအရာကို မြင်နေရသော ချိုမြိန်သည် ကာမန်းတာ[...]



www.burmeseclassic.com

www.burmeseclassic.com



သူမလက်ဖဝါးများကို ဆုပ်လိုက်ရင်း…

"ဟင် နင့်လက်တွေ အေးလှချည်လား။ မိုးပန်း ဖျားချင်ပြီထင်တယ်။ လာလာပြန်ကြမယ်"

"လူရှုပ်တဲ့ဒဏ် ငါမခံနိုင်ဘူး ချိုမြိန်"

"နင်ကလည်းဟယ် ဒီလောက်ဒေါသကြီးရသလား ဩဇာကိုစွ ပြန်ကြရအောင်"

"အို ဘယ်ဖြစ်မလဲ ဩဇာကို ငါလွှတ်ထားလို့မဖြစ်ဘူး။ သူ့ကို အကြပ်ကိုင်မှရမှာ"

စိတ်ရှိတိုင်း မလိုက်နိုင်သည့် ခန္ဓာကိုယ်အကြောင်း မိုးပန်းပွင့် ထည့်မစဉ်းစားပါ။ သူမအာရုံက ဩဇာကိုတွေ့ရရေးသာ။ ကားဂိတ်တွေကို တစ်ခုပြီးတစ်ခု ကျော်ဖြတ်ပြီး ဩဇာ စီးမည့်ကားဂိတ်ကို ရအောင်ရှာခဲ့ကြသည်။ ကားဂိတ်မှာ လူစုံသလောက်မို့ မကြာခင် အဝေးပြေးကားကြီး ထွက်လာတော့မည်။ ထိုအချိန်မှာ အော်ဟစ်ရယ်မောနေသော ဩဇာရယ်သံကို အရင်ဆုံးကြားလိုက်ရလေ၏။ သူ့ဘေးမှာ သူနှင့် ထပ်တူ ရယ်မောနေသော သူငယ်ချင်းသုံးယောက်။ စိတ်တူ၊ ကိုယ်တူတွေထင်ပါရဲ့။ မြူးကြွသွက်လက်နေလိုက်ကြတာ။ ဘာနောက်ဆံဘာအပူအပင်မှ မရှိသည့်အတိုင်း။

"ဩဇာ"

ဆောင့်အော်လိုက်သော မိုးပန်းပွင့်အသံက အတော်ကျယ်သည်။ စိတ်ကိုထိန်းမရတော့လောက်အောင် သူမ ဒေါသဖြစ်နေ၏။ ဖြုန်းခနဲ ထိုအသံကို ကြားလိုက်ရ၍ ရယ်သံတွေတိတ်သွား၏။ ကားဂိတ်မှလူတွေ ချာခနဲ လှည့်ကြည့်ကြ၏။ ကားပေါ်ခရီးသည် အတင်အချလုပ်နေသော





စပယ်ယာတောင် လန့်ပြီးအထုတ်ပြန်ချလိုက်၏။ ခရီးသည်တွေကြားမှာ မိုးပန်းကို မြင်လိုက်ရ၍ ဩဇာတော်တော်လေးလန့်သွား၏။ မိုးပန်းပွင့်ကို သူမြင်ကတည်းက "ငါတော့ ပြဿနာတက်ပြီ" ဟု အတတ်သိလိုက်၏။

ဘေးမှာပါလာတာတော့ မိုးပန်းပွင့်၏ ငယ်နိုင် ချိုမြိန်။ ဒင်းပဲ နတ်လမ်းညွှန်လုပ်နေတာ။ နေဦးပေါ့ကွာ။ ပြဿနာကို မီးထွန်းရှာချင်တဲ့ ဟာမလေးတွေ။ ငါဘာသာ ခရီးကောင်းကောင်း မသွားရဘူး။ လိုက်နှောင့်ယှက်ပြန်ပြီဟု သူတွေးပေမယ့် မျက်နှာကိုတော့ အတင်းကာရော ပြုံးနေလိုက်၏။ မတော် မိုးပန်းပွင့်က ဘရိတ်ရှိဘာမဟုတ်ဘူး အချိုသတ်မှဖြစ်မည်။

"အော် မိုးပန်းနဲ့ ချိုမြိန် နင်တို့ဘယ်ကလာတာလဲ"

ကြည့်စမ်း ပြောပုံဆိုပေါက်က တလွဲချည်းပဲ။ ဘယ်ကလာရမှာလဲ နင့်ဆီဟု ချိုမြိန်က မေးဆတ်ပြပေမယ့် ဩဇာက မမြင်ဟန်ဆောင်လိုက်၏။

"နင့်ဆီလာတာ ဘယ်သွားမလို့လဲ ဩဇာ"

"ပြည်ဖက်ခဏပါဟာ နင်တို့ လာနှုတ်ဆက်တာလား။ ပင်ပန်းပါတယ် ပြန်….ပြန်"

ဩဇာ သူ့ပါးစပ်ထဲရှိသမျှ၊ ချော်လဲရောထိုင် လုပ်ချလိုက်ရာ၊ မိုးပန်းပွင့်မျက်နှာ ကွက်ခနဲပျက်သွားရုံမက ပြန်နှင်ထုတ်ခံရသလို ခံစားလိုက်ရလေ၏။ သူမ မကြိုက်တာ အဲဒီလိုပေါ့တီးပေါ့ဆ လုပ်တတ်တာကိုပဲ။ ဒီအချိန်မှာ သူမ ဖြစ်ချင်တာကို ဖြစ်အောင်လုပ်မည်။ ဘယ်သူ့မျက်နှာကိုမှ ထောက်စရာမလိုဟု သူမထင်သည်။



www.burmeseclassic.com

"နင် ဘယ်မှသွားစရာမလိုဘူး ဩဇာ။ အခု ငါနဲ့ပြန်လိုက်ခဲ့ ဒါပဲ"

မာကြောခက်ထန်လှသော မိုးပန်းပွင့်စကားကြောင့် ဩဇာအပါအဝင် သူငယ်ချင်းအားလုံး မျက်နှာပျက်ကုန်၏။ "ဘာလဲဟ" ဟု တစ်ယောက်ကပြော၏။

နောက်တစ်ယောက်က "အိုကြီးပဲ"ဟု ပြောသည်၊ ထိုအသံ တွေကို ချိုမြိန်ကြားဖြစ်အောင်ကြားလိုက်၏။ မျက်နှာပူပူနှင့် မိုးပန်းကို ဟဲ့ဟဲ့ ဟု တားသေး၏ မရ။

"တယ်ပိုင်ပါလား" ဟု ခပ်မာမာပြောသံဆီသို့ ဆတ်ခနဲ လှည့်ကြည့်သော မိုးပန်းပွင့်၏ စိတ်အထာအား ဩဇာလိုက်ညှိရန် ကြိုးစားပါသေး၏။ သူ ဒီအချိန်မှာ အရုက်ကွဲ၍မဖြစ်။ အသာ ငြိမ်နေပြီး

"ဟာ နင်ကလည်း" နှင့်စကားကို ဖော့ပစ်ပေမယ့် မရခဲ့။

"ဘာ ဟာလဲ၊ ဘယ်သူက ဆွယ်တရားဟောဟော။ အဲဒီခရီးကို ငါသဘောမတူဘဲ နင်လိုက်စရာမလိုဘူး။ နင်သကြန်တွင်း ဘယ်မှလည်ဖို့ စိတ်မကူးနဲ့ ငါ့အနားမှာပဲရှိရမယ် ဒါပဲ"

အသားဆတ်ဆတ်တုန်နေသော မိုးပန်းပွင့်သည် သူမပတ်ဝန်းကျင်ကိုမကြည့်ဘဲ မျက်စိစုံမှိတ်ကာ ပြောသင့်မှန်း မပြောသင့်မှန်း မသိသော စကားတွေကို ပြောချလိုက်တော့၏။ သူမစကားကြောင့် ဩဇာဘေးမှ သူငယ်ချင်းတွေက "ပတ်ရမ်းနေပြန်ပြီ"ဟု ပြောပြီး ပေစောင်းစောင်းတွေနှင့် ကားပေါ်တက်သွားကြလေတော့သည်။

သူသွားမည့်ခရီးအထိ သည်အထိ စွန့်စွန့်စားစားလိုက်လာပြီး လာရောက်တားမြစ်ရဲသည့် မိုးပန်းပွင့်၏ သတ္တိကို အံ့အားသင့်နေသလို





သူမသည်လောက် အနုစိတ်လိမ့်မည်ဟု မထင်ပါ။ ယောကျ်ားလေးတစ်ယောက်အပေါ် မပိုင်ခင်မှာပင် နိုင်ချင်စောမျှားနေသည့် မိုးပန်းပွင့်အား ဩဇာ ပညာပေးချင်လာ၏။

တစ်စုံတစ်ရာ လှုပ်ခတ်စေခြင်းဖြင့် မိုးပန်းပွင့်ချုပ်စ်လိုက်သော သူ့ယောကျ်ားသိက္ခာကို ပြန်ဆယ်ရပေမည်။

"ဟာ ဘာတွေလာပြောနေတာလဲ ငါ့ကိစ္စနဲ့ ငါသွားမယ့်ခရီး နင်လာမရမ်းနဲ့ ဒါဘာအရေးကြီးလဲ"

"အို ဘယ်သူ့အတွက် အရေးကြီးကြီးမကြီးကြီး ငါ့အတွက်အရေးကြီးတယ်။ ငါပြောနေတယ်နော် နင်နေခဲ့"

"မနေခဲ့ဘူးဟာ သွားမယ်။ ဘာလုပ်ချင်လဲ"

မိုးပန်းပွင့်ကိုကြည့်ရတာ ကမ်းမမြင်လမ်းမမြင်ပုံပင်။ သူမဆန္ဒသာ အဓိက ဘာတွေပြောနေမိမှန်းပင် မသိသည့်အခြေအနေ။

ဘေးကလိုက် လာသော ချိုမြိန်ခမျာ တားမရ ဆီးမရနှင့် စိတ်အညစ်ကြီး ညစ်နေတော့၏။ ဒေါသမာန်ဖီနေသော မိုးပန်းပွင့်ကို ဂျစ်တိုက်ပြန်ပြောသော ဩဇာကလည်း ခပ်ရွတ်ရွတ်ပင်။ လှည့်မကြည့်တဲ့ ကားပေါ်တက်မည် အလုပ်လက်မြန်လှသော မိုးပန်းပွင့်က ဩဇာကျောပိုးအိတ်ကို ဆောင့်ဆွဲမိရက်သားဖြစ်နေတော့၏။

ပြဿနာက အရုက်တရားကစသည်။ မိုးပန်းပွင့် စိတ်ရှိတိုင်း ဒေါသထွက်နေလေပြီ။ ပြဿနာသေးသေးလေးကနေ ကြီးကျယ်လာတော့ နှစ်ယောက်စလုံး အလျှော့ပေးမည့်ဟန် မပေါ်။

"နင် မိုက်ကန်းကန်းမလုပ်နဲ့နော် ဩဇာ၊ ငါ့စိတ်ကို နင်သိတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာစိတ်လဲ တော်စမ်းပါဟာ မိန်းကလေးပီပီသသ မလုပ်စမ်းပါနဲ့ နင်ပြန်ရင်အကောင်းဆုံးပဲ"

ဝိုင်းအုံကြည့်နေသော မျက်လုံးများစွာကို သြဇာ မြင်တွေ့နေရ၏။ သူ ရှက်နေသည့်အတွက် ခပ်ပေါက်ပေါက်ပြောပစ်လိုက်၏။ သူ ကျောပိုးအိတ်ကို ပြန်ဆောင့်ဆွဲလိုက်ရာ မိုးပန်းပွင့် ယိုင်ခနဲလဲကျမလိုပင်ဖြစ်သွားရှာလေ၏။ မျက်လုံးထဲမှာ ကြယ်တွေ၊ လတွေ မြင်လိုက်သလို ဝင်းခနဲ လက်ခနဲ ဖြစ်သွားပြီး ဒေါသနှင့်အရှက်တို့ စုသွားသည့်အခါ မိုးပန်းပွင့်သည် မိုးလိုမအေးပဲ ပန်းပွင့်လေးလိုလည်း မလှပ မလန်းဆန်းတော့ပေ။

ထောင်းခနဲ ဒေါသစိတ်ဖြင့် ခပ်ကျယ်ကျယ်တောက်ခေါက်လိုက်ရင်း အစွန်းရောက်စကားကို သြဇာ ကြားသာရုံပြောမိသွား၏။ သြဇာ အနားတိုးကပ်လိုက်သော သူမအသံများ အေးစက်မာကြောနေ၏။

"ကောင်းပြီ သြဇာ ငါမကျေနပ်ဘဲသွားတဲ့ခရီးမှာ နင်ဘာမှ မဖြစ်ပါစေနဲ့ ဖြစ်ရင် ငါမသနားဘူး။ ငါရယ်နေမယ်သိလား။"

"ဘာ"

"ဟယ် မိုးပန်း"

ရုတ်တရက်ပြောချပြီး ချိုမြိန်လက်ကိုဆွဲကာ သြဇာရှေ့မှ ချာခနဲ လှည့်ထွက်သွားသော မိုးပန်းပွင့်အား ဘာတုံ့ပြန်မှုမှ မလုပ်လိုက်ရသလို။ ဘာစကားမှလည်း ပြန်ကပြောလိုက်ရပေ။ သူမထင်မှတ်ထားသော နှုတ်ထွက်စကား။

သူ လုံးဝမထင်မှတ်ထားသော စကား။ သူတစ်ကိုယ်လုံး လေဟာနယ်ထဲ ရောက်သွားသည့်နှယ်။ ခရီးသွားမည့်သူတစ်ယောက်





အပေါ် သူ့ချစ်သူကောင်မလေး၏ နှုတ်ဆက်စကားက ဤမျှ ရက်စက်ရသတဲ့လား။

သြဇာတစ်ကိုယ်လုံး ပူထူသွားလိုက် အေးခနဲဖြစ်သွားလိုက်နှင့် အရှက်ကြီး ရှက်နေချိန်၌ သူမျက်စိရှေ့မှ မိုးပန်းပွင့် ပျောက်ကွယ်သွားလေ၏။

မကြာခင် ကားထွက်တော့မည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



(၃)

ကြောက်လန့်စရာ ကောင်းလှသော ထိုကြိမ်းဝါးမှုအပေါ် လုံးဝ နှောင်တရဟန်မတူသည့် မိုးပန်းသည် သူတားနေပါလျှက် ဩဇာ ခြေလှမ်း နောက်ပြန်မဆုတ်သည့်အဖြစ်ကို ကြုံလိုက်ရပြီး နောက်တစ်နေ့ မှာ အဖျားတစ်ရာ့နှစ်နှင့် အိပ်ရာထဲ ခွေလဲကျသွားတော့၏။

ဒါဟာ မိုးပန်းပွင့်ရဲ့ သင်္ကေတပါပဲ။

ဒေါ်သဖြစ်တိုင်း ဖျားတတ်သည့် သူမကို ချိုမြိန်အံ့ဩပေမယ့် မဝေဖန်ဝံ့ပါ။ သူမ ဝေဖန်လိုက်တိုင်း လွဲချော်တာချည်းပဲဟု မိုးပန်းက ပြန်ဝေဖန်မှာ စိုးလှသည်။ အသားကို ထိမိတာနှင့် ပူခြစ်တောက်နေမှန်း သိသာလှပေမယ့် မျက်လုံးများကတော့ စူးရှတောက်ပနေတာလည်း မိုးပန်းပွင့်ရဲ့ သင်္ကေတပဲလား။





ကျောင်းစာတွေကို နေ့ရောညပါ ဒိုင်ခံပြန်ကူးပေး Notes ထုတ်ပေးတာ၊ ကူးပြီးသားတွေကို အိမ်အရောက် လာပို့ရတဲ့အလုပ် အားလုံးဒိုင်ခံလုပ်ပေးနေတာ ချိုမြိန်ပဲလေ။

"အကျင့်ပါတယ်သမီး၊ မကူးပေးနဲ့ စိတ်ဓာတ်ကလည်း ပျော့ညံ့လိုက်တာ ထစ်ခနဲရှိ ဖျားပြီ၊ ထစ်ခနဲရှိ ငိုပြီ၊ ဒါမျိုး တို့က မကြိုက်ဘူး၊ ညည်းမှာ ဘာမာနမှ မရှိဘူး"

ကူးပြီးသားစာအုပ်တွေ သွားပို့သည့်နေ့မှာ အပြင်ကပြန်လာသည့် မိုးပန်းအမေက ထိုသို့ ပြင်းပြင်းထန်ထန် ဝေဖန်၏။ လှပကြော့ရှင်း ရုံမက မာထန်သော မျက်နှာပေး၊ ဝိုင်းစက်နေသည့် မျက်လုံးအလှများ အပြင် အစွမ်းကုန် ပြင်ဆင်ထားသော ခေတ်မီလွန်းသည့် မိုးပန်းပွင့် မေမေ၏ အလှအား သူမ အမြဲတမ်းငေးမောမိသည်။ ထိုအလှတွေ အားလုံး မိုးပန်းပွင့်ရသည်ဟု ချိုမြိန် မြင်သည်။ ဒါထက်မက အခုလို ဒေါသကြီးတတ်သည့် စိတ်သည်လည်း မိုးပန်းပွင့်အမေ၏ စိတ်နှင့် တစ်ထပ်တည်းကျနိုင်ပါ၏။

သမီးလုပ်သူဖျားနေတာကို ဒေါသနှင့်ပြောဆိုပြီး ပိုက်ဆံထုတ်ပစ်ချ ပေးသွားသလို "ဒါ စကော့က ဝယ်လာတာ ညည်းကြိုက်ရင်ဝတ် မကြိုက်ရင် ချိုမြိန့်ပေးလိုက်" ဆိုသည့် အင်္ကျီထုတ်ကိုလည်း ချိုမြိန် နှင့် မိုးပန်းနှစ်ယောက်ကြားသို့ ပစ်ချပေးသွားပြန်၏။

မအေကို တစ်ချက်ပဲ မော့ကြည့်ပြီး အနွေးထည်ကို ကောက်ချုတ် ကာ "မကြိုက်ဘူး"ဟု သူ့အမေကြားအောင် မိုးပန်းပွင့်လှမ်းပြောပြီး ကျောခိုင်းလျက်ကနေ ထိုအထုတ်ကိုတွန်းထုတ်ပစ်လိုက်၏။ အထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာပါမှန်းမသိဘဲ မကြိုက်ဘူးလို့ ပြောရလား မိုးပန်းရယ်။ နင့်စိတ်ချည်းပဲ။

ချိုမြိန် အသာလေးအပြင်ထွက်မည်လုပ်တော့ သူမလက်ကို ဆတ်ခနဲ ဆောင့်ဆွဲလိုက်သည့် မိုးပန်းကြောင့် ယိုင်ကျပြီး ကုတင်ဘေး ပြန်ထိုင်မိသွား၏။

ဒုန်းခနဲမြည်သည့် အခန်းတံခါးသံကို ချိုမြိန်လန့်သွား၏။ မိုးပန်း အမေက သူ့သမီးကို လှည့်မကြည့်ဘဲ တံခါးနောက်ပြန် ပိတ်သွားသည်။ သမီးဖြစ်သူ မိုးပန်းပွင့်ကလည်း အမေကို ကျောခိုင်းလျက်။ အားလုံး ဆန့်ကျင်ဖက်အနေအထား။

သူမအနေနှင့် မိုးပန်းအမေ၏ ဟန်ပန်များကို ဘယ်အချိန် တွေ့တွေ့ အသားမကျ။ အမြဲဆန်းသစ်နေ၏။ သမီးလေးဒီတစ်ယောက် ရှိတာ ဘာလို့မချစ်တာပါလိမ့်ဟု ခဏခဏတွေးမိသည်။ အမေတို့များ ချစ်တတ်လိုက်တာ။ သားသမီး သုံးယောက်ရှိတာ ဟိုတစ်ယောက်နောက် ကျလည်း ထွက်ကြို၊ ဒီတစ်ယောက်မိုးချုပ်လည်း ထွက်ကြိုနဲ့ စားသောက်လည်း ထမင်းတစ်ပိုင်းတည်းစားမှ ကျေနပ်သည်။ ဘာဖြစ် ဖြစ် ပြောပြမှ တိုင်ပင်စရာရှိတိုင်ပင် ဆွေးနွေးစရာရှိ ဆွေးနွေးနှင့် အမေနှင့် ချိုမြိန်တို့ မောင်နှမသုံးယောက်ကြားမှာ နွေးထွေးလိုက်တဲ့ မေတ္တာတရားတွေ၊ များပြားလှသည့် ပြောစရာစကားတွေ၊ ဒီအိမ်မှာ ကျတော့ ခြောက်သွေ့လွန်းလှ၏။

သည်လိုနဲ့ပင် မိုးပန်းပွင့်နှင့်သူမ နှစ်အိမ့်တစ်အိမ်ဝင်ထွက်ရင်း ကြီးပြင်းခဲ့ကြသည်ပဲ မဟုတ်ပါလား။

"ငါပြန်တော့မယ် မိုးပန်း"





ဟက်ခနဲ မရယ်ချင့်ရယ်ချင် ရယ်ချလိုက်သည့် မိုးပန်းသည် သူမ သူငယ်ချင်း ချိုမြိန့်ကို ရယ်ဖွင့်အဖော်အဖြစ် လိုအပ်နေပြီလေ။ သူမ တစ်ခုခု ပြောပြချင်နေလေပြီ။

"မကြောက်ပါနဲ့ဟ၊ ငါတို့သားအမိက မျက်နှာချင်းဆိုင်လို့ မရဘူး။ အဲဒါ ဘာဖြစ်လို့လဲသိလား၊ ဟင်းဟင်း ငါက ငါ့ဖေဖေနဲ့ တူလို့တဲ့လေ။ နင်ကြားဖူးလားဟင် အဖေနဲ့တူတဲ့ သမီးတစ်ယောက်ကို သူ့ အမေရင်းက အဖေတူသမီးမို့ မုန်းသတဲ့"

အဖျားဒဏ်ကြောင့် နီရဲနေသည့် မျက်နှာပေါ်မှ ဒေါသကြောင့် ပို၍ ပင်ပန်းနေပေမယ့် နင်မပြောပါနဲ့ဟယ်ဟု ချိုမြိန်မတားဝံ့ပါ။ ထိုစကားကို မိုးပန်းထံမှာ သူမဘယ်တုန်းကမှ မကြားရဖူးပါ။ မိုးပန်း ဆက်ပြော၏။

"ဟောဒီမျက်နှာ ဟောဒီနှုတ်ခမ်း၊ ဟော့ဒီနဖူး၊ ဟောဒီအသား အရေတွေကအစ ဖေဖေနဲ့တူလို့တဲ့။ ပြီးတော့ စာအုပ်ထဲက စာတွေ အတိုင်း အပြင်မှာနေချင်တဲ့ စိတ်ကူးယဉ်သားအဖတဲ့။ အရာရာကို အလေးအနက်တန်ဖိုးထားတာ၊ အသေးစိတ် အနုစိတ်လိုက်ခံစားတာ၊ မာနမရှိသူတွေအလုပ်တဲ့၊ စိတ်ကို မြဲ့သိပ်တတ်တာမှ မာနတဲ့။ "ဟုတ်သလား ချိုမြိန်၊ ငါ့အမေက ငါ့အဖေကို အဲသလို စွတ်စွဲဖူးတယ်။ ပြီးတော့ ပြီးတော့ ငါ့အဖေဟာ သူ့မိဘပေးစားလို့ ယူခဲ့ရတဲ့ ယောက်ျားမို့ သူမချစ်ဘူးတဲ့။ ပြီးတော့ ငါ့အဖေက သူ့လောက်လှတဲ့ မိန်းမကိုပစ်ပြီး မယားငယ်ယူသွားလို့တဲ့ ... ဟင့်အင်း ... မဟုတ်ဘူး ငါ့အဖေက မယားငယ်ယူတာ မဟုတ်ဘူး။ ငါ့အဖေက ..."

စကားတွေ ... စကားတွေ ပြန်ထစ်ငေါ့ တိုးတိမ်ပျောက်ကွယ်သွား



www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုပျောက်ကွယ်မှုထဲမှာ မိုးပန်းပွင့်၏ မျက်ရည်များမပါပါ။ မျက်ရည်စီးကြောင်းများက သူမပါးပြင်ပေါ်မှာ အလိပ့်လိုက်၊ အလိပ့်လိုက် ကျဆင်းနေ၏။ အံ့သြမှင်သက်လွန်း၍ ဘာစကားမှ မဆိုနိုင်သော ချိုမြိန်သည် မိုးပန်းပွင့်၏ မျက်ရည်စီးကြောင်းများကို ငေးမောကြည့်နေရာမှ အားနာလာကာ မျက်နှာလွှဲ၏။

ပြီးတော့ ...။

ပြီးတော့ ...။

"ငါလေ လောင်းကစားလုပ်တဲ့ သူတွေကို သိပ်မုန်းတာပဲ။ ငါလေ စည်းကမ်းမရှိတဲ့သူတွေ ကတိမတည်တဲ့သူတွေကို သိပ်မုန်းတာပဲ၊ ငါလေ ချစ်သူအများကြီးထားတဲ့သူတွေကို သိပ်မုန်းတာပဲ ... ချစ်သူဆိုတာ တစ်ယောက်တည်းထားရမှာ မဟုတ်လား ချိုမြိန် လူတွေကို ခဏခဏ ပြောင်းချစ်နေတာ ပြောင်းတွဲနေတာ အချစ်ဟုတ်လို့လား သစ္စာမရှိတာကို အချစ်မရှိတာလို့ အဓိပ္ပါယ်ပြောင်းပြောတာကိုလည်း ငါမကြိုက်ဘူး။ ဖောက်ပြန်တတ်တဲ့ စိတ်တွေကိုလည်း ငါမုန်းတယ်၊ ငါမုန်းတယ်"

"မိုးပန်း ... မငိုနဲ့လေ"

"ဘုရား ... ဘုရား မိုးပန်းမငိုနဲ့လေ။ မိုးပန်းမငိုနဲ့"ဟု ချိုမြိန် တားသည်။ တားမရ။ အိပ်ခန်းထဲမှာ မိုးပန်းနှင့် သူမ နှစ်ယောက်တည်း။ မိုးပန်း အားရပါးရ ငိုသည်။ ရှိုက်ကြီးတငင်ငိုသည်။ မိုးပန်းပွင့်ကို ချိုမြိန် ပြေးဖက်ထားရ၏။

ဒေါသဖြစ်နေသော မိုးပန်းမျက်နှာက အရူးတစ်ယောက်လို ရှေ့စကားတွေ နောက်စကားတွေ ဘာအဓိပ္ပါယ်မှန်းမသိ ပြောနေပေမယ့်





အားလုံးအဆက်အစပ်ရှိနေတာ ချိုမြိန်သိနေ၏။ ထူးခြားလှသော မိုးပန်းပွင့်၏ သင်္ကေတအားလုံးကို ချိုမြိန် တွေ့နေရ၏။

ငိုလို့အားရမှ မိုးပန်းပွင့်က ချိုမြိန်ကို လှမ်းရယ်ပြ၏။ ပြီးမှ ရုတ်တရက် လှမ်းပြောလေ၏။

"နှင်မှတ်မိသေးလား ချိုမြိန်၊ ငါတို့ရှစ်တန်းနှစ်က ရွှေတိဂုံဘုရားဖူးရင်း ငါ့အဖေနဲ့ဆုံတာလေ"

ရှစ်တန်းနှစ် ... ထိုနှစ်က ရှစ်တန်းစာမေးပွဲပြီးလို့ ချိုမြိန်တို့သူငယ်ချင်းတွေစုပြီး ဘုရားသွားကြသည်။ မိုးပန်းပွင့်လည်း ပါ၏။ မိုးပန်းပွင့်က သူမ မွေးနေ့နာမ်မှာ ရေသပ္ပါယ်သည်။ ပုတီးစိတ်သည်။ တကယ့်အပျိုမကြီးဟန်နှင့် လေးလေးနက်နက်။ ချိုမြိန်ကတော့ တဟေးဟေး တဟားဟား ကျောင်းပိတ်လိုက်ပြီမို့ ရုပ်ရှင်ကြည့်ဖို့နှင့် လျှောက်လည်ကြဖို့သာတွေးရင်း ဘုရားကို ကဆုန်ပေါက်ကန်တော့နေ၏။ ထိုနေ့က ဘုရားမှာ မိုးပန်းပွင့် အဖေနှင့်ဆုံ၏။ တစ်ယောက်တည်းတော့ မဟုတ်။ ဘေးမှာ အမျိုးသမီးတစ်ယောက်နှင့် ပြီးတော့ ချစ်စရာကလေးလေးတစ်ယောက် ဖြူနီးခနဲ သားအဖနှစ်ယောက် ဆုံမိသည့်အချိန်မှာ မိုးပန်းပွင့်စိတ်ကူးထားသော ပြကွက်သည် ရုပ်ရှင်ထဲကအတိုင်း မဖြစ်ခဲ့။ ကွဲကွာနေတဲ့ ဖခင်ကို မြင်တာနှင့် ပျော်သွားပြီး ခုန်ပေါက်ဝမ်းသာရင် ဝမ်းသာ၊ ဒါမှမဟုတ် ဝမ်းပမ်းတနည်း ငိုကြွေးချင်ငိုကြွေး၊ ပြီးတော့ ဖက်ရမ်းနမ်းရှုတ်ပြီး အလွမ်းသယ် ဒါပဲမဟုတ်လား။

သို့သော် မိုးပန်းပွင့်တို့ သားအဖက တွေ့တွေ့ချင်း ...

"ဩော် ... သမီး"

"ဩော် ... ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဘာပြောရမှန်းမသိ ကြောင်အမ်းအမ်းနေကြတာ တစ်မိနစ်လောက်။ ပြီးမှ မိုးပန်းဖေဖေက

နေကောင်းလားသမီးတဲ့၊ ဘယ်နှတန်း ရောက်ပြီလဲတဲ့။
မတွေ့တာတောင်ကြာပြီတဲ့။ သမီးက လှလာသားပဲတဲ့။
ဒါ မောင့်သမီးလေးတဲ့။
သမီးဖွားဖွားဆီ လာလည်ဦးလေတဲ့။
သမီးမောင်လေးတောင် သုံးနှစ်ရှိပြီတဲ့။
ဒီတော့ မိုးပန်းက
"ဟုတ်ကဲ့ဖေဖေ ဖေဖေရော နေကောင်းလား၊
ဖွားဖွားနဲ့ မတွေ့တာ ငါးနှစ်တောင်ရှိပြီထင်တယ် ဖေဖေ။
ဖေဖေ ရန်ကုန်ပြန်ပြောင်းလာတာ သမီးမသိဘူး။
သမီးတို့ ခြံရောင်းလိုက်ပြီ ဖေဖေ"တဲ့။

"သွားမယ်နော် သမီး ...။ စာကြိုးစားနော်"

"ဟုတ်ကဲ့ ဖေဖေ"နှင့် ပြီးဆုံးသွားခဲ့၏။ အဲဒါ ချိုမြိန် ပထမဆုံး သိလိုက်ရသည့် မိုးပန်းပွင့်တို့ မိသားစုအကြောင်းပါပဲ။

"အဲဒီတုန်းက ညကျတော့ ငါဖျားပြီး သတိလစ်သွားတယ်တဲ့ ချိုမြိန် အိပ်မက်ထဲမှာ ငါ့ဖေဖေက ငိုနေတယ်။ ငါကလည်း ငိုနေတယ်တဲ့။ အပြင်မှာ ငါမငိုဘူးလေဟယ် ..."

မှတ်မိသေးသည်။ အဲဒီနေ့က မိုးပန်းပွင့်တစ်ယောက် ဘုရားပေါ်က ဆင်းကတည်းက စကားမပြောတော့ပေ။ ငြိမ်ငြိမ်သက်သက် ဖြစ်သွားခဲ့ကြ၏။ မပြုံးပဲနှင့် တစ်လမ်းလုံးပါလာခဲ့ပြီး နောက်နေ့အဖျားကြီးလို့



ဆေးရုံရောက်တာကို မှတ်မိ၏။ နောက် ပါရာတိုက်ဖိုက်လိုလိုဖြစ်ပြီး ဆေးရုံတစ်ပတ်လောက် တက်ရ၏။

နောက်တော့ မိုးပန်းပွင့် မေမေက ဘယ်လမ်းမှ မလွှတ်တော့၊ သူမကို အရွယ်ရောက်ပြီဟုဆိုကာ စတင် ပညတ်ချက်တွေထုတ်ပြန်လာခဲ့၏။ ဘယ်မသွားရ၊ ဘယ်မလာရ။ ဘယ်သူနှင့် မတွေ့ရ။ ဖုန်းမဆက်ရပေ။

"အဲဒီတုန်းက ငါက ငါ့ဖေဖေကို သိပ်ဖက်ထားချင်တာ။ ငါ့ဖေဖေက ငါ့ကို သိပ်ချစ်ခဲ့တာ ငါအသိဆုံးလေ။ ငါ့ဖေဖေကို ငါ့မေမေက ဖောက်ပြန်ရေးသမားတဲ့။ သစ္စာဖောက်တဲ့။ လူ့ဘော်ကြော့တဲ့၊ အစွမ်းအစမရှိတဲ့သူတဲ့၊ ငါက ဖေဖေ့ကို မုန်းရမယ်တဲ့၊ ဖေဖေက နောက်မိန်းမယူသွားတာတဲ့။ အဲဒီ ကလေးလေးက သူစိမ်းတဲ့ ငါနဲ့ ဘာမှမတော်ဘူးတဲ့"

မေမေ့ရဲ့ စွတ်စွဲချက်များစွာနှင့် အသက်ရှင်ခဲ့ပုံရသော ဖေဖေသည် မေမေ့ အိမ်ပေါ်က အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့် ဆင်းသွားကတည်းက "လွတ်လပ်ပြီ"ဟုများ အော်ဟစ်မြည်တမ်းသွားလေရော့မသိ။ အေးချမ်းနေသည့် ဖေဖေ့ဘဝကို မိုးပန်းပွင့် မြင်ခဲ့ရသည်။ ဒါကို ညာပစ်လိုက်ရမလား။ မညာနိုင်ခဲ့ပါ။

ဒါပေမယ့် ထိုမြင်ကွင်းကို သူမ မေ့လိုခဲ့၍ ဖျားပစ်လိုက်သည်။ သတိလစ် ပစ်လိုက်သည်။ အိပ်မက်ထဲမှာ ငိုပစ်လိုက်သည်။ နောက်တော့ ထိုအကြောင်း သူမ မသိချင်တော့။ ဖေဖေ့ဆီ ဖုန်းမဆက်တော့။ ဖေဖေ့အကြောင်း မပြောတော့တာ နှစ်တောင် ငါးနှစ်မကတော့။

အခုဘာလို့ ပြန်ပြောသလဲ။ ဘာလို့ ပြန်သတိရသလဲ။ မိုးပန်းပွင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာကို ဝန်ခံချင်၏။

"အဲဒီတုန်းက ငါ့စိတ်ထဲက ဖေဖေ့ကို လှမ်းပြောခဲ့တယ်သိလား ချိုမြိန်။ ဖေဖေ့ကို သိပ်မုန်းတယ်လို့။ ငါ့ထက် သူ့သားလေးကို ပိုချစ်မှာ ငါ စိုးရိမ်နေတယ်။ ငါ့မောင်လေးဆိုတဲ့ ကောင်လေးကိုလည်း ငါ သိပ်မုန်းနေတယ်။ ဖေဖေနဲ့ သူ့မိသားစုကို မတွေ့ချင်ဘူးလို့ ငါ့စိတ်ထဲက အော်ပြောခဲ့တာ"

သည်လို စိတ်ထဲက အော်ပြောခဲ့တာကို သူမ ဘယ်သူ့ကိုမှ မပြောပြခဲ့။ စိတ်ကို မြို့သိပ်တတ်တာမှ မာနဆိုရင် ဒါမာနပေါ့ မေမေ။ မိုးပန်းပွင့် အမုန်းက ဘယ်အထိ ခရီးရောက်ခဲ့သည် မဆိုနိုင်။ ထိုကတည်းက သူမနှင့် ဖေဖေ ပြန်မဆုံတော့ ကြားတာကတော့ ဖေဖေတို့ မိသားစု နိုင်ငံခြား အပြီးပြောင်းသွားကြသတဲ့။ ဟိုမှာ အဆင်ပြေနေသတဲ့။ ဒါပေမဲ့ သူ့သမီး မိုးပန်းကို လွမ်းသတဲ့။ သတိရသတဲ့။

"နင်ဘာပြောချင်တာလဲ မိုးပန်းရယ် ... နင်"

ချိုမြိန် လန့်လာ၏။ မိုးပန်းပွင့်က သူမ မကျေနပ်တာကို မကျေနပ်သလို သည်နည်းနှင့် တုံ့ပြန်တတ်သူလား။

"ဟုတ်တယ်။ ငါပြောချင်တာဒါပဲ။ ငါမကျေနပ်ရင် ငါ့ကို စိတ်ဒုက္ခပေးရင် ငါခံစားရအောင်လုပ်ရင် တစ်ဖက်လူကိုလည်း ငါ့လို ပြန်ခံစားစေရမယ်"

"ဟင် ဒါဆို ... သြဇာ"

မိုးပန်း ရယ်နေ၏။ ထိုအရယ်မှာ မျက်ရည်တွေနှင့်။

* * * * *





(၄)

"ဘာဖြစ်တယ်၊ သြဇာ လက်ကျိုးလို့ ဟုတ်လား"

"သူများမြို့မှာ ရန်ဖြစ်ကြလို့တဲ့လား၊ ဘုရားရေ ဖြစ်ရမယ်"

"ဘယ်မှာလဲ ရန်ကုန်ပြန်ရောက်ပြီလား၊ အေးအေး ငါတို့ လာခဲ့မယ်"

တိုက်တိုက်ဆိုင်ဆိုင် မိုးပန်းပွင့်အိမ်က ပြန်ရောက်ရောက်ချင်း လမ်းထိပ်ကုန်စုံဆိုင်က ချိုမြိန်တယ်လီဖုန်းဟု လှမ်းအော်၏ ချိုမြိန့်စိတ်ထဲ မိုးပန်းထပ်ဆက်တာပဲဟု ထင်၏။ ဆေးတိုက်ပြီး မိုးပန်းကို အိပ်ခိုင်းပြီးမှ သူမပြန်လာခဲ့ခြင်းဖြစ်သည်။ မိုးပန်း သိပ်ပင်ပန်းနေပြီဟု ချိုမြိန် ပြောခဲ့သည်။ ဒါပေမဲ့ သူမ မိုးပန်းပွင့်ကို ကြောက်တော့ ကြောက်နေ၏။ သြဇာအပေါ် စိတ်ကွက်သွားသော မိုးပန်း၏စိတ်ကို သူမကြောက်နေသည်က အမှန်ပင်။ ထိုအချိန်မှာမှ သြဇာ လက်ကျိုးသွားသတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



"အမေ ... အမေ ဩဇာရယ်လေ"

အိမ်ပေါ်ပြေးတက်လာရင်း အမေ့ကို အရင်ဆုံးပြောလိုက်တာက ဩဇာ လက်ကျိုးသွားခြင်း။ နောက် ဒုတိယပြောမိတာက ကားဂိတ်မှာ အဝေးပြေးကားဂိတ်မှာ ...။

"မိုးပန်းကလေ ဩဇာကိုပြောတယ်။ ငါမကျေနပ်ဘဲ သွားတဲ့ခရီးမှာ နင် ဘာမှမဖြစ်စေနဲ့တဲ့"

"အို ဘုရား ဘုရား ဒီကလေးမလေးနှယ် ... ဒီလိုပဲ ပြောရသလား။ မပြောကောင်းမဆိုကောင်း ကံကောင်းလို့ပေါ့။ ဒီလောက်နဲ့ပြီးတာ"

ချိုမြိန့်အမေ ရင်ပတ်စည်တီးပြီး ဆက်မေးတော့သည်။

"မိုးပန်းပွင့်ကရော ဘာဖြစ်လို့ ဒီလောက် ဖျားသွားရတာလဲ သမီးရယ်"

အမေ မမေးလျှင် ဖြေရန်အကြောင်းမရှိပေမယ့် အမေမေးလာသည့် အခါမှာတော့ သူအမှန်အတိုင်းပဲ ပြောလိုက်သည်။

"မိုးပန်းက သိပ်ဒေါသကြီးရင် ဖျားတတ်တယ်"

"သိပ်ဒေါသကြီးရင်"

ချိုမြိန့်အမေ သဘောပေါက်သွားခဲ့လေသည်။ ထိုကလေးမလေး ဘာဖြစ်နေတာလဲဆိုတာ ချိုမြိန် နားမလည်နိုင်တာမှန်သမျှ အမေ့ကို မေးမိပြန်၏။

"အမေ မိုးပန်းတို့ မိသားစုအကြောင်း သိလား"

ဘယ်တုန်းကမှ သူများမိသားစုအကြောင်း မမေးခဲ့သော ချိုမြိန့်ကို အမေ တအံ့တဩကြည့်သည်။ ပြီးမှ သက်ပြင်းချ၏။ ထိုညက ချိုမြိန်





တို့ သားအမိ တော်တော်နှင့် မအိပ်ဖြစ်ကြ။ အမေပြောပြသော မိုးပန်းပွင့်၏သကော်တများသည် ချိုမြိန့် သူငယ်ချင်း မိသားစု၏ ပုံရိပ်များပဲ မဟုတ်လား။

"အတွေးအခေါ် အယူအဆ မတူညီလို့ လမ်းခွဲကြတယ်ပဲထား ... ဘယ်လမ်းခွဲမှုကမှအားလုံးကို မအေးချမ်းစေဘူး သမီး။ လမ်းခွဲကြရတဲ့ ကာယကံရှင်တွေ ကိုယ်တိုင်ခံစားရတာပဲ။ ပူလောင်စေတယ်။ မငြိမ်းချမ်းနိုင်ဘူး။ မိုးပန်းရဲ့ဖေဖေနဲ့ သမီးတို့ဖေဖေက သူငယ်ချင်းတွေလေ။ သမီးတို့ဖေဖေက သူ့ယုံကြည်ချက်အတိုင်း ကျောင်းဆရာဝင်လုပ်တယ်။ အဲဒီတုန်းက ကျောင်းဆရာဝင်ငွေက ဘယ်လောက်ရမှာလဲ။ တပည့်မရှား၊ တစ်ပြားမရှိ၊ အားရှိပါ၏ပေါ့ကွယ်။ မြို့စွန်ရပ်ကွက် အလယ်တန်းကျောင်းမှာ ဝတ္ထုထဲက ဇာတ်ကောင်လိုပေါ့။ ဟော မိုးပန်း အဖေကတော့ အရာရှိကြီးသားပါ။ ပြည့်ပြည့်စုံစုံနဲ့ စာတွေနင်းကန်ဖတ်ထားတဲ့ ဗဟုသုတကြွယ်ဝတဲ့သူပေါ့။ ကမ္ဘာအရေး ဘာအရေး အကုန်သိပြီး သမီးဖေဖေရဲ့ ရဲဘော်ရဲဖက် ငယ်သူငယ်ချင်းပေါ့။ ဖြစ်ချင်တော့ မေမေနေတဲ့ ရပ်ကွက်က ကျူးကျော်ရပ်ကွက်ဆိုတော့ ဖျက်ရတယ်။ မြို့စွန်ရွှေ့ရတယ်။

အဲဒီမှာ မိုးပန်းအဖေက လာခေါ်ပြီး သူတို့ပိုင်နေတဲ့ ဟောဒီခြံလေးကို အကြွေးစနစ်နဲ့ ရောင်းတယ်။ အမေ စက်ချုပ်နေလို့ ရတဲ့ ငွေလေးတွေရယ် သမီးအဖေ ခြစ်ခြစ်ကုတ်ကုတ် စုထားတာလေးတွေရယ်နဲ့ ဒီအိမ်လေးအဖတ်တင်အောင် အလကားနီးပါးပေးခဲ့တယ်။ သမီးတို့ ငယ်ငယ်ကဆို ကားနဲ့တောင် ကျောင်းပို့ကျောင်းကြို လုပ်ပေးတဲ့အထိ ကူညီခဲ့တယ်။ ထောက်ပံ့တယ်။ သမီးတို့ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ဆို အင်္ကျီတောင် ဆင်တူဝယ်ပေးတဲ့အထိပဲ။ အဲဒီ ကျေးဇူးတွေ အများကြီးရှိတယ်"

မေမေပြောသမျှ ချိုမြိန် ပြန်မြင်မိသည်။ မိုးပန်းတို့အဖေက သူမတို့နေသော ကျူးကျော်ရပ်ကွက်လေးသို့ မကြာခဏလာလည်တတ်သလို စားစရာများလည်း ယူလာပေးတတ်သည်။ နောက်တော့ အခုနေသည့် အိမ်သို့ရောက်လာကြပြီး ချိုမြိန်တို့အဖေဆုံးသည်အထိ ကူညီစောင့်ရှောက်ခဲ့သည်။ အဖေနှလုံးရောဂါနှင့် ရုတ်တရက်ဆုံးတော့ အားမငယ်ဖို့ အားပေးခဲ့တာလည်း မိုးပန်းတို့ဖေဖေပါပဲ။

ချိုမြိန်တို့ အိမ်နှင့်ကပ်လျက်ခြံကြီးကို ရုတ်တရက်ရောင်းပြီး ပြောင်းသွားကြသည်။ အမွေခွဲတာဟုကြားပြီး မိုးပန်းက သူ့မေမေနှင့် တစ်ခြံခွဲနေကာ မိုးပန်း ဖေဖေက ဘယ်ပျောက်သွားမှန်း မသိတော့။

နောက်တော့ မိုးပန်းမေမေနှင့် ဖေဖေ လမ်းခွဲလိုက်ကြသည်တဲ့။

"မိုးပန်းဖေဖေ ကိုကိုထွန်းက စိတ်ပျော့တယ်၊ အားနာတတ်တယ် ထင်ရပေမယ့် အမှန်တော့ သူက သူ့ကို စော်ကားတယ်လို့ ယူဆပြီး သူ့မာန သူ့သိက္ခာကို ထိခိုက်တယ်ဆိုပြီး အိမ်ပေါ်ကဆင်းသွားတာ။ မေမေသိတာတော့ သူ့ဝါသနာ သူ့ဇီဇကို သူချိုးနှိမ်တာ သူ့ကို စော်ကားတာပဲ။ မိုးပန်းမေမေ ခင်မိုးအေးက ထက်တယ်။ လျှင်တယ်။ စီးပွားရေးအကွက်မြင်တယ်။ နဂိုက သူဌေးသမီး ငွေရှာတတ်တယ်။ ဒါပေမဲ့ သူ့ရှေ့မှာ ဘာအနုပညာအကြောင်းမှ သွားမပြောနဲ့ မရဘူး။ မေမေတို့ အိမ်လေးမှာ တစ်ခါလာသောင်းကျန်းဖူးတယ်လေ။ မှတ်မိသေးရဲ့"

အဲဒီတုန်းက ကိုကိုထွန်းက သူ့ကြိုက်သည့် ကဗျာလေးတစ်ပုဒ်ကို





မီးရောင်မှိန်မှိန်အောက်မှာ ရွတ်ပြနေသည့်အချိန်။ ချိုမြိန်ဖေဖေကလည်း အာဘောင်အာရင်းသန်သန်နှင့် သူ့ဆေးပေါ့လိပ်ကို အားရပါးရဖွာရင်း ထိုကဗျာကို ဘယ်လောက်ကောင်းကြောင်း ချီးကျူးနေသည့်အချိန် ရောက်လာပြီး ရန်တွေ့သွားခဲ့ဖူး၏။ သည်တုန်းက ကိုကိုထွန်းခမျာ ရှက်လွန်းလို့ မျက်ရည်ကျသတဲ့။

"ပြောရရင် ပန်းချီဆရာကို ပန်းချီမဆွဲရလို့ ပိတ်ပင်ခွင့်မရှိသလို ကဗျာဆရာ ကဗျာရွတ်တာ အပြစ်မှ မဟုတ်ဘဲကွယ်။ ပိုက်ဆံရှိတဲ့သူက အနုပညာသမား မဖြစ်ရတော့ဘူးတဲ့လားလို့ ကိုကိုထွန်းက ပြောဖူးတယ်။ ဘောင်းဘီရှည်နဲ့ နက်ခ်တိုင်နဲ့ ဟိုတယ်ကြီးတစ်ခုမှာ သူ့သမီးလေး မွေးနေ့မျိုးမှာ နိုင်ငံတကာ ကဗျာရှည်တစ်ပုဒ်လောက် ရွတ်ပြချင်တယ်ဗျာလို့ သမီးအဖေကို ပြောဖူးတဲ့နေ့မှာပဲ သူတို့ လင်မယား လမ်းခွဲသွားကြတယ်။ အဲဒါလည်း ခင်မိုးအေး ဒေါသကြီးလွန်းပြီး နှင်ချလို့ပေါ့ကွယ်"

အဲဒီနောက်မှာတော့ ချိုမြိန်တို့ ကြားသိမြင်တွေ့ရသည့် အဖြစ်အပျက်များပင်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



"ဩဇာ အခုလို ငါ့ကြောင့် သူ့သူငယ်ချင်းတွေက စွပ်စွဲတယ်၊ ချိုမြိန်၊ ငါရယ်နေလိုက်တယ်။ ငါ့ကြောင့်လို့ မထင်မှာတောင် ငါက စိုးရိမ်နေတာ"

တစ်ဖက်စွန်းသိပ်ရောက်လွန်းနေပြီဖြစ်သော သူငယ်ချင်းကို မည်သို့ နှစ်သိမ့်စည်းရုံးရမှန်း မသိတော့လောက်အောင် စိတ်ရှုပ်ထွေးရပါသည်။ မိုးပန်းပွင့်နှင့် ဩဇာဇာတ်လမ်းက မထင်မှတ်ဘဲ ကြီးကျယ်သွားရလေပြီ။

"ငါ ဆေးရုံလိုက်သွားသေးတယ်။ ဩဇာညီက ပေစောင်းစောင်းနဲ့ ဘုတောလွှတ်တယ်။ အို ငါကလည်း ပြန်ပြောခဲ့တယ်သိလား"

"ဘာပြန်ပြောခဲ့လဲ မိုးပန်း"

"နည်းတောင်နည်းသေးတယ်လို့ နင့်အစ်ကိုနဲ့ ငါ ပြတ်ပြီလို့





ထပ်ပြောခဲ့တယ်"

"နင်အဲသလိုပြောတော့ သူ့ညီလေးက ဘာပြန်ပြောသလဲ"

စကားလုံး အတိမ်အနက်ကို စဉ်းစားခြင်းမရှိဘဲ အနိုင်ယူပြီး ပြောချခဲ့သော မိုးပန်းပွင့် ချိုမြိန်ရင်ပူရပြန်ပြီ။ ဩဇာညီလေးက နဂိုကမှ မာကြောကြောလေး။ သူတို့က အစ်ကိုကို ရိုသေကြသည်။ မိုးပန်းပွင့်ဖက်က ဤသို့ ဆက်ဆံမှုကို ဩဇာညီလေး ခံစားနိုင်မည်မဟုတ်ပါ။

"အမယ် သူကလည်း အလာကြီးပါလား။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့အစ်ကိုကို ခင်ဗျားလိုမိန်းမမျိုးနဲ့ သဘောမတူပါဘူးတဲ့ ပြတ်တာ နောက်တောင်ကျသေးတယ်တဲ့၊ ဟယ် ငါလေ အသား ဆတ်ဆတ်တုန်တယ်။ အဲဒီကောင်လေးကို ဆွဲကုတ်ပစ်ချင်စိတ်ကိုပေါက် တယ်... တောက်"

ပြောရင်းနှင့်ကို ဒေါသထွက်လာသော မိုးပန်းပွင့်မျက်နှာသည် နီမြန်းလာလေ၏။ မျက်ရည်တွေဝဲပြီး ရှက်နေသော မိုးပန်းပွင့်သည် သူမ၏ လုပ်ဆောင်ချက်များကို ဝေဖန်ပိုင်းခြားရန် သတိရခြင်းမရှိတော့ဘဲ ခပ်အက်အက်ရယ်ချလိုက်၏။ ထိုအချိန်မှာ မိုးပန်းပွင့်၏ ကားလေးက ချိုမြိန်အိမ်ရှေ့ရောက်လာ၏။ ငါလိုက်ပို့မယ်ဆိုပြီး ကျောင်းမှ အတူတူ ပြန်လာသော သူငယ်ချင်းအား အိမ်ပေါ်တက်ပါဦးလားဟုပင် မခေါ်ဖြစ်တော့။

ချိုမြိန်တို့ ပြန်လာတာကိုအိမ်ထဲက လှမ်းမြင်သောအမေက ချက်ချင်းဆိုသလို ထွက်လာပြီး နှုတ်ဆက်၏။ ခြံဝမှ ပြုံးပင်မပြုံးနိုင်ဘဲ ငိုင်ငိုင်တွေတွေရပ်ကျန်ခဲ့သော ချိုမြိန်သည် တစ်လမ်းလုံးပြောလာသော မိုးပန်းပွင့်စကားများထဲမှာ တစ်ချို့ကို အမေ့ကို ပြန်ပြောဖို့ပင်မေ့ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရင်ဖွင့်ဖော်သူငယ်ချင်းကို ခံစားချက်ပြောရတာတောင် မောနေလေပြီ။

"ရှေးရိုးစွဲတယ်ပဲပြောပြော ငါကသူ့ကို လက်ထပ်ဖို့အထိ ရည်ရွယ်တာ ချိုမြိန်။ ချစ်သူနဲ့ လက်ထပ်သူတစ်ယောက်တည်းပဲဆိုတဲ့ မူက ငါ့မူပဲ။ ငါ့အသက်နှစ်ဆယ်မှာ ဆုံးဖြတ်တဲ့ ဆုံးဖြတ်ချက်ဟာ အခုမှ ပထမဆုံးဖြစ်တာမှတ်လို့လား ဟင်း...ဟင်း ငါ့အဖေနဲ့ ငါ့အမေ အိမ်ထောင်ကွဲသွားတဲ့နေ့ကစပြီး ဆုံးဖြတ်ထားတာ" အံကြိတ်ပြီး မိုးပန်းပွင့်ပြောသော စကားက တနင့်တပိုးရှိလှ၏။

ငါ့အဖေက ငါ့အမေကို မချစ်တဲ့ မိဘသဘောတူလို့ လက်ထပ်ခဲ့တာတဲ့။ အဲသလိုပဲ ငါ့အမေကလည်း အချစ်က ဘဝရဲ့အရံသဘောပါပဲတဲ့။ လင်မယားဆိုတာအချိန်မရွေး ကွဲနိုင်တယ်တဲ့။ ကြည့်စမ်း ဘာဖလော်ဆော်ဖီတွေလဲ ငါလက်မခံနိုင်ဘူး။ ငါမုန်းတဲ့စကားတွေ သူတို့ပြောခဲ့ကြတယ်။ ငါ့ကို အလယ်ခေါင်မှာထားပြီး ရန်သူတွေကို အော်ကြဟစ်ကြနဲ့ ရန်ဖြစ်ကြတယ်။ အဲဒါတွေက ငါ့ရဲ့ စိတ်ဒဏ်ရာတွေပဲ ချိုမြိန်။ ငါမကျေနပ်ဘူးသိလား။ ဒါပညာတတ်တွေရဲ့ ဆုံးဖြတ်ချက်အမှားတွေ၊ ပြုမူမှုအမှားတွေ၊ ငါသိပ်မုန်းတဲ့ အမှားတွေပေါ့" ထိုမကျေနပ်မှုတွေက ဘယ်အထိရှေ့ခရီးဆက်ခဲ့သည်ဆိုတာကိုဖြင့် ကာယကံရှင် မိုးပန်းပွင့်မှလွဲ၍ မည်သူမှ မသိနိုင်ပါလေ။

"အမှားဆိုတာ ငါ့ဘဝမှာ မရှိရဘူး။ ငါရွေးချယ်ခွင့်မရဘဲ တော်စပ်တဲ့ ငါ့မိဘနှစ်ယောက်စလုံးက ငါ့ကို ထည့်မတွက်ကြဘူးလေ။ စားဖို့ နေဖို့ ဝတ်ဖို့အပြင် ကားတစ်စီးပေးပြီး ငွေတွေပုံပေးပြီး ထင်သလို နေခွင့်ပေးတာကိုလည်း ငါမကြိုက်ဘူး။ ဂုဏ်သိက္ခာ ဂုဏ်သိက္ခာလို့ ပြောပြီး ငါ့ဖေဖေ နောက်မိန်းမယူသွားတယ်။ ငါ့မေမေ



ကတော့ မိတ်ဆွေများဆိုပြီး ယောကျ်ားတွေနဲ့ တွဲသွားတွဲလာလုပ်တယ်။ ငါ မကြိုက်မုန်းသိတော့ သမီးရှေ့ရေးအတွက် စီးပွားရေးလုပ်နေတာတဲ့ မေမေက ယောကျ်ားထပ်ယူဖို့ အစီအစဉ်မရှိပါဘူးလို့ ပြောင်ဖွင့်ပြောပြီးမှ တွဲချင်ရာတွဲ နေချင်သလိုနေတယ်။ ငါဘယ်လိုတားလို့ရမှာလဲ ငါက သမီးလေ"

"မငိုပါနဲ့ မိုးပန်းရယ်"

ရှိုက်ရှိုက်ငိုရင်း ဗလုံးဗထွေးပြောနေသော မိုးပန်းပွင့်သည် သူမ၏ ရင်ဖွင့်ဖော် ချိုမြိန်ရှေ့၌ မရှက်မကြောက် ငိုပစ်လိုက်လေ၏။ တက္ကသိုလ်၏ အရိပ်အငွေ့တို့ အမြဲလွှမ်းနေသော အင်းလျားသို့ သူမတို့နှစ်ယောက် ရောက်နေကြ၏။ မိုးပန်းပွင့်၏ စရိုက်သဘောက ရှေးရိုးစွဲများ ဆန်လေရော့ထင်။ သူမတို့ယခုတက်နေသော တက္ကသိုလ်ကို သူမက သူမဖတ်ထားသော ဝတ္ထုများထဲမှာ မြကျွန်းညိုမဟုတ်ခဲ့ဟု ဆိုလေသည်။ ခေတ်ဘယ်လောက်ရှေ့ရောက်ရောက် ဂန္ထဝင်တက္ကသိုလ်ရိပ်မှာ မိုးပန်းပွင့်က ကံ့ကော်ရနံ့ ရှူရှိုက်ချင်လေသည်တဲ့။

တစ်ခါတလေ မိုးပန်းပွင့်သည် သူမကိုယ်သူမ ဝတ္ထုထဲက ဇာတ်ကောင်တွေအတိုင်း ပြုမူနေထိုင်နေမှန်းမသိဘဲ နေထိုင်နေလေ၏။ မိုးပန်းပွင့်ကို ချိုမြိန်ဘယ်လိုချော့ရပါ့။

"လူမြင်ကွင်းကြီး မိုးပန်းရယ် နင့်ခံစားချက်တွေကို ငါနားလည်ပေးနိုင်ပါတယ်။ ငိုစရာရှိရင် နင့်ကားထဲသွားငိုကြမယ်လာ"

"ဟင့်အင်း ရတယ် ငါဘယ်သူ့ကိုမှ မရှက်ဘူး။ ငါ့ကိုယ်[illegible] ရှက်တယ်။ ငါက နင်တို့လိုဘာလို့စိတ်မချမ်းသာရတာလဲ[illegible] အဖေနဲ့အမေနဲ့ ထမင်းလက်ဆုံစားချင်တာပေါ့ဟယ်။ ငါ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ထဲက မိသားစုထမင်းဝိုင်းမစားဖူးဘူး"

တိမ်ဝင်သွားသည့် မိုးပန်းပွင့်အသံကြောင့် ချိုမြိန် မျက်ရည်ဝဲရလေသည်။

ဘာကြောင့်များသည်လောက် သည်းသည်းထန်ထန် ငိုရပါသလဲ သူငယ်ချင်းရယ်။ မင်းခံစားချက်အမှန်က ဘာလဲကွယ်။ မိဘအတွက် ငိုတာများမဟုတ်ရဲ့လား။ ကျတဲ့မျက်ရည်တွေက သူမရဲ့ နှလုံးသားကြေမွလို့ ယိုစီးကျလာတဲ့သွေးမျက်ရည်စတွေများလား။ ဩဇာနှင့်သူမပြဿနာ၏ သမိုင်းကို သည်နေ့သည်နေရာမှာ အဆုံးသတ်ဖို့ မျက်ရည်တွေ သွန်ချနေတာ များလား။ စိတ်ထဲမှာ ခံစားရတာကို အကြောင်းအရာ ပြောင်းပြီး စိတ်ကိုလှည့်စားနေသည်လားဟု ချိုမြိန်ထင်နေပြီမှန်း မိုးပန်းပွင့်က ရိပ်မိလိုက်သည်။

ကိုယ်ဘာဖြစ်ချင်လဲဆိုတော့ မင်းကို ပြောပြမယ် သူငယ်ချင်း။

"ငါအခု နောက်ဆုံးနှစ် စာမေးပွဲပြီးသွားတာနဲ့ သင်တန်းတွေ တစ်ခုပြီးတစ်ခုတက်မယ်။ ကွန်ပျူတာသင်တန်းတက်မယ်။ဂရမ်မာတက်မယ်။ စပိကင်တက်မယ်။ စာရင်းကိုင်တက်မယ်"

"ဟယ် များလှချည်လား မိုးပန်းရယ်"

"ဟုတ်တယ် ငါ့မှာ ထူးချွန်လိမ္မာရမယ်။ ပညာတတ်ရမယ်။ ဗဟုသုတ ကြွယ်ဝရမယ်ဆိုတဲ့ ရည်မှန်းချက်အပြည့်ရှိတယ်။ ငါက ပေါ့ပေါ့နေ ပေါ့ပေါ့စားစိတ်ဓာတ်ကို သိပ်မုန်းတယ်။ ငါ့ကိုငါ ကွန်ထရိုးလုပ်ရမယ်။ ပြီးရင် ငါ ဩဇာကို မေ့ပစ်ရမယ်။ သူ့ထက် အစစအရာရာသာတဲ့ သူမျိုးကိုပဲ ငါရွေးချယ်ရမယ်။ ငါ့မိဘရဲ့ အဆင်မပြေမှုတွေအားလုံး ငါ့ကိုမရိုက်ခတ်စေရဘူး။"





"အခု ဘာများအဆင်မပြေလို့လဲ မိုးပန်းရယ် နင်နည်းနည်းလျှော့ရင် ရပါပြီ။ ငါ ဩဇာကို ညှိပေးပါမယ်"

"ဟင့်အင်း ဟင့်အင်း ငါသူ့ကို မုန်းပစ်လိုက်ပြီ"

မုန်းစိတ်ကြောင့် မင်းမျက်ဝန်းမှာ မျက်ရည်တွေ အိုင်ထွန်းနေပြီပေါ့။

* * * * *

ဩဇာဘယ်လိုနေလဲ သမီးဟု လှမ်းမေးသော အမေ့ကို သက်သာပါတယ်ဟုသာပြောပြီး အိပ်ခန်းထဲဝင်ခဲ့၏။ အိပ်ယာပေါ်လှဲလိုက်တာနှင့် ချိုမြိန် နွမ်းခွေသွား၏။ သူမနားထဲ၌ ဩဇာ၏ ညီလေးဒေါသသံတွေ မိုးပန်းပွင့်၏ ဒေါသသံတွေသာ လျှံကျနေ၏။ တော်ရုံတန်ရုံ ပြဿနာလေးကနေ အကြီးအကျယ်ဖြစ်သွားရတယ်လို့ကွယ်ဟု ညည်းတွားရုံမှ တစ်ပါး ကြားဝင်ဖြန်ဖြေပေးရန်လည်း ဘယ်သူကမှမလိုလား။

တစ်နေ့လုံး ပင်ပန်းနွမ်းနယ်ခဲ့သမျှ သူမအိပ်ယာလေးပေါ်၌ စိတ်လျှော့ချလိုက်သောအခါ ချိုမြိန်မျက်ခွံများလေးစင်းကျလာပြီး ခွေခွေလေး လှဲနေသည့်အတိုင်း အိပ်ပျော်သွားပါလေသည်။

အင်အားဆိုတာကလည်း မလိုအပ်ဘဲ၊ ဒါမှမဟုတ် လိုအပ်တာထက်



www.burmeseclassic.com

www.burmeseclassic.com



မိုသုံးရင် စွမ်းရည်တွေ ကုန်ဆုံးတာပဲ အဖတ်တင်သည်လေ။

ဘယ်အချိန်လောက်အထိ အိပ်ပျော်သွားမှန်းမသိ။ အိပ်ရာကနိုးတော့ ခေါင်းကိုက်နေ၏။

"ခဏလာထိုင်ဦး၊ အမေပြောစရာရှိတယ်"

ခေါင်းနည်းနည်းကိုက်၍ ဆေးသောက်ပြီး ကော်ဖီခွက်နှင့် အိမ်ရှေ့ထွက်အလာ အမေလှမ်းခေါ်၏။ အမေက သူ့သမီးကြီးဆီက ဖုန်းကလာ၍ တောင်တွင်းကြီးဘက် ခဏလိုက်သွားဖို့ပြင်နေသည်။ အမေ့ကို ဘာမှဝိုင်းမလုပ်ပေးရဘဲ အမေ့ဖက်က အဆင်သင့်ဖြစ်နေ၏။ တောင်တွင်းကြီးကအစ်မ မီးဖွားမှာမို့ တစ်လလောက်ကြာနိုင်၏။ အဖော်အဖြစ် ချိုမြိန်နှင့် အဒေါ်တစ်ယောက် နေခဲ့ပေလိမ့်မည်။ ကျောင်းပိတ်လျှင်တော့ သူမလည်း အစ်မနောက် လိုက်သွားဖြစ်လိမ့်မည်သာ။

"ဘာပြောမလို့လဲ အမေ"

"မနေ့က ခင်မိုးအေးလာသွားတယ်။ သမီးတို့ ကျောင်းသွားတုန်း"

ခင်မိုးအေးဆိုတာ မိုးပန်းပွင့် မေမေ။ သည်အိမ်ကို အဝင်အထွက်မရှိဘဲ ထူးထူးခြားခြားလာရတယ်လို့။ ချိုမြိန်အံ့အားသင့်သွား၏။ အမေက ဆက်ပြောသည်။ သူ့ဆေးဗူးတွေကို ဘေးအိတ်မှာ စနစ်တကျထည့်ပြီး ဇစ်ပိတ်၏။

"သူ့သမီးအကြောင်း လာပြောသွားတာ၊ အမေ့ကို မုန့်ပုံးတွေတောင် ပေးသွားတယ်။ မယူပါဘူးဆိုတာ မရဘူး။ ဒါထားပါတော့ အဓိကက သမီးသူငယ်ချင်းမလေး မိုးပန်းပွင့်နဲ့ ဩဇာအကြောင်း မေးတော့ သမီးကို မေးပေးပါတဲ့။ အပျော်တွဲတာလား အတည်





တွဲတာလားတဲ့"

"ဟင် ဘာစကားကြီးလဲ အမေရယ်၊ အန်တီ ခင်မိုးအေးကလည်း သူ့သမီးခံစားနေရတာကြည့်ပါလား၊ အတည်လား၊ အပျော်လားဆိုတာ"

စိတ်ထဲ မခံချင်ဖြစ်သွား၏။ မိုးပန်းပွင့်က ဩဇာကို ဒီလောက်ချစ်တဲ့ဥစ္စာ။ ဒါကြောင့်လည်း မလိုလားအပ်တဲ့ ကိစ္စတွေ ဖြစ်ကုန်တာပေါ့။ ခံစားချက်မရှိဘဲ အပျော်သက်သက်သာတွဲလျှင် ဤမျှ မိုးပန်းပွင့်ခံစားရလိမ့်မည်မထင်ပါ။

ဟန်မဆောင်စွာဘဲ မျက်နှာအနေအထားပြောင်း သွားသောချိုမြိန့်ကိုကြည့်၍ အမေပြုံးသည်။ ခေတ်ကလေးတွေများ ပွင့်လင်းလိုက်ကြတာ။ မျက်နှာမှာ မာယာမရှိဘူး။ ဒါလည်း ခေတ်ရေစီးပေါ့လေ။ အမေတို့တုန်းက ခံစားချက်ဆိုတာ ရင်ထဲမှာပဲ သိမ်းထားရတာ။ မြိုသိပ်တတ်တာပေါ့။

အခုတော့ မဟုတ်ပါဘူး Do or Die ပဲ.....

စကားတစ်ခွန်းရဲ့ ပရိယာယ်ကို ဒီကလေးမ မသိပါလားဟု အမေပြုံးသည်ကို ချိုမြိန်မရိပ်မိပါ။

"မအေပဲ သမီးရယ်၊ သူ့သမီးအကြောင်း သိတာပေါ့။ ဒါပေမဲ့ ပိုသေချာအောင် လာမေးတာ။ လာမေးတယ်ဆိုတာကလည်း အမေ့အထင်တော့ လာအကြောင်းကြားသလိုပဲသိလား"

"အဲဒါ ဘာအဓိပ္ပါယ်လဲ အမေ"

"ဩော် အပျော်တွဲတာဆိုရင်လည်း ဖြတ်လိုက်ပါတဲ့၊ အတည်တွဲတာဆိုရင်လည်း သူသဘောမတူပါဘူးတဲ့၊ မိုးပန်းပွင့်အတွက် ရည်မှန်းထားတဲ့သူရှိပါတယ်ဆိုပဲ။ ခင်မိုးအေးတူ နှစ်ဝမ်းကွဲနဲ့ စီစဉ်ထားတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ အဲဒါ မိုးပန်းပွင့်မသိဘူး ထင်တယ်"

"ဟုတ်တယ် မသိဘူး သိအောင်ပြောဖို့ခက်နေလို့တဲ့။ သူ့သမီးက တစ်ဓောက်ကန်း တစ်ဖက်စွန်းရောက်တာမို့ ချိုမြိန်ကတစ်ဆင့် ပြောပေးစေချင်တာတဲ့"

ချိုမြိန် လန့်သွား၏။ ဒီဇာတ်လမ်းမှာ သူမက ဇာတ်ပို့တဲ့လား။ အိမ်မှာ မိုးပန်းပွင့် အဘယ်မျှ ဂျစ်တိုက်သောင်းကျန်းထားလေပြီ မဆိုနိုင်။ အန်တီ ခင်မိုးအေးဖက်က မိဘတို့ဝတ္တရားတွေ ချပြလာချေပြီ။ မိုးပန်းရေ ငါဘယ်လို နှင့်ကို ပြောလို့ရမှာတဲ့လဲ။ မိုးပန်းပွင့်နှုတ်က တစ်ကြိမ်တစ်ခါမှ မကြားဖူးသော ဆွေအကြောင်းမျိုးအကြောင်းထဲမှာ ဘယ်က အစ်ကို နှစ်ဝမ်းကွဲက ပေါ်လာပါလိမ့်။ အန်တီ ခင်မိုးအေးဘက်က တူနှစ်ဝမ်းကွဲဆိုတော့ မိုးပန်းနဲ့ ဘယ်လိုတော်လဲ။ ဘယ်လောက်သွေးနီးပြီး ဘယ်လောက်သွေးဝေးသလဲ။

"အမေ ဒါဆို မိုးပန်းပွင့်နဲ့ဒီလူက မောင်နှမပေါ့ အမေရဲ့ သွေးနီးရင် ဒုက္ခရောက်တတ်တယ်ဆို"

အလန့်တကြားပြောလာသော ချိုမြိန်ကြောင့် အမေက ဟက်ဟက်ပက်ပက်ရယ်သည်။ သူ့သမီးငယ်၏ ထိတ်လန့်မှုက ရယ်စရာကောင်းနေ၏။ အမေရှင်းပြမှဖြစ်မည်။

"တစ်ဝမ်းကွဲဆိုရင်တော့ မယူသင့်ဘူး သမီးရယ်၊ သိပ်သွေးနီးတယ်၊ မောင်နှမအရင်းက မွေးတာကိုး။ သူတို့မွေးလာတဲ့ ကလေးက သွေးနီးလို့ တစ်ခုခုချို့ယွင်းတတ်တယ်တဲ့ ဆေးပညာအရဆိုထားတာပဲ ဖြစ်တတ်တယ်ပေါ့။ ရှုံးတတ်တယ်"

ဒါဆို မင်းဆွေမင်းမျိုးတွေရော အမေ၊ ဟိုတုန်းက မင်းတုန်းမင်းတို့၊ သီပေါမင်းတို့က အဲသလို ယူကြတယ်မဟုတ်လား။ ဘာလဲ အမေရယ် ဆွေချင်းထပ်တော့ မြတ်သတဲ့လား။ ရွှေချင်းထပ်တော့ မြတ်သတဲ့လား။ ဒီလိုမျိုးတောင်ကြားဖူးတာပဲ သူတို့ မရှုံးဘူးလား၊ ရှုံးကုန်တော့မှာပေါ့နော်"

"ဟယ် ဒီကလေးမလေး ဘုရင်မျိုး ဘုရင်နွယ်တွေကို ထည့်မပြောနဲ့တော့ အဲဒါ ရာဇဝင်သမိုင်းတွေ အမေတို့မသိဘူး။ အမေစိတ်မဝင်စားဘူး။ အဲဒီတုန်းကအကြောင်းတွေကို အခုခေတ်မှာတော့ သိပ်သွေးနီးကြရင် ရှုံးတတ်တယ်သိရဲ့လား" ချိုမြိန် ထင်ရာမြင်ရာပြောသည်ဟု အမေက မျက်စောင်းထိုးသည်။

"ဟင် ဒါဆို မိုးပန်းကရော"

"ဒါက သုံးဝမ်းကွဲတောင်ဝေးတာပဲ။ ခင်မိုးအေးဖက်က နှစ်ဝမ်းကွဲတူဟာ မိုးပန်းပွင့်နဲ့ သုံးဝမ်းကွဲတော်တယ်။ ဒါကတော့ အဖေတခြားစီ၊ အမေတခြားစီကနေ တဖြည်းဖြည်းသွေးဝေးသွားကြတာမို့ ယူလို့ရတယ်"

"အို မျက်နှာပူစရာကြီးအမေရယ်၊ အမျိုးဆိုတာကြီးသိပြီးတော့"

"ခင်မိုးအေးဘက်က ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်အပြင် စောင့်ရှောက်ကာကွယ်တယ်ဆိုတာလည်း မောင်နှမလေး တော်သလိုပဲက ပိုကရုစိုက်နိုင်တာပေါ့ သမီးရဲ့။ ကဲ သမီးချိုမြိန်ရယ် ညည်းသူငယ်ချင်းကို ဘယ်လိုပြောမလဲ စဉ်းစားထား။ နင့်အမေကတော့ ဒီလို ဒီလိုသဘောတူတယ်တဲ့လို့တော့ ပြောပေးလိုက်၊ သူ့ကောင်လေးကို စိတ်ဆိုးနေရင်လည်း ပြေလိုက်တော့လို့။ မဟုတ်ရင် သူ့အမေစိုးရိမ်တဲ့သူကို လက်ထပ်နေရဦးမယ်" အမေက လူကြီးစကားပြောသည်။







www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ ချိုမြိန်က မိုးပန်းပွင့်၏ ဆုံးဖြတ်ချက်ကို အမေထက် ပိုစိတ်ဝင်စားလေ၏။

အနိုင်အရှုံးတွက်မည်ဆိုလျှင်တော့ သည်ပွဲမှာ ဩဇာရှုံးသည်ဟု ဘေးအမြင်အရ သတ်မှတ်ပေလိမ့်မည်။ အမှန်တကယ်တော့ ဩဇာက သူ့ခံပျင်းဒေါသကိုသာ အရှုံးဟုသတ်မှတ်ပြီး အချစ်နှင့်ပတ်သက်လျှင်တော့ သူ့နှလုံးသားသည် မိုးပန်းပွင့်စွတ်စွဲသလို မကောင်းသည့်ညဉ့် လည်း ရှိနေ၏။ ထိုမကောင်းသည့်ညဉ့်က ရန်သူရှေ့မှာ အပြုံးမပျက်သည့် မထေမဲ့မြင် ပြုမူမှုမျိုး။

"နင်က ရှုံးမှန်းသိလည်း ပြိုင်တာပဲ။ ဥပမာ နင်တက်နေတဲ့ သင်တန်းက ဆရာနဲ့တောင် ဂုဏ်ထူးဘယ်နှစ်ခုထွက်ရင်ဘာ၊ ဂုဏ်ထူး မထွက်ရင်ဘာနဲ့ လောင်းနေတတ်တာ နင့်အကျင့်ဆိုးပဲ။ အဲဒါကိုက မကောင်းတဲ့ညဉ့်ပေါ့။"

ချိုမြိန်ကလည်း ထိုသို့ စွတ်စွဲဖူးသည်။ သူကတော့ စွတ်စွဲသည်ဟု ပဲ သမုတ်၏။ သူ့အတွက် အပန်းမကြီးသည့် ကိစ္စ။ သူများအတွက်လည်း ဘာမှ ဒုက္ခမပေးပဲနှင့် ဘာဖြစ်လို့များ ကြားကလူတွေက ဝေဖန်ပုတ်ခတ်နေရတာလဲ။

ဩဇာက လူဘော်ကြော့တဲ့။

သူရယ်မိသည်။ လူ့ဘော်ကြော့ဆိုတာ ငွေကြေးချမ်းသာပြီး အလုပ်အကိုင် မယ်မယ်ရရမလုပ်။ ကျောင်းစာ မယ်မယ်ရရမလုပ်ဘဲ ဘာကိုမှ အလေးအနက်မထားမှ လူ့ဘော်ကြော့ဖြစ်မှာလေ။ အခုသူ့မှာ အဲသလောက်ဖြုန်းနိုင်တဲ့ ငွေကြေးနဲ့ အရည်အချင်းလည်းမရှိ။ ကျောင်းကလည်း သူ့လို ရိုးရိုးသိပ္ပံတွဲလောက်က ဘယ်နှစ်ခါအိပ်ဖြေ





ဖြေ အောင်ပြီးသား။ ပြီးတော့ သူ့လို ကောင်လေးမျိုးမှာ လေးစားဂုဏ် ယူစရာ တစ်ယောက်ရှိပြီးသား။

အဲဒါ သူ့ဖေဖေ။

ဩဇာက ဖေဖေ့ရဲ့ တိုးတိုးဖော်။ ဖေဖေ့ရဲ့ ဆိုဆုံးမမှုတွေကို လက်တွေ့ အကောင်အထည်မဖော်နိုင်သေးပေမယ့် သူ့ဒိုင်ယာရီတွေ ထဲမှာ ရေးမှတ်နာယူပြီးသား လူငယ်တစ်ယောက်ပါ။

"သားကို ဩဇာလို့ နာမည်ပေးထားတဲ့ ရည်ရွယ်ချက်ကိုက ဖေဖေ့သားဟာ ဩဇာကိတ္တိမနဲ့ ပြည့်စုံစေချင်လို့။ ပြီးတော့ အသီးအနှံ တွေထဲမှာ ဩဇာသီးဟာ အဖိုးတန်တယ်။ သူ့အရသာက ချိုကိုချိုတယ်။ သရက်သီးကမှ အချဉ်၊ အချို၊ အရသာနှစ်မျိုးခံစားရတယ်။ သရက်သီး စိမ်းရင် ဘယ်သရက်သီးမှမချိုဘူး။ မချစ်စုက လွဲရင်ပေါ့ကွာ။ အဲ ဩဇာသီးကတော့ စိမ်းနေတဲ့ အဖုအထစ်မလှမပကြီးကို ခွဲပြီးမှ စားရတယ်။ သူက အပြင်စိမ်းဖန့်ဖန့်အရောင် အမြင်မလှမပနဲ့ အတွင်းကချိုမြတဲ့ အရသာရှိတယ်။ ပြီးတော့ သူ့အတွင်းထဲမှာ အစေ့အနက်လေးတွေက သူ့မျိုးဆက်သစ်လေးတွေကို တစ်အုံတစ်မ ထားပေးခဲ့တယ်။ တစ်ပင်မသန် တစ်ပင်သန်စေချင်တဲ့ စေတနာနဲ့ပဲ။ ဒီတော့ဩဇာမျိုးတုံးဖို့ဆိုတာ လွယ်ကိုမလွယ်ဘူး။ ပြီးတော့ ဩဇာရွက်က အမူးအမော်ပျောက်တယ်။ ပြီးတော့ ဩဇာသီးဆိုတာ အသီးအပြင် မုန့်ဩဇာတို့ အစရှိတဲ့ မုန့်တောင်ရှိသေးတယ်။ ဒီ ဩဇာဆိုတာ အဖိုးကိုတန်တယ်လို့ ဖေဖေကယူဆပြီး ဒီနာမည် ပေးခဲ့တာ"

နာမည်တစ်လုံး၏တန်ဖိုးကို ဤသို့ ဖွင့်ဆိုခဲ့သော ဖခင်တစ်ယောက် ၏သား သူသည် အဘယ်မျှလောက်ပေါ့ပါးစေကာမူ သူ့ရည်ရွယ်ချက်ကို



www.burmeseclassic.com

www.burmeseclassic.com



တော့ အထိပါးမခံခဲ့ပါ။ သူက ထူးချွန်ကျောင်းသားမဟုတ်တောင် စာမေးပွဲတစ်နှစ်မှ မကျဖူးသော မောင်နှမသုံးယောက်၏ အစ်ကို အကြီးဆုံးဖြစ်လေ၏။

"ပန်းတိုင်တစ်ခုကို ဦးတည်ပြေးနေတဲ့သူချင်းအတူတူ ပန်းအရင်ဝင်တာ နောက်ကျတာထက် ပိုအရေးကြီးတာရှိတယ်သား။ အဲဒါ ပြေးတဲ့ မိုင်နှုန်းနဲ့ ပန်းတိုင်စောရောက်ဖို့ထက် ပြေးသူရဲ့ သက်လုံကောင်းဖို့က အရေးကြီးတယ်။ ပန်းတိုင်အရောက်အမောဆို့တာထက် ဉာဏ်နဲ့ ယှဉ်ပြေးပြီး မာရသွန်ခရီးမှာ သက်လုံကောင်းဖို့က ပိုအဓိကကျတယ်"

သူတို့မောင်နှမတွေအတွက် ဖေဖေရဲ့ စံပြစကားတွေကို ဩဇာမမေ့ခဲ့ပါ။ သူသည် ဒီလိုအတွေးတွေကို တစ်ချိန်လုံးမတွေးပါပဲ ဘာကြောင့်များ မိုးပန်းပွင့်၏ ပျက်ရယ်ပြုမှုများနှင့်ကြုံရပြီးမှ ပြန်တွေးမိခဲ့ပါလိမ့်။

"ကြီးကြီးကျယ်ကျယ်တွေ လျှောက်မတွေးနဲ့သား၊ မှန်မှန်ကန်ကန် တွေးတတ်ဖို့ပဲလိုတယ်။ ကမ္ဘာနဲ့ကိုင်ပေါက်ပြီး သီအိုရီအတိုင်း နေထိုင်တဲ့ သူတွေက တကယ့်လက်တွေ့နဲ့ ကင်းကွာတတ်တယ်။ ဘဝမှာ လက်တွေ့နေမှုနဲ့ စာတွေ့သီအိုရီလိုက်နာမှု တစ်ထပ်တည်းကျတဲ့သူက ခပ်ရှားရှား။ အဲ တွေ့ပြီဆိုရင်တော့ မင်း သူ့ကိုလေးစားလိုက် သူ့ဆီမှာ တပည့်ခံ၊ ဘဝမှာ အကောင်းဆုံးမိတ်ဆွေက စည်းကမ်းပဲ။ စည်းကမ်း ထဲမှာ လူ့ကျင့်ဝတ်စည်းကမ်း ဘယ်တော့မှ မချိုးဖောက်နဲ့။ မင်း တစ်သက်လုံး ယောက်ျားပီသလိမ့်မယ်"

သူဖတ်မိသည့် ကမ္ဘာ့အရေးစာအုပ်ကြီးကို အကြောင်းပြု၍ ဖေဖေ ရှင်းပြဖူး၏။





"ထမင်းငတ်တာ ရှာစားလို့ရတယ်။ ဂုဏ်သိက္ခာငတ်ရင် ရှာဖို့ခက်တယ်သား"

သူ ထိုနေ့တစ်နေ့လုံး အိပ်မပျော်နိုင်ပါ။ သူ့စိတ်တွေ မလုံသလိုဖြစ်လာ၏။ သူက မိုးပန်းပွင့်၏ စွန့်ပစ်ခြင်းကိုခံရ၍ ရှက်နေသည်ပဲလား။ ဘာကြောင့်များ ချိုမြိန်ကို သက်သေထားရင်ဖွင့်ရပါလိမ့်။ ချိုမြိန်က ဘာတတ်နိုင်တာမှတ်လို့။

"ကိုကို လက်ကျိုးတဲ့ကိစ္စမှာ အဲဒီ မိုးပန်းပွင့်ဆိုတဲ့ အစ်မကြီးက ကျိန်လို့ဆို"

သူကျောက်ပတ်တီးဖြည်သည့်နေ့ကျမှ သူ့ညီမလေးက မေးသည်။ သူ့လက်တွေ အံ့သေနေ၏။ တစ်လခွဲစည်းထားသော ကျောက်ပတ်တီး ဒဏ်က အတော်လေးတော့ပြင်းသား။ ကံကောင်းထောက်မ၍ လက်မှာ မကောက်သွား။ ပကတိတော့မဟုတ်သေး။ ဒဏ်ရာကို ဂရုစိုက်ဖို့တော့ လိုသည်ဟု ဆရာဝန်ကမှာသည်။ သူခေါင်းငြိမ့်ပြခဲ့၏။ သူ့နားထဲမှာ သူလက်ကျိုးတဲ့ကိစ္စ ဖြစ်ပြီးနောက်ပိုင်း သူ့စိတ်တွေ တည်ငြိမ်သွားခဲ့ခြင်းပင်။

သူလက်ကျိုးသွားတာကိုပဲ ကျေးဇူးတင်ရမည်။

ပြီးတော့ ထိုတစ်လခွဲအတွင်း ပြောင်းလဲမှုများစွာဖြစ်ခဲ့၏။ သူနှင့် မိုးပန်းပွင့် လုံးဝအဆက်အသွယ် ပြတ်သွားခြင်းက နံပတ်တစ်၊ နံပတ်နှစ် အချက်က သူ့မိသားစုက မိုးပန်းပွင့်မာနနှင့် မိုးပန်းပွင့်မိသားစုကို ဝေဖန်လာခြင်းက ထူးခြားသောအချက်တစ်ချက်။ ထိုအချက်က ထူးဆန်း သည်။ သူတောင်မတွေးဖူးသည့်အကြောင်းတွေ။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ကွန်ပျူတာရှေ့မှာ သူတို့မောင်နှမတွေ ရှိနေချိန်။

"မိုးပန်းပွင့်အဖေနဲ့ အမေက ကွဲနေတာဆို။ ဖအေကလည်း နောက်အိမ်ထောင်နဲ့ အမေကလည်းဆိုရှယ်ကျတယ်ဆိုတော့ မေမေတို့တော့ ပိုက်ဆံဘယ်လောက်ချမ်းသာချမ်းသာ သဘောမတူဘူး ကိုဖိုးသားရေ။ တို့မွေးလာတဲ့ သားသမီးတွေအားလုံး ကာရိုက်တာကောင်းတဲ့မိသားစုနဲ့ပဲ တွေ့စေချင်တယ်။ အခုလို ရှုပ်ရှုပ်ရှက်ရှက်တွေမကြားချင်ဘူး။ နောက်မှတွဲနဲ့ မင်းတို့ကို ကွန်ပျူတာဝယ်ပေးတာ E.mail ပို့ပြီး ရည်းစားစကားပြောဖို့မဟုတ်ဘူး။ ဘာလဲ ချက်တင်ဝင်တယ် ချက်တင်ဝင်တယ်နဲ့ အင်္ဂလိပ်စာတောင် ဗမာလိုပေါင်းကြတဲ့ခေတ်မှာ မရိုးသားမှုတွေ အများကြီးဖြစ်နိုင်တယ်"

သြဇာကိုပြောရင်း သူ့အောက်ညီလေးနှင့် ညီမလေးကိုပါ





ဆုံးမသွားသော မေမေ့ကို သူပြုံးမိသည်။ မေမေ အတော်လေး နှံ့နှံ့စပ်စပ်ရှိသည်။ သမီးငယ် ဆယ့်ခြောက်နှစ် ဆယ်တန်းက တော်ကြာ သူ့ကျောင်းက သူငယ်ချင်းမတွေကို အီးမေးလ်ပို့ချင်လို့ မေမေ၊ အင်တာနက် လိုက်ပို့ပါဟု ခဏခဏပူဆာသည်။ မေမေက သူကိုယ်တိုင် လိုက်စောင့်ပေးသည်။ သည်နောက် မေမေ့မှာ ကြားဖူးနားဝတွေရနေသော လူငယ်တွေ ခေတ်ရေစီးကို မေမေက မျက်ချေမပြတ်။

"ဘာလဲကွယ်၊ ကွန်ပျူတာချက်တင်ထဲကနေ တစ်ယောက်နဲ့တစ်ယောက် လိမ်ညာနေတာတွေကို မြင်ရတယ်။ ဒါမျိုးသမီးငယ် မလုပ်ရဘူးနော်။ သမီးကို ကွန်ပျူတာကိုင်တတ်အောင် Internet ကြည့်တတ်အောင် သင်ပေးတာ သမီးရဲ့တိုးတက်မှုအတွက်လုပ်ပေးတာ။ အဲသလိုလိမ်ညာလှည့်ပတ်ပြီး ကွန်ပျူတာပေါ်က တစ်ယောက်အကြောင်း တစ်ယောက် မသိဘဲ ရည်းစားထားတာကိုတော့ မေမေ ကန့်ကွက်တယ်။ သိတဲ့နေ့မှာ ပါမစ်ပိတ်မှာပဲ။

ဆယ်တန်းကျောင်းသူ ညီမလေးပါ ဇက်ပုနေ၏။ ထိုနေ့က မောင်နှမတွေ တုတ်တုတ်မှုမလှုပ်ဝံ့ခဲ့။ မေမေရော ဖေဖေရော သူတို့ကို စောင့်ကြည့်နေပြီဆိုသောအခါ သူသည် သူ့စိတ်တွေကိုပို၍ တည်ငြိမ်အောင်ထိန်းရင်း အချစ်ဆိုတာကြီးကို မိုးပန်းပွင့်နှင့်အတူ မေ့ပျောက်ပစ်လိုက်ရန် ဆုံးဖြတ်လိုက်လေတော့၏။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



(၅)

ထိုသို့ ဆုံးဖြတ်ပြီးကာမှ သူ့ဆီရောက်လာပြီး အနိုင်ရလိုဇောတွေနှင့် သူ့ကို အားမနာလှစွာပဲ....

"ငါ စေ့စပ်တော့မယ် ဩဇာ"

ဟု သူ့ကို စိန်ခေါ်သည့် မိုးပန်းပွင့်ကို သူသိပ်အံ့ဩခဲ့တာတော့ အမှန်ပင်။ ဤမျှ အပြောင်းအလဲ မြန်ဆန်လွန်းသော သူမ၏ ဆုံးဖြတ်ချက်ဟာ အမှန်တရားကော ဖြစ်နိုင်ပါ့မလား။

"ဘာဖြစ်လို့ စေ့စပ်မှာကို လက်ခံတာလဲ မိုးပန်းရယ်။ နင်နဲ့ ဩဇာစိတ်ဆိုးလည်း ခဏပဲဥစ္စာ ပြန်ညှိကြည့်ပါဦး" ဟု တောင်းတောင်းပန်ပန်ပြောလာသော သူငယ်ချင်းဖြစ်သူကို အားနာလှစွာပဲ ခေါင်းယမ်းပစ်လိုက်၏။ စာမေးပွဲနောက်ဆုံးနေ့ကတည်းက မိုးပန်းပွင့်နှင့် ဩဇာတို့ နှစ်ဦးနှစ်ဘက် ကျေနပ်စွာလမ်းခွဲခဲ့ကြသည်ကို ချိုမြိန် သက်သေအဖြစ် မသိသေးဘူးပေါ့နော်။





"ခါတိုင်း နင့်ဆီကို ငါ့အကြောင်း အရင်ပြေးပြေးတိုင်တဲ့ ဩဇာက ဒီတစ်ခါတော့ အသံတိတ်လှချည်လား သူဘာမှ မပြောဘူးလား"

မထေမဲ့မြင် သရော်မဲ့မဲ့ မိုးပန်းပွင့်ပြုံးပြီးမေး၏။

ချိုမြိန် ခေါင်းခါပြလိုက်၏။ ဟင့်အင်း သူမဘာမှ မသိသေးဘူး ဒါပေမယ့် တစ်ခုတော့သတိထားမိသည်။ ဩဇာ သူ့အိမ်ဖက်လုံးဝ ပေါ်မလာတာ နှစ်ရက်လောက်ရှိနေပြီ။ ဘယ်သွားပြန်ပြီလဲမသိ။ စာမေးပွဲ ပြီးကတည်းကဆိုပါတော့။ ဩဇာပုံစံအရမ်းကို တည်ငြိမ်သွားသည် ကတော့ အံ့ဩစရာ။

"အချစ်ဆိုတာ အဲသလောက် ဒေါသထွက်ပင်ပန်းစေတယ်ဆိုတာ ငါယုံသွားပြီ ချိုမြိန်။ ဒါအချစ်တဲ့လား၊ ငါ့ကို စိတ်ဒုက္ခအပေးဆုံးအရာဟာ အချစ်ပဲ။ ငါအမုန်းဆုံးအရာဟာလည်း အချစ်ပဲချိုမြိန်"

"ဟင် နင်ကလည်း တယူသန်ဆန်ပြန်ပြီ။ နင်တို့နှစ်ယောက် ဘာလို့ ဒီလောက်တင်းမာရတာလဲ။ ပြီးခဲ့တာတွေ မေ့လိုက်ပါလား"

"တင်းမာတာမဟုတ်ဘူး။ ပြတ်တောက်သွားတာ"

ပြတ်တောက်သွားတာတဲ့၊ ဖြတ်ခနဲ မိုးပန်းမျက်နှာကို ကြည့်လိုက်မိ၏။ ဒါ ဘာအဓိပ္ပါယ်လဲ၊ မိုးပန်းမျက်နှာက အေးစက်မာကြောလိုက်တာ။ လန့်ပြီး မိုးပန်းလက်ဖဝါးတွေကို ဆုပ်မိ၏။ မိုးပန်းလက်ဖဝါးတွေ ထုံးစံအတိုင်း အေးစက်နေတယ်။

"ဟင် ဒါဆို နင်နဲ့ဩဇာ"

"ဟုတ်တယ် တို့ပြတ်သွားပြီ"

ဘုရားရေ ဘယ်လိုများဖြစ်ကုန်ကြပြီလဲ။ ဩဇာကို သည်ပေါက်သဝန်တို ချစ်မြတ်နိုးသော မိုးပန်းပွင့်က ဘာခံစားချက်မှမရှိသလို



www.burmeseclassic.com

ငေးရီရီ ထုံပေပေနှင့် အဝေးကိုငေးနေတာ သက်မဲ့ရုပ်သဖွယ်။ ချိုမြိန်မေးသည့်စကားတွေကိုလည်း တစ်ခွန်းမှပြန်မဖြေ။ သူမစိတ်မျက်ဝန်းထဲ၌ လွင့်မျောနေသော တိမ်တိုက်တို့ကြား နိမ့်ချည်မြင့်ချည် စိတ်တွေကြိုးသီနေလေ၏။

သူမ ဩဇာကို ဘာတွေများ ပြောမိပါလိမ့်ကွယ်။

* * * * *





(၆)

ကားတံခါးမှာ လာရပ်သောအရိပ်ကို မော့မကြည့်ဘဲ ဩဇာဟု တတ်အပ်သိလိုက်၏။ ကျောင်းပေါက်ဝက အုပ်စုထဲမှာ ရိပ်ခနဲတွေ့လိုက်ကတည်းက သူမှန်းသိပါသည်။

"စကားပြောချင်တယ် မိုးပန်း"

တုံးတိ ကပ်ဖွဲ့ဖွဲ့ပြောသောအသံကြောင့် မိုးပန်းပွင့် ဆတ်ခနဲမော့ကြည့်၏။ ကားသော့ကို လက်ဖဝါးထဲ ဇယ်ခုတ်သလို ဖတ်ခနဲပြန်ဆုပ်လိုက်ပြီး မိုးပန်းပွင့်မေးဆတ်ပြ၏။ ဘာလဲဆိုသည့်သဘော။

စာမေးပွဲပြီးပြီးချင်းအထိ ဘာအဆက်အသွယ်မှ မလုပ်ကြဘဲ E.mail တစ်စောင်တောင်မပို့သည့် ချစ်သူနှစ်ယောက်ဟာ ပြန်တွေ့ချိန်မှာ ချစ်သူလိုပဲ ခေါ်ဝေါ်ဆက်ဆံရမည်တဲ့လား။ ဟင့်အင်း မိုးပန်းလက်မခံနိုင်ပါ။ သူမ မာနကိုချပြီး သူ့ကိုဘာလို့ ရှိသော[illegible] ရမှာလဲ။ သို့သော် သူမျက်လုံးအစုံက ဩဇာ၏ ညာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်မိ၏။ ပတ်တီးစီးထားတာ မတွေ့တော့၊ ဒါပေမယ့် သူ့လက်ကို ခပ်ဖွဖွဖိကိုင်ထားပုံထောက်တော့ ဒဏ်ရာနည်းနည်းကျန်နိုင်သေး၏။ တစ်ချိန်လုံး ဂဏှာမငြိမ်လှုပ်ရှားတက်ကြွနေခဲ့သော ဩဇာတစ်ယောက် လက်ကျိုးပြီးကတည်းက ကိုယ်ရှိန်သတ်သွားလိုက်တာ တကယ်ရင့်ကျက်သော ယောကျာ်းရင့်မာကြီးလို ဖြစ်သွား၏။ အသွင်ပြောင်း အမြင်ပြောင်း ပုံစံကို မိုးပန်းပွင့် မြင်တွေ့နေရ၏။

"ပြောလေ ဘာပြောမလို့လဲ"

"ငါ့သဘောထားကို ဝန်ခံချင်လို့"

"ဘာတွေ ဝန်ခံမှာလဲ ရှုပ်ရှုပ်ယှက်ယှက် နင်နဲ့ငါ ပြတ်နေပြီဥစ္စာ ဘာအခန်းဆက်နေတာလဲ"

ကားကိုလှည့်မောင်းရန် စတီယာရင်ကို ဆုပ်ထားရာမှ ဖြေလျှော့လိုက်၏။

မောက်မောက်မာမာပြောနေသော မိုးပန်းပွင့်အသံတို့ အနည်းငယ် တုန်ခါနေသည်ဟု ဩဇာခံစားရသည်။ သူစိတ်မကောင်းပါ။ အင်မတန် စိတ်နုသော မိုးပန်းပွင့်သည် သူ့စိတ်ထဲက ခံစားချက်များနှင့် ဆန့်ကျင် ဖက်နေထိုင်တတ်သူဖြစ်ကြောင်း ဩဇာသိထားလေ၏။ အကယ်၍များ သူဝမ်းနည်းနေသည်ကို သူများသိမှာစိုး၍ တစ်နေ့လုံး အဓိပ္ပါယ်မဲ့ ခဏခဏရယ်တတ်တာမျိုး၊ တစ်ခါ တစ်ရံမကြိုက်သော အစားအစာကို အတင်းမျိုချပြီး ကျွေးတဲ့သူကွယ်ရာမှ အန်ချပစ်တာမျိုးကလည်း ရှိသေး၏။ ဟန်ဆောင်ရင်း ဟန်မဆောင်တတ်သော မိုးပန်းပွင့်ပါ။ အမှန်တကယ်က မိုးပန်းဖက်ကလည်း သူ့ကို ပြောစရာရှိနေ ပါလိမ့်မည်က သေချာသည်။





"ငါ ဟိုရှေ့က ကော်ဖီဆိုင်လေးမှာ သွားစောင့်မယ်။ နင် ကားနဲ့ လိုက်ခဲ့ သိပ်မဝေးဘူး"

ဩဇာ သူပြောလိုရာပြောပြီး ရှေ့မှ ခပ်သွက်သွက်လျှောက်သွား၏။ ကျယ်ပြန့် သန့်ရှင်းသော ဝါးနှင့်ဆောက်သော ကော်ဖီဆိုင်လေးအတွင်း သို့ ဝင်သွားပြီး ထောင့်ကျကျနေရာလေး၌ အသင့်စောင့်နေလိုက်၏။ သူတွက်ဆသည့် အတိုင်းပါပဲ ဘာမှ မခံစားရသည့်ပုံစံနှင့် မိုးပန်းပွင့် လိုက်လာ၏။ တကယ်တော့ မိုးပန်းပွင့် စိတ်လှုပ်ရှားနေမှန်း သူသိသည်။ မိုးပန်းပွင့်၏ သင်္ကေတတစ်ခုကို သူလှမ်းမြင်နေရ၏။ အဲဒါ နှုတ်ခမ်း တင်းတင်းစေ့၍ ရယ်ချင်ယောင်ဆောင်ခြင်းပင်။

တစ်ယောက်က လမ်းလျှောက်ပြီး တစ်ယောက်ကားနဲ့ လာတဲ့ ခရီးမှာ ကျန်ခဲ့သော တစ်ယောက်က ချိုမြိန်ပဲဖြစ်၏။

မိုးပန်းပွင့်နှင့် ဩဇာကို အဝေးကမြင်ကတည်းက ကျောင်းသူ တစ်အုပ်နောက်မှကွယ်ပြီး လိုက်လာကာ ဘတ်(စ)ကားဂိတ်သို့ ကိုယ်ရောင်ဖျောက်နှင့်တော့သည်။ မိုးပန်းပွင့်ကားလေး ကျောင်းဝင်းထဲမှ ထွက်သွားတာကို ငေးကြည့်ရင်း သူတို့နှစ်ယောက် အဆင်ပြေပါစေဟု သာ ချိုမြိန်ဆုတောင်းနေမိ၏။

သို့သော် ချိုမြိန် ဆုတောင်းမပြည့်ခဲ့ပါလေ။

* * * * *

"ငါ့ကို ဒေါသထွက်စိတ်နာပြီး နင်မကြိုက်ဘဲနဲ့တော့ နင့်အမေ စေ့စပ်ပေးမှာကို လက်မခံပါနဲ့လို့ ပြောမလို့ပါမိုးပန်း"

ပင်ပန်းနေသမျှ အပြင်စာစားခဲလှသော မိုးပန်းပွင့်သည် သူ့ရှေ့မှ ကောက်ဖီခွက်အား တအားကုန်မော့ချလိုက်၏။ ရင်ထဲမှာနွေးသွား[illegible]



www.burmeseclassic.com

www.burmeseclassic.com



သောက်လို့ ကောင်းသားပဲကွယ်။ သူမရှေ့တည့်တည့်မှ အလွန်တည်ငြိမ်နေသော ဩဇာကို တခြားကမ္ဘာကဂြိုဟ်သားလို ထင်မိ၏။ အခုလည်း... ကြည့်ပါဦး။ စကားပြောတာ လေးနက်နေလိုက်တာ...။ လက်ကျိုးပြီးမှ နောင်တရနေသည့်ပုံပဲ။

သို့ပေမယ့်...မိုးပန်းပွင့်၏ အထင်သည် ဩဇာ၏ရင်ထဲကဆန္ဒနှင့် တခြားစီ ဖြစ်နေ၏။

"ငါ့ရဲ့ စေ့စပ်ပွဲကိစ္စက နင်နဲ့မှ မဆိုင်တာ"

"ဘာလို့ မဆိုင်ရမှာလဲ...။ အခုပြောနေတာ နင်နဲ့ငါရဲ့ ပတ်သတ်မှုကြောင့် ဖြစ်လာတဲ့ပြဿနာပဲဥစ္စာ... နင် အရွဲ့တိုက်တာတွေ ဖျောက်သင့်ပြီမိုးပန်း... နင် သိပ်ပင်ပန်းနေတယ်... ဒီစကားကို ငါက သူငယ်ချင်းအမြင်နဲ့ ပြောတာ"

"ဘာ......."

စနားထောင်စဉ်က သွေးပူနေသော်လည်း သူငယ်ချင်းအမြင်ဆိုသည့် စကားအဆုံးမှာတော့ သွေးဆူသွားသည်။ သူငယ်ချင်းဆိုသည့် အသုံးအနှုန်းကို စပြောလာတာ ဩဇာ။ သူမ ခံပြင်းသွား၏။ နှုတ်ခမ်းဖျားတွေ တုန်ခါလာပြီး သူမ မဲ့ပြုံးပြုံးလိုက်၏။

ဩဇာ လက်ကာပြ၏။ သူ့ဖက်က မိုးပန်းပွင့် ဒေါသကို ဆွပေးတာမဟုတ်။ သူ အမှန်အတိုင်း ဝန်ခံချင်တာပါ။ သူ မိုးပန်းပွင့်ကို သူငယ်ချင်းချစ်ထက် နည်းနည်းလေးပဲ ပိုခဲ့တာကိုပေါ့.....။

"ဒီပစ္စည်းတွေက နင် ငါ့ကို ပေးတဲ့ အမှတ်တရတွေ မိုးပန်း...။ အမှန်အတိုင်း ဝန်ခံရရင် နင်ပေးတဲ့ပစ္စည်းတိုင်းကို ငါ မကြိုက်ခဲ့ဘူး။ ငါ့အကြိုက်ကို နင် မသိဘူးလို့ ငါပြောတိုင်း နင်က... နင်ကြိုက်တာပဲ





ပေးမယ်တဲ့ဆိုလို့ ငါ အားနာပြီး သိမ်းထားခဲ့တဲ့ ပစ္စည်းတွေ..."

သေသေသပ်သပ် ထုပ်ပိုးလာသော အိတ်တစ်လုံးထဲမှာ ပစ္စည်းတချို့ထွက်ကျလာ၏။ ရွှေရောင်ယောကျ်ားပတ် လက်ပတ်နာရီတစ်လုံး။ ဂျပန်အစစ်ဟု ရေးထွင်းထားသော နာရီကို ဩဇာက မကြိုက်ပေ။ ဒုတိယပစ္စည်းကရော... နို့နှစ်ရောင် ကော်လံကတုံး ရှပ်အင်္ကျီလက်ရှည်နှင့် စတိုင်ဘောင်းဘီရှည်တစ်စုံ။ ပြီးတော့...နေကာမျက်မှန်အကောင်းစားတစ်လက်။

မိုးပန်းပွင့် အရမ်းကို တုန်လှုပ်သွား၏။ သူမ ပေးခဲ့သည့် လက်ဆောင်တွေကို သူက အသုံးမပြုသည့်အတိုင်း Parking တောင်မဖြုတ်ခဲ့ပါလား။ ပေးပြီးကတည်းက သူမပေးသည့် လက်ဆောင်ကို သူ တမြတ်တနိုး ဝတ်လေသလားဟု ဘာကြောင့် စောင့်မကြည့်ခဲ့ရတာပါလိမ့်။

သူမဖက်က သူမကြိုက်တာ ပေးလိုက်ရစဉ်တိုင်း... ငါ မကြိုက်ဘူးဟု သူအမြဲပြောသည်။ ဒါကို မိုးပန်းပွင့် တစ်ခါမှ ဂရုမစိုက်ခဲ့။

"ငါကြိုက်လို့ပေးတာ နင်ယူရမယ်ဩဇာ...အဲဒါ ငါ့မေမေရဲ့ အသိဦးလေးကြီးကိုယ်တိုင် လိုက်ဝယ်ပေးထားတာ။ ယောကျ်ားလေးတွေအကြိုက်ဆုံးပစ္စည်းတဲ့။ နာရီတို့ မျက်မှန်တို့က အကောင်းစားတွေ"

အမြဲ ဤသို့ပြောပြီး သုံးကြိမ်သုံးခါမက ပေးခဲ့သည့် လက်ဆောင်များစွာအနက် အသေးအမွှားလေးတွေကို သူ မသိမ်းသည့်တိုင်.... အခုလို တန်ဖိုးကြီးသည့်ပစ္စည်းကို သူမနှစ်သက်သည့်တိုင် သုံးသင့်သည်ဟု တစ်ကြိမ်မှ မစဉ်းစားမိ။

ရွှေရောင်နာရီကလည်း သူ့လို ခပ်ညိုညိုအသားနှင့် မလိုက်ဖွဲ



www.burmeseclassic.com

www.burmeseclassic.com



ဘူးအတိုင်း။ နေကာမျက်မှန်ကိုတော့ ဩဇာ အမုန်းဆုံးပင်။

လူတစ်ယောက်၏ မျက်လုံးနှင့် လှုပ်ရှားမှု စိတ်ပြတင်းပေါက်ကို ကာကွယ်ထားသည့် ပစ္စည်း....။ တစ်ဖက်လူကို အနိုင်ကျင့်သည့် လက်နက်တစ်မျိုး။ နေကာမျက်မှန်အောက်မှ မျက်လုံးသည် တစ်ဖက်လူကို သရော်သလား။ မုန်းတီးသလားဆိုတာ မမြင်နိုင်ပေ။ ထိုကဲ့သို့ ကြိုတင်အကာအကွယ်ယူပြီး... သရော်လက်နက်ဟု သူ ကင်ပွန်းတပ်ထားသော ရောင်ကာ အမည်းရောင်မျက်မှန်ကြီးကို သူ မုန်းသည်ဟု ပြောသည်။ မရခဲ့။ သူဒီလိုပဲ သိမ်းခဲ့ရပြန်သည်။ မိုးပန်းပေးသည့် အကောင်းစားတွေက ဩဇာအတွက် အသုံးမဝင်ခဲ့။ ပိုပြီးမကြိုက်တာ အနောက်တိုင်းဝတ်စုံ။ သူပြန်ပေးဖို့ အကြိမ်ကြိမ် ကြိုးစားသည်။ မိုးပန်း မယူခဲ့။ ထိုပစ္စည်းတွေက သူ့အတွက် အမှန်တကယ်ကို မလိုအပ်ခဲ့။ သူလိုအပ်တာ လွတ်လပ်ပျော်ရွှင်မှု။ သူ မိုးပန်းနှင့် ချစ်သူဖြစ်ခဲ့စဉ် တစ်လျှောက်လုံး မလွတ်လပ်၊ မပျော်ရွှင်ဟု ခံစားခဲ့ရသည်။

အခုတော့.......။

"ငါတို့နှစ်ယောက် လမ်းခွဲတာ အမုန်းနဲ့ လမ်းခွဲတာထက် နားလည်မှုနဲ့ လမ်းခွဲသွားဖို့ပဲ ငါလိုလားတယ် မိုးပန်း..."

မိုးပန်းပွင့် ကြေကွဲဒေါသတကြီး အော်ရယ်လိုက်၏။

"နင်...အခုလို ဒဏ်ရာရခဲ့တာ ငါ့ကြောင့်လို့ ပတ်ဝန်းကျင်တစ်ခုလုံးက စွဲချက်ကို ကူထောက်ခံတဲ့အနေနဲ့ ငါ့ကို ဒီစကားတွေ လာပြောပြီး၊ ဒီပစ္စည်းတွေပြန်ပေးတာဆိုရင် အလကားပဲ။ ငါ အားလုံးအမှိုက်ပုံးထဲ ထည့်ပစ်မှာ...ငါ့ရဲ့စိတ်က ငါ့ကို ချုလင့်လုပ်ရင် ပိုပြန်တွန်းကန်တတ်တဲ့ သဘောရှိတယ်။ နင့်ကိုမုန်းလို့ ငါက စေ့စပ်မှာ မဟုတ်





ဘူး။ ငါက ငါ့ဘဝမှာ စိတ်ကူးပုံဖော်ထားတဲ့ အရည်အချင်းရှိယောကျ်ားမျိုးကို ချစ်သူဖြစ်ချင်ခဲ့တာ အမှန်ပဲ။ နင့်ကို ငါ ပုံသွင်းယူလို့ ရမှာပဲလို့ ငါထင်ခဲ့တယ်။ ဘယ်လိုမှ နင်နဲ့ငါ့ရဲ့ စရိုက်သဘောသဘာဝက တောင်နဲ့မြောက်ပဲ။ အဲဒါကြောင့် ငါ စိတ်လျှော့လိုက်တာ"

"အေး... ငါလည်း အဲဒါပြောမလို့ပဲ မိုးပန်း၊ ငါ နင့်ကို သံယောဇဉ်ရှိတယ်... ဒါပေမယ့် ငါဟာ နင့်အတွက် စံပြချစ်သူ မဖြစ်ခဲ့ဘူး။ ငါ အမြဲမှန်းကြုပ်ခဲ့တာ ဝန်ခံတယ်၊ အခု နင်ငါ့ကို မချစ်တော့ဘူးလို့ပြောတော့ ငါ ပထမဒေါကန်တယ်။ နင်စေ့စပ်တာ ငါ့ကို အရွဲ့တိုက်တာလို့ ထင်ခဲ့တယ်။ အခုသွေးအေးတော့ ငါ ပြန်စဉ်းစားတယ်။ ငါတို့ လမ်းခွဲမှုဟာ မှန်ကန်တယ်။ နင့်ရဲ့ ဆုံးဖြတ်ချက်မှန်တယ်။ ငါတို့နှစ်ယောက် အယူအဆ အတွေးအခေါ် မတူဘူး။ ဒါပေမဲ့ နင် နင့်စိတ်ကို အတင်းချုပ်ကိုင်ပြီး မခိုင်းပါနဲ့ နင့်စိတ်သိပ်ပင်ပန်းတယ်။

ဩဇာတည်ငြိမ်လာလေ မိုးပန်းပိုခံစားရလေ။ သူမပို၍ချင်လာ၏။

"ဟင့်အင်း ငါ မပင်ပန်းဘူး၊ ငါပျော်နေတယ်"

"နင် လိမ်နေတာ"

"ငါအမှန်တရားပြောတာ"

"နင့်အမှန်တရားက မှန်ရှေ့ရပ်ပြောနေသလိုပဲ။ နင့်စိတ်ကို ငါမြင်ရတယ်။ မိုးပန်း နင် အဲဒီလူကို မစေ့စပ်သင့်ဘူး"

"တော်စမ်း နင့်ပါးစပ်ပိတ်ထားစမ်း၊ အဲဒီ စေ့စပ်ပွဲကို တစ်ပတ်အတွင်း လုပ်ပြမယ်"

သူမ၏ဆုံးဖြတ်ချက် ပိုခိုင်မာသွား၏။

"နင်က အရမ်းချစ်တတ်တာမိုးပန်း၊ နင့်အချစ်က ကြောက်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်။ တစ်ဖက်လူကို ဒုက္ခပေးတာမျိုးဆို ဒီအချစ်ကို မဖန်တီးပါနဲ့. ငါတကယ့်စေတနာနဲ့ ပြောတာပါ"

ဩဇာကြိုးစားကြည့်သည်။ သူသည် မိုးပန်းပွင့်ကို ပို၍ နားလည်လာသလိုပင်။ တချိန်ကပေါ့ပေါ့ဆဆ မတွေးခဲ့သမျှ နှစ်ရက်သုံးရက်ဆက်တိုက်တွေးသောအခါ မိုးပန်းပွင့်၏ ကြေကွဲမှုတွေကို စာနာနားလည်နိုင်ခဲ့၏။

မိဘမေတ္တာကို အပြည့်မရတဲ့သူတွေကို စာနာနားလည် နိုင်ခဲ့၏။ မိဘမေတ္တာကို အပြည့်မရတဲ့သူတွေရဲ့သောကကို အရင်က သူ ကိုယ်ချင်းမစာခဲ့ပေ။ သူအနည်းငယ် စိတ်အနည်ထိုင်လာချိန်မှာ ဖေဖေ့ရဲ့ဆုံးမစကား တွေက သူ့ကို ပြောင်းလဲစေခဲ့၏။ သူ့ မိသားစုတွက်၊ သူ့ဘဝတိုး တက်ရေးအတွက် သူတည်ငြိမ်လေးနက်သင့်ပြီဟု သူ့ကိုယ်သူမြင်လာ၏။

မိုးပန်းပွင့်အရင်ဆုံးထရပ်လိုက်၏။ ဩဇာပြန်ပေးသည့်နေရောင်ကာမျက်မှန်အနက်ကို ကောက်တပ်လိုက်၏။ ထိုမျက်မှန်အောက်မှ တစ်ချက်ဝဲတက်လာသော မျက်ရည်တွေကို ဩဇာမမြင်စေရပါ။

"ငါ… နှင့်ကို တောင်းပန်တယ် မိုးပန်း"

ဩဇာရင်ထဲမှ လိုက်လိုက်လှဲလှဲ တောင်းပန်လိုက်၏။

ဩဇာကို ကျောခိုင်းလိုက်သည့်အချိန်၌ မိုးပန်းပွင့်ရင်ထဲမှ ကြိမ်းဝါးမှုက သူမရင်တစ်ပြင်လုံး ပွင့်ထွက်သွားမတတ်မြည်ဟီးနေ၏။

"ငါ့ကို မျက်ရည်ကျအောင် နှင့်လုပ်တယ်နော်။ ငါပူလောင်ရသလို နှင်မပူလောင်ပါစေနဲ့. နှင်မျက်ရည်မကျပါစေနဲ့."

* * * * *





"အမေ အမေ မငိုပါနဲ့.အမေ မငိုပါနဲ့."

"ဟင့်အင်း။ ဟင့်အင်း အမေမယုံဘူး။ မနက်တုန်းကမှ အကောင်းကြီး၊ ဘာလို့ ဒီလိုဖြစ်ရတာလဲ သားကြီး ကိုဖိုးသားရေ အမေတို့တော့ဘဝပျက်ပြီ"

"ဘာလို့ ဘဝပျက်ရမှာလဲအမေ ကျွန်တော်ရှိတာယ်လေ။ ကျွန်တော်ရှိပါတယ်။ အမေစိတ်တင်းထား သားတစ်ယောက်လုံးရှိတယ်"

"အဖေကြီးရေ ဒီသားသမီးတွေ လိမ်မာအောင်ဆုံးမပါဦး"

ရင်တစ်ပြင်လုံး ပွင့်ထွက်သွားမလား ထင်ရလောက်အောင် အမေ့ငိုသံကို သူကြားနေရ၏။ ဩဇာနှလုံးအိမ်နာကျင်လှ၏။ မနက်တုန်းကမှ အကောင်းပကတိအဖေက အခုညနေစောင်း သူပြန်လာချိန်၌ လူ့လောကကြီးကထွက်ခွာသွားပြီတဲ့။ ဒါအမှန်တကယ် ဖြစ်ခဲ့တာလား

မယုံဘူး။ မယုံဘူး။ ဩဇာ အံတင်းတင်းစေ့လိုက်၏။ သူ့ရှေ့တည့်တည့်မှာ လိမ့်ငိုကြွေးနေသော အမေ့ကို ပွေ့ဖက်ထားသူများနှစ်သိမ့်သူများနှင့် သူတို့အိမ်လေးမှာ လူတွေပြည့်နေ၏။ သူတစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာနေ၏။ သူသည် မနက်တင် အလုပ်တစ်ခုအတွက် C.V ဖောင်သွားတင်ထားရင်း သူငယ်ချင်းတစ်ယောက်ရဲ့ ကုမ္ပဏီမှာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်အကြောင်း သွားစုံစမ်းသေး၏။ ကျောင်းပြီးတာနှင့် အလုပ်ထဲ ထန်းဝင်ဖို့ သူကြိုးစားနေ၏။ သူ့ကိုအဖေက "ငါ့သားကြီးသိပ်တည်ငြိမ်လာပြီကွ" ဟု အမေ့ကို ပြောသည်ဟုကြားရ၏။ ပြီးတော့လည်း....

"ဩဇာဆိုတဲ့ နာမည်ပိုင်ရှင်ပဲကွာ၊ ငါ့သားက ခပ်ညံ့ညံ့သားတော့ မဖြစ်စေရပါဘူး မိန်းမရယ်"

"ဩဇာရဲ့တန်ဖိုးကို အလွဲသုံးစားလုပ်တဲ့သူမျိုး၊ မင်းကို မဖြစ်စေချင်တာ ဖေဖေ့စေတနာ အမှန်ပဲသား"

ဒါ ဖေဖေ့ဆုံးမစကားတွေတဲ့လား။ သူ့ဘဝအတွက် အထင်ကရ အမှတ်တရစကားတွေနဲ့ သူ့ကို လူလားမြောက်စေခဲ့သော ဖေဖေ။ သူ့ရဲ့ပေါ့ဆမှုနှင့် ပျော်ရွှင်မှုတွေကို တည်ငြိမ်မှုနှင့် ယုံကြည်မှုတွေအဖြစ် ပြောင်းစေခဲ့သောဖေဖေ။ ဒီအဖေက ဒီမိသားစုမှာ ဒီလိုခွဲခွာလို့ ရသတဲ့လား။

"ဩဇာ မင်းငိုချလိုက်ပါ့လား...ဘာလို့ အံကြိတ်ထားတာလဲ"

သူ့ပုခုံးကို တစ်စုံတစ်ယောက်လှမ်းဖက်လိုက်၏။ သူ့အိမ်ဘေးက နံရံမှာ ဘယ်လောက်ကြာအောင် မှီနေမိသည်မသိ။ သူ့တစ်ကိုယ်လုံး တုန်လာ၏။ သူမော့ကြည့်လိုက်တော့ သူ့သူငယ်ချင်း ဗလ။

သူအမှန်တရားကို လက်ခံရပေတော့မည်။ သူ့အဖေတကယ် သေဆုံးသွားခဲ့ပြီပေါ့။ ဘာအပြစ်ရှိလို့ သေခြင်းတရားက သည်လို ခေါ်ခွင့်ရှိရတာလဲ။ သူချစ်တဲ့ သူသံယောဇဉ်ကြီးတဲ့ မိသားစုကို ဖေဖေ ဒီနည်းနဲ့ ခွဲခွာသွားပြီပေါ့နော်။ မတရားဘူးလို့ ထင်ပါသည်ဖေဖေ။

"ဒါ ကျွန်တော့်ကို ရုတ်တရက် ကြီးရင့်စေလိုက်တာလားခင်ဗျာ"

* * * * *



(၇)

အရာရာသည် ပြောင်းလဲနိုင်၏ဟု သူလက်ခံလိုက်ချိန်၌ သူသည် သူငယ်ချင်းများနှင့်ခွဲခွာ၍ နိုင်ငံရပ်ခြား၌ ယနေ့လူငယ်အများစုနည်းတူ တိုးတက်ကြီးပွားရန်ဟူသော ခေါင်းစဉ်အောက်၌ လှုပ်ရှားနေထိုင်ခဲ့ရလေတော့၏။ အမှန်တကယ်တော့ တိုးတက်ရန်လည်း ဘာတစ်ခုမှ သူ့မှာ ကျောထောက်နောက်ခံမရှိခဲ့။ ကြီးပွားရန် အနာဂတ်ကိုတော့ လှစ်ခနဲ လင်းသည့်အလင်းရောင်လို ပျပျရေးရေးလေးတွေ့ရ၏။

တကယ်တမ်း ကတော့ မိသားစုစားဝတ်နေရေးအတွက် [illegible] ထောက်ပံ့ရမည့် သားကြီး ဩရသတာဝန်ကိုသာ ကုန်းရုံး[illegible] ခဲ့ရပါလေ၏။ ဒီမှာထက်တော့ ဟိုမှာက ပိုအဆင်ပြေတာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

သူက ပြောပြချင်လှပါသည်။ ဘာလို့အဆင်ပြေလည်းသားဟု ဖေဖေ မမေးနိုင်တော့ပါ။ ဒါပေမဲ့ ဟိုမှာက သားကိုယ်သား ဘာလဲဆိုတာ သုံးသပ်ခွင့်ရှိသည်ဟုသာ ပြောတတ်ပေလိမ့်မည်။ ညွှစ်ထုတ်လိုက်တဲ့ ကာယဉာဏအားအတိုင်း သားပြန်ခံစားခွင့်ရတဲ့အတွက် သားကို အားကိုးရပ်တည်ရတဲ့ မေမေနဲ့ မောင်နှမတွေ နေရေးစားရေး အခြေမပျက်ခဲ့ကြပါဘူး ဖေဖေ။

ဖေဖေရဲ့ပေးထားတဲ့ နာမည်တစ်လုံးရဲ့ တန်ဖိုးကို သားထိန်းသိမ်း တတ်နေပါပြီဟု သြဇာတစ်ယောက်ပြောပြချင်လှပါ၏။

သူသည် အပြောင်းအလဲများစွာထဲ၌ မေ့ပစ်ချင်စရာများစွာထဲ၌ ဘယ်လိုမှ မေ့ပစ်လို့မရသော သူတစ်ယောက်ကို ကိုယ်ဌာနေပြန်ရောက် ချိန်၌ သွားတွေ့ရန် အကြောင်းဖန်လာခဲ့လေ၏။

"ဟင် သြဇာ ဘယ်တုန်းက ပြန်ရောက်လဲ"

တအံ့တသြရှိလှသော ချိုမြိန်ကို ပြန်တွေ့ရတော့ သူ့ရင်ထဲ အေးသွား၏။ ချိုမြိန်က တစ်နှစ် နှစ်နှစ်အတွင်း ဘယ်သူ့ကိုမှ အဆက် အသွယ်မလုပ်ဘဲ နိုင်ငံခြားအလုပ်ထွက်လုပ်သည့် သြဇာကို မည်သို့မျှ အပြစ်မဆိုရက်ပါ။ စိတ်ဒဏ်ရာများစွာနှင့် ကျောခိုင်းသွားသည့် ယောကျ်ားတစ်ယောက်၏ မျက်ရည်ကို မြင်တွေ့ခဲ့ရသော ချိုမြိန်သည် "သြဇာအားတင်းထား"ဟု ပြောရုံမှတစ်ပါး ဘာများတတ်နိုင်ပါ့မလဲ ကွယ်။ သြဇာကျခဲ့သော မျက်ရည်တွေက ဖခင်တစ်ယောက်လုံး ဆုံးရှုံး၍ကျသည့်မျက်ရည်တွေထက် ပိုနာကျင်စရာကောင်းခဲ့သည်လေ။

"ဒီမိန်းမက စုန်းမ ကိုကို"

"ဒီမိန်းမက စုန်းမ ကိုကို"





"သူကျိန်လို့ ဖေဖေ သေရတာ"

သူ့ညီလေး၏ လက်သီးဆုပ်များက တိုက်နံရံတွေတောင် တဒုန်းဒုန်း မြည်စေခဲ့သည်ကို သြဇာဘာမှ မပြောနိုင်ခဲ့ပေ။

"အဲဒီနေ့က သူကပြောတယ်။ ငါ့မျက်ရည်ကျသလို ငါပူလောင်ရ သလို နင်မပူလောင်ပါစေနဲ့။ နင်မျက်ရည်မကျပါစေနဲ့တဲ့" ဆိုစကားကို ဖေဖေတစ်လပြည့်၌ သြဇာပြောပြမိခဲ့သည်။ နားထောင်နေသော ချိုမြိန် နောက်မှ ဘွားကနဲထွက်လာပြီး ဒေါသတကြီး အော်ဟစ်ခဲ့တာ သူ့ညီလေး။ ညီလေး၏ စွတ်စွဲကြေကွဲသံအောက်၌ မိုးပန်းပွင့်သည် ပန်းကြွေစတွေလို တစ်စစီပဲ့ကြွေလို့ပေါ့။

"ဒီနေ့ကစပြီး ဒီအိမ်မှာ ဒီမိန်းမနာမည် မကြားချင်ဘူး ကိုကို"

အစ်ကိုနဲ့ ညီကြားမှာ တစ်သက်နှင့်တစ်ကိုယ် မာကြောစွာ တားမြစ် လာသော ညီလေးအား နှစ်သိမ့်ဖြေလျော့ဖို့ သူ့ပုခုံးကိုဖက်ထား ရုံမှတစ်ပါး သြဇာစကားမပြောနိုင်ခဲ့။ အဲဒီအချိန်ကတည်းက ဆိုပါတော့ ချိုမြိန်နှင့်သြဇာကြား၌ မိုးပန်းပွင့်ဆိုသော နာမ်စားသည် သိလျက်နဲ့ရော မသိလျက်နဲ့ပါ ပျောက်ကွယ်သွားခဲ့ရပါလေသည်။

အခု နင့်မှာ စိတ်ဓာတ်အင်အားတွေ ပြည့်လာပြီလား သြဇာ။ စိတ်ဒဏ်ရာတွေ ပါမလာစေချင်တော့ဘူး။ နင့်ရဲ့ ဘဝသစ်မှာ နင်ဟာ တည်ငြိမ်လေးနက်တဲ့ သြဇာပဲ ဖြစ်စေရမည်။

"အားလုံးဟာ အသစ်တွေချည်းလို့ ငါခံစားချင်တယ် ချိုမြိန်"

"ဒါဆို ငါရော"

"နင်လည်း ငါ့ သူငယ်ချင်းအသစ်ပေါ့ ချိုမြိန်ရာ နင့်ကို [illegible] စတွေ့တာလို့ သဘောထား"



www.burmeseclassic.com

www.burmeseclassic.com



"သြဇာရယ် အဲသလောက်စိတ်နာစရာ မလိုပါဘူး။ တင်းမာမှုဆိုတာ ဖြတ်တောက်တတ်တယ်။ ပျော့ပျောင်းတဲ့အရာတွေသာ ရေရှည်မြဲမြံတာ"

ရုံးတက်ဝတ်စုံနှင့် သေသပ်လှပနေသော ချိုမြိန့်ကို သြဇာ အသာ ခိုးကြည့်မိ၏။ ပါးလျားရှည်လျားနေသော ဆံနွယ်များကို စုသိမ်းရင်း ချိုမြိန့်ပြောဖြစ်သည်။ ချိုမြိန့်က တကယ့်မိန်းမကြီးပုံစံမျိုး။ ရင့်ကျက်မှုတို့ဖြင့် ချိုမြိန့်အလှတရားက လန်းဆန်းနေ၏။ သြဇာကိုယ်တိုင်လည်း အရင်လို ရွှတ်နောက်နောက် ပေါ့ပျက်ပျက်လုံးဝမရှိ။ တကယ့်ဘီဘီ အသက်(၄၀) အရွယ်အတိုင်း။ လူကြီးဂိုက် ဖမ်းနေရော့ထင့်။ သို့သော် စိတ်ဓာတ်ကတော့ မာကြောနေတာအမှန်။ ဒီအချိန်မှာ သြဇာကို ချိုမြိန့် ပြောပြစရာတွေ အများကြီးပဲဟုဆိုလာ၏။

"ဒီနှစ်အတွင်းမှာ တော်တော်များများ တိုးတက်ပြောင်းလဲလာတယ်လို့ ငါထင်တယ်။ ချိုမြိန့်ကြည့်စမ်း အင်တာနက်ဆိုင်တွေ အများကြီး ပေါ်လာတယ်။ စပါယ်ရှယ် ကော်ဖီဆိုင်တွေ Shopping Mall တွေ အများကြီး။ ဖက်ရှင်ဆိုင်တွေ ဒင်းကျန်းပဲ။ ဒါ တိုးတက်တဲ့ သဘောပေါ့။ ဟော ဘာသာရပ်ဆိုင်ရာ သင်တန်းတွေလည်း အပြေးအလွှား တက်နေလိုက်ကြတာ။ သူတို့မှာ ရည်ရွယ်ချက်ကိုယ်စီ ရှိလို့ပေါ့ နော်။"

"ဒါပေါ့ဟဲ့ လူဆိုတာ မျှော်လင့်ချက်နဲ့ အသက်ရှင်တာပဲ။ မနက်ဖြန် ဆိုတာရှိမှ အသက်ရှင်ရတာ အဓိပ္ပါယ်ရှိတယ် သိလား။"

"နင်ရော အခုပြန်လာပြီး ပြန်ထွက်မှာလား။ နင့်ရည်ရွယ်ချက်ကရော ဘာလဲ"

သေချာအောင် ချိုမြိန့် မေးသည်။ သြဇာကလည်း ဖြေပါသည်။

"ငါ့ ရည်ရွယ်ချက်က လောလောဆယ် ပိုက်ဆံရှာမယ်။ ငါ့





ညီလေးနဲ့ ညီမလေး ဖြစ်ချင်တာတွေ ငွေနဲ့ စိတ်ဓာတ်နဲ့ ဖြည့်ဆည်း ပေးမယ်။ မေမေ့ကို စိတ်ချမ်းသာအောင် ထားမယ်။ ငါ အလုပ်တွေ လုပ်ရဦးမယ် ချိုမြိန့်။ ငါအခုတစ်ခေါက်ပို Perfect ဖြစ်အောင် ကျောင်းတွေတက်ဦးမယ်"

"ကောင်းပါတယ်။ နင့်စိတ် တည်ငြိမ်သွားတာကို ငါဝမ်းသာတယ်။ ဒါပေမဲ့....."

ဒါပေမယ့်ဆိုသောစကားကို ချိုမြိန့်ပြောရင်း သြဇာမျက်နှာကို တစ်ချက် စိုက်ကြည့်မိ၏။ သြဇာ သူမဖက် ဆတ်ကနဲလှည့်ကြည့်၏။ ရုံးအပြန်လမ်းမှာ ကော်ဖီဆိုင်ကောင်းကောင်းလေး ဝင်ထိုင်ကြသည်။ သြဇာက သူ့ချွေးနည်းစာထဲမှ အမေ့ဖို့ မုန့်ပုံးတစ်ပုံး ဝယ်ကန်တော့၏။ မုန့်ပုံးကို ဘေးမှာချ၍ ကော်ဖီခွက်ကိုတွန်းကာ ဘာ ဒါပေမဲ့လဲဟု သြဇာမေးလာ၏။ ချိုမြိန့် ဆံပင်တွေ သပ်တင်မိပြန်၏။

သူမကိုကြည့်ရတာ စိတ်လှုပ်ရှားနေသလိုပါပဲ။ တစ်စုံတစ်ခုပြောလို ဟန်ရှိသည်ဟု သြဇာထင်နေ၏။ သူထင်သည့်အတိုင်းပင်။ ချိုမြိန့်ထံမှ လေးနက်သော စကားတစ်ခွန်းကြားရ၏။

"နင် သူ့ကို သွားကြည့်သင့်တယ်"

သူ... သူဆိုတာဘယ်သူလဲ သြဇာ ရုတ်တစ်ရက်နားမလည်ပါ။ ထို့ကြောင့် ပြန်မေးလိုက်၏။

"ဘယ်သူ့ကိုလဲ"

"ဘယ်သူ့ကို ကြည့်ရမှာလဲ"

ချိုမြိန့် ခေါင်းငုံ့ထားရာမှ နှုတ်ခမ်းတင်းတင်းစေ့ကာ အားတင်း၍ ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"မိုးပန်းပွင့်"

ဩဇာ ဆတ်ခနဲတုန်သွား၏။ ဒီနာမည်ကို သူမကြားချင်ဘူး။ သူ အလွန် ထိတ်လန့်တုန်လှုပ်ခဲ့ရသည့်နာမည်။ သူ့ဘဝထဲမှာ ယယ်ယယ်လေးကတည်းက ပျော်ရွှင်ခဲ့ရမှုတွေကို ဒီနာမည်က သိမ်းပိုက်သွားတာ။ ဒီနာမည်နောက်မှာ မှားယွင်းတဲ့ သင်္ကေတတွေ ကပ်ငြိလိုက်ပါလာစမြဲမို့ ဩဇာ မယုံကြည်။

သူသည် မိုးပန်းပွင့်ဟူသောအမည်ကို အချိန်တော်တော်ကြာအောင် အတင်းမေ့ပျောက်ခဲ့ရသည်လေ။ သူ့အပြုအမူကို ရိပ်စားမိသော ချိုမြိန် မသိဟန်ဆောင်ကာ ဆက်ပြော၏။

"သူ သိပ်နေမကောင်းဖြစ်နေတယ် ဩဇာ၊ နင် သွားတွေ့လိုက်ပါလား၊ နင့်ကို သူသိပ်တွေ့ချင်နေတာ"

"ဟာ မတွေ့ချင်ဘူး သူနဲ့ငါ ဘာမှမဆိုင်ဘူး"

ပြာပြာသလဲထငြင်းနေသော ဩဇာ၏ အားမနာမှုကြောင့် ပို၍ စိတ်မကောင်းဖြစ်ရသည်က ချိုမြိန်ပဲဖြစ်လေ၏။ ဖိအားပေးမှုများလွန်းတဲ့ အရာဝတ္ထုတွေဟာ ဒီလိုပဲ တွန်းကန်မှုများတတ်တာပဲလား။ မိုးပန်းပွင့်၏ ဖိအားတွေအောက်က အတင်းရုန်းထွက်ခဲ့ရသည့် ဩဇာတစ်ယောက် အခုတော့ဖြင့် မိုးပန်းပွင့်သည် သူနှင့် တစိမ်းသက်သက်။ ဘာမှမဆိုင်ဘူး တဲ့လား။ ဒီလိုမပြောပါနဲ့ သူငယ်ချင်းရယ်။ ငါ့သူငယ်ချင်းက နှလုံးသား နူးညံ့သူပါ။

"နင်ကသာ မဆိုင်တာ သူက ဆိုင်နေသေးတယ်"

"ကြာပြီလေဟာ လမ်းခွဲခဲ့တာ နှစ်နှစ်တောင်ရှိပြီ။ ဒီကြားထဲ သူစေ့တောင် စေ့စပ်သွားတာပဲ။ အဲဒီပွဲ နင်သွားတယ်လေ"





"အေး ငါသွားခဲ့တယ်။ အဲဒီနေ့က မိုးပန်းပွင့်စေ့စပ်ပွဲ ပျက်သွားတယ်"

"ဘာ"

"ဟုတ်တယ်။ မိုးပန်းပွင့်ရဲ့ စေ့စပ်ပွဲ တကယ်ပျက်သွားခဲ့တယ်"

ထိုနေ့က အဖြစ်အပျက်ကနေ မနေ့ကအထိ တို့သူငယ်ချင်း မိုးပန်းပွင့်အကြောင်း ငါပြောပြချင်လိုက်တာ ဩဇာရယ်။ နင်တို့မိသားစုက စိတ်အနာကြီးနာပြီး မိုးပန်းပွင့်ဆိုတဲ့ နာမည်တူတောင် လေသံမဟ ပါနဲ့ ဆိုတဲ့အချိန်ကစပြီး ငါဟာ အားလုံးကို နားလည်လိုက်လျောစွာ နေပေးခဲ့ရပေမယ့် ရင်တော့အလေးသား သူငယ်ချင်း။

နှစ်ဖက်စလုံးက ဖြစ်စဉ်တွေကို ကိုယ်တိုင်မြင်တွေ့ရတဲ့သောက ဘယ်လောက် ရင်ကိုထိသလဲဆိုတော့ နင်တို့မှ မသိတာကွယ်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



(၈)

ဈေးစပ်မင်္ဂလာပွဲဟုသာဆိုသည်။ ပြင်ဆင်ထားလိုက်တာ ခန်းလုံးပြည့် ပန်းများ ကတ်တလီယာအဖြူတွေက အဆုပ်လိုက်အခဲလိုက်။ ပန်းရောင်နု အပြင်အဆင်ကိုလည်း အသည်းယားစရာ။ ဟော်တယ် ထုံးစံအတိုင်း ဟန်ကိုယ့်ဖို့သမားတွေက စားပွဲဝိုင်းကို ဆွဲလှည့် ကစားနေသည်။ သူတို့ဘေးမှာ အသက်မရှူစတမ်း ထိုင်နေမိသည်။ ချိုမြိန်သည် သူမဝတ်ထားသည့် ငွေရောင် အီတလီပိုးစလေးဝမ်းဆက် ကိုပင် စိတ်နာရတော့မည့်အတိုင်း။

ဘေးမှ တစ်ဝိုင်းပြီးတစ်ဝိုင်း စကားတွေ ကျွတ်ကျွတ်ညံနေရာမှ ခန်းမထဲသို့ တစ်စုံတစ်ယောက်ဝင်လာသည့်အလား ဖြုန်းခနဲ ငြိမ်ကျ



သွား၏။ ကြည့်လိုက်တော့ အမျိုးသမီးတစ်ယောက် ချိုမြိန်လည်း ဟော်တယ်အဝင်ဝမှာ အပေါ်ထပ်သို့ တက်၍ ရသည့် ကျောက်တံခါး ကျယ်ကြီးကို သတိရနေ၏။ သူ့ကိုယ်ပေါ်မှ အဝတ်အစားထက် သူ့မျက်နှာသွင်ပြင်မှာ သတို့သမီးထက် အလှပိုနေပြီလား။ သူ ရှိုးတိုးရှန်းတန်း ဖြစ်သွားလေ၏။ သူ့ တချို့ကတောင် အဖြစ်မခံနိုင် သည်အဆုံး မိုးပန်းပွင့် အလှပြင်ရာ ခန်းမကို ပြခိုင်းပြီး အပေါ်ထပ်သို့ အသာလေးတက်လာခဲ့၏။ ခန်းမမှာ လူတော်တော်စုံနေပြီ။

ထိုအချိန်မှာ မိုးပန်းပွင့်မေမေ၏ စကားပြောသံ ရယ်သံကို အရင်ဆုံး ကြားရ၏။ ညှိသည်တွေ ဖိတ်ထားတာ ညှိခံပွဲက နည်းနည်းကျဉ်းကျဉ်း လုပ်တာမှ ဟုတ်ရဲ့လားမသိ။ ညှိပရိသတ် နည်းနည်းများသလိုပဲဟု ချိုမြိန်မြင်နေရ၏။ လမ်းမှာသွားရင်းလာရင်း ချိုမြိန်ကိုတွေ့တော့" Thank you သမီးရေ မိုးပန်းတော့ သိပ်လှနေပြီ။ သွားကြည့်ပါဦး"ဟု လောကွတ်ပြုသည်။ ဒီကလည်းလိုက်ရှာနေတာပါအန်တီဟု မပြောတော့ ပါ။ ဟုတ်ကဲ့ တစ်ခွန်းတည်းသာ။

အလှပြင်ခန်းမထဲ၌ မွှေးပျံ့နေသော ရနံ့ပေါင်းစုံအပြင် ချစ်စရာ ကောင်းသည့် မိုးပန်း လှလိုက်တာမှ အရမ်းပါပဲလား။ ဖြူလွှလွှ အနောက်တိုင်းဝတ်စုံက သူမ၏ အလှကို ပိုပေါ်လွင်စေခဲ့၏။ မျက်နှာမှာ ဘာအပြုံးမှ မရှိပေမယ့် ရဲရင့်တောက်ပသည့် မျက်လုံးမှာတော့ မာနတွေ ဖုံးလွှမ်းလျက်။

လာ ချိုမြိန်ဟု သူမကို မြင်မြင်ချင်း လှမ်းခေါ်သည်။ မိုးပန်း[illegible] တွေ အေးစက်နေပြီကော။ ဒါ အဲယားကွန်းဖွင့်ထားလို့ဖြစ်မှာပါ [illegible] ဘာမှမပြောဘဲ မိုးပန်းလက်တစ်ဖက်ကို ဆုပ်နယ်ပေးရင်း [illegible]



www.burmeseclassic.com

www.burmeseclassic.com

နှင်းသိပ်လှတာပဲဟု ခပ်တိုးတိုးကပ်ပြောလိုက်ရာ အက်ကွဲကွဲ ရယ်သံဖြင့် မိုးပန်းပြန်ဖြေ၏။

"ငါ့အလှက ကြောက်စရာကောင်းတယ် သူများကို ဒုက္ခပေးမယ့် အလှလို့ နင်ရောပြောမှာလား"

"အို မပြောပါဘူး မိုးပန်းရယ်။ နင့်အလှက အေးချမ်းပါတယ်"

"ဟင့်အင်း ငါမယုံဘူး။ ငါ အခုအလှပြင်နေပေမယ့် ငါ့စိတ်က ဒီမှာမရှိဘူး"

"ရှူးတိုးတိုး ဒါတွေ မပြောနဲ့။ အန်တီ ကြားသွားမယ်"

"မေမေက ဒီပွဲဖြစ်သွားလို့ ဝမ်းသာနေတာ၊ ဘာမှမသိဘူး"

ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲကိုယ်ဖိတ်ဆိုသည့် အစိပ္ပါယ်အတိုင်း တစ်သွေမတိမ်း လိုက်နာခဲ့သည့် မိုးပန်းမေမေ။ သူ့ဆွေ သူ့မျိုးကြားမှာ သူဟာနေတစ်စင်း လတစ်စင်းပမာ ထွန်းလင်းလျက်ပေါ့။

မိုးပန်းပွင့်ကတော့ စိတ်နာမှုကို အရင်းတည်၍ မင်္ဂလာပွဲတစ်ပွဲ ဖန်တီးလေပြီပေါ့နော်။

"နင့် စွေစပ်သတို့သားရော"

အားလုံးပြင်ဆင်ပြီးပြီမို့ ခန်းမထဲသို့ မိုးပန်းဝင်သွား၏။ ခန်းမမှာ လူ(၅၀) ဆန့်ခန်းမဟုထင်ပေမယ့် ညှိပရိသတ်က လူ(၇၀) နီးပါးရှိနေ၏။ စားပွဲတစ်ဖက်တစ်ချက်မှာ ဂန္ဓမာအဖြူတွေ ပင်လုံးညွတ်ပွင့်နေသကဲ့သို့ ဖွေးဖွေးလွလွ။

မိုးပန်းပွင့်က သူမ မေမေနားမှာ ဝင်ထိုင်၏။ သူမမေမေက ပြုံး၍ ဝင်ကြို၏။ နောက်တော့ ဂုဏ်သရေရှိလူကြီးများ...နောက်တော့ မိုးပန်း၏ သူငယ်ချင်းများ။ ချိုမြိန်က အချိန်တန်လို့မှ ရောက်မလာသေး





သည့် သတို့သားလောင်းကိုသာ ဟိုရှာသည်ရှာ။

ဘာကြောင့်မှန်းတော့ မသိ။ စောစောက ရိပ်ခနဲဆို ခန်းမထဲသို့ ဂျင်းဘောင်းဘီအပြာ အင်္ကျီနီနှင့် အမျိုးသမီးတစ်ယောက် ခပ်သုတ်သုတ် လျှောက်လာတာ တွေ့လိုက်သလိုပဲ။ အခု ဘယ်ရောက်သွားပြီလဲမသိ။ ဒါဘာလဲဟု မသိပေမယ့် ထူးခြားနေတာတော့ အမှန်ပဲ။

အခမ်းအနားစဖို့ ဆယ်မိနစ်သာလိုတော့တ၏။ မိုးပန်းမေမေက ရယ်ရင်းပြုံးရင်း သတို့သားရော မေးသံကြားရ၏။ ပြီးတော့ ခဏနော်ဟု ပြောကာ ခန်းမထဲမှ ပြန်ထွက်သွား၏။ မိုးပန်းပွင့်ကတော့ ဘာခံစားချက်မှမရှိသည့် သက်မဲ့ရုပ်သဖွယ် သူမဖျားနေပြီဆိုတာ ချိုမြိန် သိနေပြီ။ ဘာလုပ်ပေးရပါ့မလဲဟုတွေးကာ သူမအိတ်ထဲမှာ အမြဲဆောင်ထားတတ်သည့် အကိုက်အခဲပျောက်ဆေးကို သွားပေးလိုက်၏။ ရေတစ်ဖန်ခွက် ဖြည့်ထည့်၍ "ဒါလေးသောက်ထား မိုးပန်း နင်ခေါင်းကိုက်နေတယ် မဟုတ်လား"ဟု မေးတော့ ခေါင်းငြိမ့်ပြကာ ကလေးတစ်ယောက် ပဲလှော်ဝါးသလိုဆေးကို ဝါးစားပစ်လိုက်၏။

"မမရေ ခဏ"

ချိုမြိန်နှင့် မိုးပန်း ရှေ့တည့်တည့်မှာထိုင်နေသော အမျိုးသမီးကြီး ဆတ်ခနဲ ထရပ်လိုက်၏။ လှမ်းခေါ်တာ မိုးပန်းမေမေ မိုးပန်းပွင့် အသံလာရာဖက် လှည့်ကြည့်လိုက်ရာ မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် စူးရဲတောက်ပနေသော အနီရောင်စပို့ရှပ်နှင့် ဂျင်းဘောင်းဘီဝတ် ကောင်မလေးကို တွေ့လိုက်ရ၏။

ချိုမြိန် တအားလန့်သွား၏။ ဘာတွေဖြစ်ကုန်ပြီလဲ။ သူမ မိုးပန်းနှင့် လက်ကို ဆုပ်ထားလိုက်၏။ သတို့သားအမေ အပြေးထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ညှိသည်အများစုက ထိုမြင်ကွင်းကို မှင်သက်လျက်။

မိုးပန်းပွင့် ဘာလုပ်မလဲဟု ချိုမြိန် ကြည့်နေစဉ်.....

"လာ ချိုမြိန် ငါတို့လိုက်သွားရအောင်"

ချိုမြိန်ကို လက်ဆွဲ၍ မိုးပန်းပွင့် ခန်းမထဲမှ ထွက်လာခဲ့၏။ ထိုအချိန်အထိ စေ့စပ်သတို့သား ဘယ်ရောက်နေမှန်းမသိ။ တွေ့နေရတာက မိုးပန်းမေမေနှင့် တွဲနေသော ယောကျ်ားချောချောကြီးတွေပဲဖြစ်သည်။ မိုးပန်းပွင့် အလှပြင်ခန်းမဖက် ထွက်လာခဲ့၏။ သူ့ကိုကြည့်ရတာ စိတ်လှုပ်ရှားစရာကောင်းလိုက်တာဟုလည်း တစ်ယောက်တည်း ပြောလာ၏။ ချိုမြိန်က ဘာမှပြန်မပြောဘဲ မိုးပန်းပွင့်နောက်က လိုက်လာခဲ့၏။

အလှပြင်ခန်းမနားအရောက် စူးခနဲ အသံတွေ ကြားလာရ၏။ ဒါ ဘယ်သူ့အသံများလဲ သေချာနားထောင်ကြည့်တော့ မိုးပန်းမေမေရဲ့ အသံဖြစ်နေ၏။ ဒေါသကြောင့် တုန်ရီနေ၏။ သိပ်မသဲကွဲပေ။ မဟုတ်သေး။

အခန်းရှေ့တည့်တည့်ရောက်မှ ပိုထင်ထင်ရှားရှား မြင်ရကြားရ၏။

"နင်မိုက်ရိုင်းလှချည်လား၊ ဘာအကြံနဲ့ ဒီကို လိုက်လာတာလဲ"

"ဘာအကြံရမှာလဲ ရှင် မိန်းမယူမှာကို လာတားတာလေ"

"ဟ ငါနဲ့ မင်းနဲ့ ဘာဆိုင်လို့တားရမှာလဲ။ ငါ့ကိုယ်ရေး ကိုယ်တာမှာ မင်း ဝင်စွက်ဖက်စရာမလိုဘူး"

"သေချာရဲ့လား ကိုကို"

"ဘာ ကိုကိုလဲ ငါ့ကို ဒီလိုမျိုးမခေါ်နဲ့ မင်းလိုဟာမျိုးသွားစမ်း မာမီ သူ့ကိုမောင်းထုတ်စမ်းပါ။ ကျွန်တော် ထိုးမိတော့မယ်"

ရှုန်းရင်းဆန်ခတ်ဖြစ်နေသော မြင်ကွင်းကို ကြောင်ကြည့်နေမိ၏။





မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျနေသော ကောင်မလေးက သူမမျက်ရည်တွေကို လက်ခုံနှင့်ခပ်ကြမ်းကြမ်းသုတ်ရင်း အံကြိတ်၏။ သတို့သားက ဟန်ဟန်ပန်ပန်ပြင်ထားသည့် အနောက်တိုင်း ဝတ်စုံအောက်မှ ချွေးတဒီးဒီးကျလို့။

သတို့သားအမေက ထိတ်ထိတ်လန့်လန့်နှင့် ဟိုတားသည်တား။

"ဘာဖြစ်တာလဲ သားရယ် သူကဘယ်သူလဲ၊ ဘာလို့ ဒီပွဲကို နှောင့်ယှက်ရမှာလဲ၊ သူနဲ့သား"

လက်ညှိုးတထိုးထိုးနှင့် ငိုမလိုဖြစ်နေသော သတို့သားအမေနောက်တည့်တည့်မှာ မိုးပန်းပွင့်။

"ဒီမှာအန်တီ ကျွန်မက ကော်ဖီဆိုင်တစ်ခုမှာ အလုပ်လုပ်ပါတယ်။ ဘွဲ့ရပြီးသားပါ။ နေတော့ အစ်မတွေနဲ့ နေတာပါ။ ဒီဆိုင်ကို သူလာရင်း ကျွန်မနဲ့ဆုံတယ်။ ကျွန်မနဲ့ ချစ်သူဖြစ်တယ်။ ကျွန်မကို လက်ထပ်ယူမယ်လို့ ကတိပေးပြီး ဖြားယောင်းခဲ့တယ်။ ဒီအထိ သူ့မှာ အပြစ်မရှိပါဘူး။"

ထိုအချိန်မှာ စကားဖြတ်ပြောတာ မိုးပန်းမေမေ၊ မယုံနိုင်စရာကောင်းလောက်အောင် ထိုမိန်းမလေးရှေ့ သွားရပ်ပြီး ရန်တွေ့၏။

"အို ညည်းက မိန်းမပီပီသသမှမနေဘဲ ကိုယ့်မိန်းကလေးသိက္ခာမထိန်းဘဲ ယောကျ်ားလေးတစ်ယောက်ကို အပြစ်ပုံမချနဲ့။ ညည်းမှာလည်းအပြစ်ရှိတာပဲ။ ဒီလိုမဖြစ်အောင် အစကတည်းက ဆင်ဆင်ခြင်ခြင်နေပေါ့။ မေမေဟု မိုးပန်းလှမ်းတားပေမယ့် လွန်သွားပါပြီ။ မိုးပန်းမေမေက မာန်ဖီနေသော ကျားသစ်မကဲ့သို့။

ထိုကောင်မလေးကလည်း အာဂပါ။ လျှော့လိမ့်မည်မထင်ပါနှင်း



www.burmeseclassic.com

www.burmeseclassic.com



"အန်တီက ဒီလိုပြောမှပေါ့။ အန်တီသမီးက အန်တီ့ရင်ခွင်ထဲမှာ ကြီးရတာကိုး။ ကျွန်မတို့က မိကွယ် ဖကွယ် ကိုယ့်ထမင်းကိုယ်ရှာစားရတဲ့ ဘဝမို့ အားကိုးရှာရတဲ့သူတွေပါ။ စိတ်နောက်ကိုယ်ပါ အမှားမျိုး ကျူးလွန်မိတာ ကျွန်မအပြစ်ပဲထား။ ဒါပေမဲ့ အခုဒီကိုလာတာ ကျွန်မ အပြစ်ထက် ပိုများလို့လာခဲ့တာပါ။ အန်တီ ကျွန်မကိုဇ်တောင် ကျေးဇူး တင်ရပါဦးမယ်"

"အို ဘာကျေးဇူးတင်ရမှာလဲ"

ထိုအချိန်မှာ ရိုပ်ခနဲဖြတ်သွားသည့် အရိပ်တစ်ရိပ်ကြောင့် မိုးပန်းပွင့် နှုတ်မှ "အမလေး မလုပ်နဲ့"ဟု လှမ်းအော်လိုက်ပေမယ့် ပုံလဲသွားသည့် ဂျင်းပန်နှင့် ကောင်မလေးကိုသာ မြင်လိုက်ရ၏။ သတိလက်လွတ်ဖြစ်နေ သော စေ့စပ်သတို့သားအား မိုးပန်းပွင့် ကြောင်ကြည့်နေ၏။ ချိုမြိန် အသားတဆတ်ဆတ်တုန်နေလေပြီ။

လှမ်းထိုးလိုက်တာလား။ လှမ်းရိုက်လိုက်တာလားမသိ။ ကောင်မလေး လဲသွားတာပဲ မြင်နေရ၏။ ဟဲ့ ဟဲ့ တော်တော်ဆိုသည့် အသံတွေက ဆူညံနေ၏။

"သက်သက်မဲ့ သူများမင်္ဂလာယူချိန်မှာ လာနှောင့်ယှက်ရတယ်လို့ ပိုက်ဆံလိုချင်ရင် ပိုက်ဆံပေးလိုက်ပါ သားရယ်။ မင်း ဇာတ်ရှုပ်ကြီး မြန်မြန်ရှင်းပါ။ မေမေ ရှက်လို့ သေရပါတော့မယ်"

သတို့သားအမေက ငိုဟယ်ရယ်ဟယ်ဖြစ်နေ၏။ မိုးပန်းအမေ ကတော့ ဒေါသတကြီးဖြစ်နေ၏။ မိုးပန်းပွင့်ကတော့ မတုန်မလှုပ် အသားတွေအေးစက်နေ၏။ ချိုမြိန်မျက်ဝန်းထဲ၌ မျက်ရည်တွေ ပြည့် နေ၏။ လူငယ်တွေ ဒီလောက်တော့ မအပါဘူးကွယ်။ ထိုကောင်မလေး



၏ စိတ်ခံစားမှုကို မိုးပန်းပွင့် ရိပ်စားနိုင်ပါလိမ့်မည်။ ချိုမြိန်ကိုယ်တိုင် အားနာဝမ်းနည်းနေစဉ်

"ဟုတ်တယ် မမပြောသလို ငွေမြန်မြန်ပေး"

"ငွေလိုမှဖြင့် ဒီလိုလုပ်ပါ့မလား အန်တီ။ သူ့ဟမ်းဖုန်း တစ်ချက် လှမ်း ဆက်လိုက်ရုံပေါ့။ ခုကိစ္စက ငွေကြောင့်မဟုတ်ဘူး။ ကျွန်မဘဝနဲ့ ရင်းပြီး အန်တီ့သမီးဘဝကို လာကယ်တာပဲ။ ရော့ ဟောဒီ ဆေး မှတ်တမ်းမိတ္တူ ဖတ်ကြည့်လိုက်။ ရှင်သိသိကြီးနဲ့ ယုတ်မာမှာစိုးလို့ ကျွန်မ လာတားတာ ဒါပဲ"

ကောင်မလေး ပစ်ချသွားသည့် ဆေးမှတ်တမ်းကို အနီးဆုံးရပ်နေ သော မိုးပန်းပွင့်မျက်နှာရှေ့တည့်တည့် ပစ်ပေါက်သွားတာမို့ လက်ထဲ ကြွေမွှအောင် ဆုပ်ချေမိတာ မိုးပန်းပွင့်ပဲဖြစ်နေ၏။

အားလုံးကို တွန်းတိုက်၍ မိုးပန်းပွင့် အရင်ဆုံးပြေးထွက်သွား၏။ သူမနောက်က ချိုမြိန်။ တွေ့ရာ အခန်းတစ်ခန်းထဲ ဖွတ်ပြေးဝင်၏။ တံခါးချက်ချလိုက်၏။ ကံကောင်းထောက်မစွာ အခန်းထဲ၌ ချိုမြိန်ပါ ရောက်နေ၏။ မိုးပန်းပွင့်ကိုကြည့်ရတာ မောနေလေ၏။ ဘာမျက်ရည်မှ မတွေ့ရ။ တကယ့်ကို အေးစက်ပြာနှမ်းနေ၏။ ချိုမြိန်အတင်းဖက်ရမ်း ပြီး နာမည်ခေါ်နေရာ "အင်း" ဟုတစ်ချက်ထူးပြီး ထို ဆေးမှတ်တမ်းကို သာ သည်ကြီးမည်းကြီး ကြည့်လေ၏။

"သူ့မှာ အိပ်ချ်အိုင်ဗွီရှိနေတယ် ချိုမြိန်"

မိုးပန်းပွင့် ဒါပဲပြောနိုင်ပြီး ပစ်လဲကျသွားတော့၏။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



(၉)

"ဘာ အဲဒီကောင်မလေးမှာ H.I.V ရှိနေတယ်ဆိုတော့ ဟိုလူ ဟိုလူ့မှာရော..."

"အေးပေါ့ ဒီလူ့ဆီက ကူးတဲ့ရောဂါပဲဥစ္စာ။ ဒီလူက လူရှုပ်တဲ့။ မိန်းမ သိပ်ရှုပ်တာဆိုပဲ။ လူကြည့်တော့ အေးပုံအေးလက်နဲ့ပေါ့ဟာ အဲဒီပြဿနာပေါ်လာမှ သူ ဘာကောင်ကြီးလဲဆိုတာ ဘွားခနဲပေါ်လာ တယ်...။"

"နောက်တော့ ဘာဖြစ်သွားလဲ ချိုမြိန်၊ မိုးပန်း ဘာဖြစ်သွားလဲ"

တစ်ချိန်က သူ့အပေါ် အလွန်တရာဆိုးခဲ့သည်ဟု မှတ်ယူခဲ့သော မိုးပန်းပွင့်အား ယခုအချိန်၌ သြဇာက စိုးရိမ်စိတ်ကြီးခဲ့လေပြီ...။ တစ်ချိန်က သံယောဇဉ်လက်ကျန်အတွက် သူစိတ်မကောင်းဖြစ်မိတာ အမှန်ပင်။ အင်မတန် မာနကြီး စိတ်ကြီးသော မိုးပန်းပွင့်သည် ထို ကိစ္စအတွက် မည်သူ့ကိုမှ ခွင့်လွှတ်လိမ့်မည် မထင်ပါ...။





"နင် ဘယ်လိုထင်လဲ သြဇာ"

"ငါ ဘယ်လို ထင်တတ်မလဲ ချိုမြိန်ရာ၊ နင်သိထားတဲ့ ကိစ္စကို နင်ပဲပြောပြပေါ့။ မိုးပန်း ဒီလောက်စိတ်ကြီးတာ ဟိုလူတော့ အမိုး တစ်ခြား အသားတစ်ခြား ဖြစ်နိုင်တယ်..."

"ဟင်း ဟင်း အဲဒါတော့ သေချာတယ်"

"ဟုတ်လား တကယ်ပေါ့"

"တကယ်ပေါ့ သြဇာရဲ့ ဒီလူ့မှာ H.I.V ဖြစ်နေတာကြာပြီ။ အခု အရိုးပေါ် အရေတင် အရိုးတစ်ခြား အသားတစ်ခြား ဖြစ်နေတယ်လို့ ကြားတယ်။ မိုးပန်း ဘာမှလုပ်စရာမလိုဘူး။ သူ့ကိစ္စ သူရှင်းရတာပေါ့ ဒါပေမဲ့ တို့သူငယ်ချင်းကတော့ ဒီထက်ပိုဆိုးတယ်..."

ချိုမြိန် စကားဖြတ်ချလိုက်ပြီး မတ်တပ်ထရပ်၏။ သူတို့နှစ်ယောက် စကားပြောနေတာ တော်တော်ကြာပါပြီ။ အခုပဲ မှောင်ရီသန်းလာပြီလေ။ အမေ မျှော်နေရော့မည်။ ပြန်မှ ဖြစ်မည်။

အခုအချိန်မှာ သြဇာကို ဒီထက်ပို စိတ်မထိခိုက်စေချင်ပါ။ ခရီး ရောက်မဆိုက် နားစေချင်သေးသည်လေ။

"ဟ ဘာလို့ ထရပ်တာလဲ၊ ဆက်ပြောလေ"

"ဆက်ပြောလို့ မရတော့ဘူး။ အချိန်စေ့ပြီ သြဇာ၊ နင်လည်း နားလိုက်ဦး။ ငါလည်း အမေမျှော်နေပြီ အလုပ်ဆင်းတာကြာနေပြီ ငါတစ်ခုပဲ သေသေချာချာ ပြောချင်တယ်။ အဲဒါ နင် မိုးပန်းကိုတော့ တွေ့သင့်တယ်ဆိုတာပဲ"

သြဇာ တစ်ချက်တွေဝေသွား၏။ သူရုတ်တရက် ခေါင်းမငြိမ်နိုင် ဘာလို့ ဒီလို ဖွတ်အတင်း တွေ့ခိုင်းချင်ရတာလဲ ချိုမြိန်ရာ...



www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းပြချက်ပြော"

"နှင် တွေ့မယ်ဆိုမှ ငါပြောမယ်"

"ငါ စဉ်းစားမယ်"

"ကောင်းပြီလေ၊ နှင် ဖုန်းဆက်လိုက်။ ငါ စောင့်နေမယ်"

ချိုမြိန်ရင်ထဲ နည်းနည်းပေါ့သွားသည်။ တစ်ချိန်လုံး ထိခိုက်နာကျင်ခဲ့ရသည့် နှလုံးသားထဲ၌ မိုးပန်းပွင့်သည် အခါမလပ်။ ဩဇာကို ပြောပြပေးရမည့် ဝတ္တရား သူ့မမှာ ကျန်နေသေးသည်ဟု ခံယူ၏။

ဩဇာကတော့ ချိုမြိန်ကို ကားပေါ်လိုက်ပို့ရင်း စကားတစ်ခွန်းပြောသွား၏။ ထိုစကားအတွက် စိတ်ထဲထင့်သွားတာ ချိုမြိန်။

"အခုအချိန်မှာ ငါ အမှန်တကယ်တွေ့ချင်တာ နှင်ပဲ ချိုမြိန်"

* * * * *





"ကိုကို ကတိတစ်ခုပေးနော်"

"ဘာကတိလဲ ညီလေး"

"ကိုကိုဘဝမှာ မိုးပါတဲ့ နာမည်တောင် မကြိုက်မိပါဘူးလို့။ ကိုကို ဘယ်တော့မှ မိုးပန်းပွင့်နဲ့ ပြန်မဆက်သွယ်ရဘူး"

သူနိုင်ငံခြားမှာ နေစဉ်တလျှောက်လုံး ညီလေး၏ အစွဲအလမ်းကို ပြေပျောက်အောင် သူ ကတိပေးခဲ့ရပါသည်။ ထိုကတိအတိုင်းပင် မိုးတွေရွာလျှင်တောင် မိုးပန်းပွင့်ကို အမှတ်ရမိသည့်အတွက် မိုးရွာသောနေ့များစွာကို ကြောက်ရွံ့ခဲ့ဖူးသည်။ သူတို့မိသားစုအတွက် မိုးပန်းပွင့်သည် နာကျင်စရာ။

မိုးပန်းပွင့်အတွက်ရော သူ့မဘဝမှာရော ဘယ်လောက် နာကျင်စရာတွေ များခဲ့ပြီလဲ၊ သူဆက်မတွေးဝံ့တော့ပါ။ ဩဇာတစ်ယောက် ထိုညတာ တစ်ညလုံး အိပ်မပျော်ခဲ့ပါ။ သူ့ကို အတွေးတွေ ပေးသွားခဲ့သော ချိုမြိန်ထံ သူဖုန်းမဆက်မိအောင် နေခဲ့၏။ ထိုရက်များအတွက်



www.burmeseclassic.com

www.burmeseclassic.com



**သူ့အလုပ်ကိစ္စ၊** ကျောင်းကိစ္စနှင့် အိမ်ကိစ္စများဆီမှာသာ အာရုံတွေ **ရှထားခဲ့၏။** ညီလေးမျက်နှာကို မြင်တိုင်းလည်း မိုးပန်းပွင့်အကြောင်း **သူမသိသင့်တော့ဘူးဟု** အမြဲဆုံးဖြတ်မိ၏။

သို့သော် သူစိတ်ထဲကမူ မိုးပန်းပွင့်ပြောဖူးသော စကားကို အမှတ်**ရနေပြန်၏။** "ငါက တစ်ဖက်စွန်းရောက်တယ်။ ဩဇာ ငါ့ဘဝမှာ **ငါ့ဘ**ာအများမှ မကျူးလွန်ခဲ့ပါပဲ သူများကြောင့် ငါစိတ်ဆင်းရဲရမှာကို **အကြောက်ဆုံးပဲ။** ငါလေ သိပ်လောဘကြီးတာ၊ လောဘကြီးသလောက် ငါ ဘာမှပြန်မရဘူး။ အဲဒါကို ငါ မကျေနပ်ဆုံးပဲ"

ဘဝမှာ ပိုမကျေနပ်စရာအကောင်းဆုံးက နင်ရွေးချယ်လိုက်တဲ့ အိမ်ထောင်ဖက်ရဲ့ အဆိုးဝါးဆုံး ရက်စက်မှုကြောင့် နင်ဘယ်လောက် ကြေကွဲနာကျင်နေပြီလဲ မိုးပန်းရာ။

သူ စိတ်မောလာ၏။ သူ ဘာလုပ်ရမှန်းမသိတော့။ ချိုမြိန်ဖက်က လည်း တုတ်တုတ်မျှတောင်မလှုပ်။ ဖုန်းလည်းမဆက်။

တစ်ချိန်က သံယောဇဉ်ထက် သူငယ်ချင်းဆိုသော အသိတရားက လူငယ်တစ်ယောက်ကို ဥပေက္ခာပြုခွင့်မသာခဲ့။ သူ သေချာစဉ်းစားနေ၏။ သူ မိုးပန်းပွင့်အပေါ် ဘယ်လို သဘောထားသလဲ။ ဟင့်အင်း ဩဇာဘဝမှာ မိုးပန်းပွင့်ဟာ သူ့ရဲ့ တစ်ရံရောအခါက ကောင်မလေးပဲ ဖြစ်ခဲ့လေ၏။ ယခုအချိန်မှာ ဩဇာရင်ထဲ ရှင်းလင်းနေတာ . . အချစ်။ အချစ်ကို သူနားလည်ပြီဟု ယုံကြည်လာ၏။ အချစ်ဆိုတာ အတင်းအဓမ္မ ဖန်တီးပြီး ရယူလို့ရတဲ့အရာကို မဟုတ်ဘူးဆိုတာကိုပဲ။

အချစ်ဆိုတာ အင်မတန် နူးညံ့သိမ်မွေ့တဲ့ သဘောကိုဆောင်တယ်။

အချစ်က ဘဝတွေကို ပြောင်းလဲစေနိုင်တယ်။ ဘဝက အချစ်ကို



ပြောင်းလဲနိုင်တယ်။ သူတို့က အပြန်အလှန် သဘောဆောင်**တယ်။** အချစ်မပါဘဲနဲ့တော့ ဘယ်အရာကမှ မချောမွေ့ဘူး။ ရက်စက်**ကြတယ်။** ကြမ်းတမ်းကြတယ်။ အာဃာတတွေပါတယ်။ အခုပဲကြည့်**လေ** လူတစ်ယောက်ရဲ့ ဖြားယောင်းမှုကြောင့် အချစ်လို့ ထင်မှတ်ပြီး **ပုံအပ်**ခဲ့တဲ့ မိန်းကလေးတစ်ယောက်ရဲ့ဘဝ တစ်သက်လုံးနာကျင်ကြေကွဲ**ပေ**တော့။ ဒီအချိန်မှာမှ အလိမ်အညာခံခဲ့ရတဲ့ မိုးပန်းပွင့်ကပါ **ဒီ**ဇာတ်လမ်းမှာ လူကြမ်းဖြစ်တော့မလို့ သီသီလေးပါ။

သူ မိုးပန်းပွင့်ကို ဘာကြောင့် 'တွေ့သင့်တာလဲ။ သေချာတာ မိုးပန်းပွင့် နေမကောင်းဖြစ်နေပြီဆိုတာပဲ သူ တပ်အပ်ပြောနိုင်တာ။ မိုးပန်းပွင့်၏ ဒေါသက ဝေဒနာအဖြစ် ပြောင်းတတ်သည်မဟုတ်လား။

သူ သူငယ်ချင်းအဖြစ် မိုးပန်းပွင့်ကို သွားတွေ့သင့်သည်ဟု ယူဆနေ၏။ နေမကောင်းဖြစ်နေတဲ့ သူငယ်ချင်းကို အားပေးရုံပါပဲ။ ဒီထက်ပိုတွေ့သင်တာက သူ ချိုမြိန်စကားကို နားထောင်ချင်သည်။ သူ့အတွက် အစစအရာရာ နားလည်မှုပေးခဲ့သော ချိုမြိန်၏ ရင့်ကျက်တည်ငြိမ်မှုတွေက သူ့နှလုံးသားကို အေးချမ်းစေခဲ့၏။ သူ့ အခုအချိန်မှာ ချိုမြိန်ကို ပြောစရာတွေရှိနေ၏။

ဩဇာ ပြတ်သားစွာ ဆုံးဖြတ်လိုက်၏။ သူ မိုးပန်းပွင့်ကို **သွားတွေ့**မည်။ ထိုသို့မတွေ့ခင် သူတခြားတစ်ယောက်နှင့် အရင်တွေ့ရပါလိမ့်**မည်။** ဒါက သူ့အတွက် မှန်ကန်သော ဆုံးဖြတ်ချက်သာ။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် ဩဇာ နင်က ငါ့ကို သဘောကျတယ် ဟုတ်လား"

ဖြုန်းကနဲ ကြားလိုက်ရသည့်စကားကို နားက လက်မခံနိုင်လောက်အောင် အံ့ဩမှင်သက်မိနေ၏။ ဘုရားရေ သူမ ရှေ့တည့်တည့်မှာ ရှိနေတာ ဩဇာမှ ဩဇာအစစ်ပါ။ ကြည့်ပါဦး။ ယောက်ျားပီပီသသ လည်ကတုံးအဖြူနဲ့ ကချင်ပုဆိုးအနက်ဖောက်လေးနှင့် ကတ္တီပါဖိနပ် ရဲရဲက သူ့အသားနှင့် လိုက်ဖက်ပါရဲ့။ ဘုရားက ပြန်လာတာဟုပြောပြီး ချိုမြိန်ရှိရာ အလုပ်တိုက်သို့ ရောက်လာ၏။

ဩဇာ ပုံစံကိုကြည့်ပြီး သြော် သူမိုးပန်းပွင့်ကို သွားတွေ့ဖို့ သဘောတူလိုက်ပြီပဲဟု ဝမ်းသာမည့်မှ မကြံရသေး သောက်လက်စအအေးခွက်ကို ပြန်ချမိ၏။ ချိုမြိန် နားကြားလွဲတာ မဟုတ်နိုင်ပါ။ ဩဇာကိုယ်တိုင် ပြောလိုက်တာပါ။





"အခု ဒီကိုလာတာ အကြောင်းနှစ်ချက်ရှိတယ် ချိုမြိန်။ တစ်ချက်က ငါတွေ့သင့်တယ်ဆိုတဲ့ မိုးပန်းပွင့်ကို ဘာကြောင့် ငါတွေ့ [illegible] ဆိုတာ နင်အရင်ရှင်းပြဖို့။ နောက်တစ်ချက်က ငါ မိုးပန်းပွင့် [illegible] ခင် ပြတ်ပြတ်သားသား နင်သိအောင် ပြောစရာရှိတယ်။ အဲဒါ [illegible] တကယ် သဘောကျပြီး ငါ့ဘဝအတွက် ရွေးချယ်ထားတဲ့ မိန်းကလေး တစ်ယောက်ရှိတယ်ဆိုတာ နင်သိထားဖို့ပဲ..."

"ဟင် ဟုတ်လား ဘယ်သူလဲ"

"အဲဒီလောက် ရိုးရှင်း အလွန်းလို့လည်း နင်ဟာ ချိုမြိန်ဖြစ်နေတာ ပေါ့။ ဟာ...."ဟု ဩဇာ အော်ရယ်မိမတတ် ဖြစ်ခဲ့ရ၏။ အထိတ်တလန့်နှင့် သူ့ကို တအံ့တဩကြည့်နေရာသော ချိုမြိန်မျက်လုံးများက ဖြူစင်လွန်းလှ၏။ ဩဇာမရယ်ဝံ့ပါ။ တော်ကြာ နောက်လေခြင်းဟုထင်မှ သူ့လေးနက်မှုတို့ အရာမထင်ဖြစ်သွားလိမ့်မည်။ ဩဇာ တည်တည် ငြိမ်ငြိမ် လေးလေးနက်နက် ပြောလိုက်လေ၏။

"နင်ပဲ ချိုမြိန်။ ငါ နင့်ကို တကယ်သဘောကျတယ်။ နင်နဲ့ ငါ့ ကြားမှာ ဘာအကွယ်အဝှက်မှ မရှိဘူး။ တစ်ယောက်အကြောင်းတစ်ယောက်သိတယ်။ ငါ့ဘဝမှာ အယုံကြည်ရဆုံးနဲ့ သံယောဇဉ်အရှိဆုံးက နင်ပဲ။ အဲဒါ အချစ်ဆိုရင် ငါ့အချစ်ကိုနင် ကျေကျေနပ်နပ်လက်ခံ ပေးစေချင်တယ်"

သူ့ကို ချိုမြိန် တန်ဖိုးထားခဲ့တာ သူ အသိဆုံးပင်။

"ဘုရားရေ နင်တကယ်ပြောနေတာလား ဩဇာ သွား သွား မဟုတ်တာတွေမပြောနဲ့ မိုးပန်းကို အားနာစရာ"

ကမန်းကတန်း ချိုမြိန်တားသည်။ ရုတ်တရက် ဆို့တက်လာသော



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေကို ထိန်းပေမယ့် ဩဇာ မြင်သွား၏။ ချိုမြိန်ဟု ခပ်ကျယ်ကျယ်ခေါ်ပေမယ့် မထူး။ မျက်ရည်တွေဝဲလာရင်း အတင်းတား၏။ ဩဇာကို လက်ကာပြ၏။ ဩဇာ လက်မခံ။ သူ ဇွတ်ပြောလေ၏။

"တော်တော့ ချိုမြိန်၊ နင့်ရင်ထဲမှာ ဘယ်သူရှိလဲဆိုတာ ငါအသိဆုံး။ ငါ နင့်ကို ဖွင့်ပြောဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပေမယ့် နင်မယုံမှာစိုးလို့။ ငါ့ဘဝမှာ မိုးပန်းပွင့်နဲ့ ပတ်သက်ပြီး နာကျင်စရာတွေများလွန်းလို့ ငါ မြိုသိပ်ခဲ့တာပါ။ နင် သိရက်သားနဲ့ ဘာလို့ ညာချင်တာလဲ။ နင်ဘယ်သူ့ကို ညာချင်တာလဲ ပြောလေ"

"ဩဇာ နင် အဲလိုဇွတ်မပြောစမ်းပါနဲ့ ငါ့ ရင်တုန်လွန်းလို့ပါဟယ်။ နင့်စကားကို ပြန်ရုတ်သိမ်းပေးစမ်းပါ ငါတို့ အရင်အတိုင်း"

"မရတော့ဘူး ချိုမြိန် ဒါယောကျ်ားစကားပဲ၊ ငါ မကြာခင် အလုပ်ပြန်ထွက်တော့မှာ နောက်တစ်နှစ်လောက်ကျမှ ပြန်လာမယ်။ အဲဒီအထိ နင့်အဖြေကို ငါစောင့်နေမယ် ဒါပဲ။ ကိုင်း ပြော ငါဘာလို့ မိုးပန်းပွင့်ကို တွေ့သင့်တယ်ဆိုတာ ဒါ ဒုတိယအချက်ပဲ"

ချိုမြိန် ပင့်သက်ရှိုက်၏။ သူမတို့ နှစ်ယောက်ကြားမှာ ပြောစရာတွေများလွန်း၍ ပြောစရာစကား မရှိတော့ပြီထင့်။ ဩဇာ၏ ယောကျ်ားမာနကို သူမစော်ကားလိုပါ။ ဩဇာ ဘယ်လောက် တည်ငြိမ်လေးနက်သွားပြီဆိုတာကို ချိုမြိန် အသိဆုံးပင်။ ချိုမြိန်ရဲ့ "ကစားဖော်ငယ်ကတည်းက စွဲတဲ့အချစ်" ပါလို့ ကမ္ဘာလောကကြီးကို တိုင်တည်ခွင့်ရသွားပြီလားဟင်။

ချိုမြိန် လက်ခုံပေါ်သို့ မျက်ရည်တစ်ပေါက်ကျသွား၏။ ပေးဆပ်ခဲ့ရသော အနစ်နာခံမှု၊ နားလည်မှုများအတွက် ဩဇာ၏ ချစ်ခြင်းမေတ္တာတို့



သူမထံ ရောက်ရှိလာလေပြီလားကွယ်။ ဩဇာ မမြင်အောင် မျက်ရည်ကို သုတ်၍ ချိုမြိန် ခေါင်းငုံ့ပြောမိ၏။ အခုအချိန်မှာ သူမ ဩဇာ၏ မျက်လုံးများကို မကြည့်ဝံ့။ ဩဇာ၏ ရဲရင့်ပြတ်သားမှုကို ချိုမြိန် ကြောက်နေ၏။ ပြီးတော့ မိုးမန်းပွင့်.....

"သူနေမကောင်းဖြစ်နေလို့ မဟုတ်လား"

ဩဇာ အတင်းထပ်မေးသည်။ ချိုမြိန်ခေါင်းညိမ့်လိုက်၏။ နှုတ်ကတော့ အင်းတစ်လုံးသာ။

"ငါ လိုက်လို့ဖြစ်မလား၊ နင် သဘောတူတယ်နော်"

"အင်းပါဆို နင် လိုက်သာတွေ့ပေးပါ ဩဇာ။ ငါ ဒါပဲ ပြောချင်တယ်။ ငါတောင်းဆိုချင်တာ ဒါပဲ"

"ဘာလို့ ဒီလောက်တောင် မိုးပန်းပွင့်ဖက်ကချည်း စဉ်းစားပေးနေတာလဲ ချိုမြိန်၊ နင့် နှလုံးသားကို နင် ညာရလို့ ပင်ပန်းနေပြီ"

"ဟင့်အင်း ငါမပင်ပန်းဘူး နင့်ကို သူ့ဆီခေါ်သွားဖို့ပဲ ငါသိတယ်။ ပြော နင်လိုက်မလား မလိုက်ဘူးလား"

"မလိုက်ဘူးဆိုရင် ဒီကလှည့်ပြန်တော့ ငါတို့ ဘယ်တော့မှ မဆုံတော့ဘူးလို့များ ပြောဦးမှာလား ချိုမြိန်၊ နင် ဒီလောက် သတ္တိမကောင်းပဲနဲ့များ။ တော်တော့ ငါလိုက်ခဲ့မယ် နင်သွားချင်တဲ့ဆီကိုသာသွား"

"အခုအချိန်မှာ ငါဟာ ဘယ်သူ့တိုက်တွန်းချက်နဲ့မှ မိုးပန်းပွင့်ကို စိတ်နာဖို့ မကြိုးစားခဲ့ဘူးဆိုတာ နင် ယုံတယ်မဟုတ်လား ချိုမြိန် တကယ်တော့ ငါတို့နှစ်ယောက်ရဲ့ လမ်းခွဲမှုက တရားမျှတပါတယ်။ သူ့ရဲ့ လောဘကြီးမှုကို ငါမလိုက်လျောနိုင်သလို ငါ့ရဲ့ ရင်ထဲက မရူးနစ်တဲ့အချစ်ဆိုတာကြီးကိုလည်း သူ မရသင့်ဘူး။ ငါတို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ညာရတာ ငါမောလာတယ်။ ဒါကြောင့် လမ်းခွဲခဲ့တာပဲ။ သူ့ သိပ်စိတ်ဝင်ပန်းမယ်မှန်း ငါသိပေမယ့် ငါ့လိပ်ပြာသန့်ချင်တယ်။ မိန်းကလေးတစ်ယောက်ရဲ့ အစွန်းရောက်ချစ်ခြင်းမေတ္တာကို တန်ဖိုးမကျစေချင်ဘူး။ သူ့ရဲ့ တစ်ဖက်သက်စိတ်ကို ငါအားနာတယ်။ ငါကြောက်တယ် ချို့မြိန်။ ငါက ငါ့ကို နားလည်နိုင်တဲ့သူ ပြီးတော့ ငါကလည်း ပြန်နားလည်နေတဲ့ သူမျိုး....”

ဘယ်အချိန်ပြောပြော ထိုစကားအနက်သို့သာ ရောက်ရှိသွားသည့် သံတူကြောင်းကွဲ အဓိပ္ပါယ်ကို ဩဇာထံမှ ကြားရပေမယ့် ငါမကြားဘူးလို့ပဲမှတ်တယ်ဟု စိတ်ထဲမှာ အကြိမ်ကြိမ်ပြန်ပြောနေခဲ့သည့် ချို့မြိန်ခမျာ ညအိပ်ရာဝင်တိုင်း ခေါင်းအုံးပေါ်မှာ စိုထိုင်းထိုင်းရေငွေ့တွေ ဘယ်ကကျလာမှန်း မသိဘူးဟု ပြောရင်းသက်ပြင်းရှိုက် အိပ်မရခဲ့သည့် ညတွေ များခဲ့လေသည်။

ထို အိပ်ပျက်ညတွေကို လွန်မြောက်ပြီးသကာလ....

သည်နေရာလေးသို့ ဩဇာကို သူမ ခေါ်လာနိုင်ခဲ့ချေပြီ။

* * * * *





(၁၀)

ဖြူလျော့သော အသားအရေပေါ်မှ သွေ့ခြောက်နေသော နှုတ်ခမ်းလွှာတို့က မပွင့်တပွင့်။ ထင်ရှားသော မျက်ခုံးစိမ်းစိမ်းတို့ကတော့ နဂိုအတိုင်း ကော့ညွှတ်သော မျက်တောင်တို့ကလည်း ရှိမြဲပါပဲ။ ထူးဆန်းတာ ဝိုင်းဝိုင်းစက်စက် သူမမျက်ဝန်းလေးတွေ....။ ဘယ်မှာလဲ... ဘယ်မှာလဲ....။

“မိုးပန်း”

“အင်း”

ခေါ်သံနှင့် ထူးသံကြားမှာ အချိန်နည်းနည်းလေးကြာသည်။ ဖြည်းဖြည်းလေးခေါ်ပေမယ့် ပြန်ထူးတော့ ယောင်ချာချာ။ အဖြူရောင်အင်္ကျီလက်ရှည်နှင့် ထမိန်အပြာရင့်ရောင် ဝတ်ထားသည့် စပါရှယ်နာ့စ်မလေးက ထမလားပွဲ့ပေးမယ်လေဟု လက်ကမ်းရင်းပြောသည်။ သေသပ်စွာ ဖီးသင်ထားသည့် ဆံပင်များကို ဝဲနေအောင်ခါရင်း တစ်ဖက်သို့ မျက်နှာလှည့်သွား၏။ နောက်ကျောမှ ကြည့်နေရင်း ပခုံးသိမ့်သိမ့် တုန်အောင် ရယ်မောနေသည်ကို တွေ့ရပေမည်။

“အဲသလို မရယ်နဲ့လေ ရယ်ချင်ရင် အော်ရယ်ပါ။ ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်ရယ်နေတာလဲ ပြောပါဦး ဘာရယ်စရာတွေများ ရှိနေလို့လဲ။ ကျွန်မတို့လည်း ဝိုင်းရယ်ရအောင်”

စပါယ်ရှယ်နာစ့်က ပြောတော့ ကျောခိုင်းလျက်ကနေ တီကနဲ ကိုယ်လုံးတွေ လှုပ်နေတာ ရပ်သွားပြီး ငြိမ်ကျသွားလေ၏။

ထိုမြင်ကွင်းကို မမှိတ်မသုန်စိုက်ကြည့်နေတာ ဩဇာ။ သူ ကြောင်အမ်းစွာနှင့် တစ်ဖက်မှာရပ်နေသည့် ချို့မြိန်ကို လှမ်းကြည့်လိုက်၏။ ချို့မြိန်နှင့် သူ့မျက်လုံးချင်းဆုံချိန်၌ ချို့မြိန်ထံမှ အဓိပ္ပါယ်များစွာ... များစွာပါသော စကားများစွာ ပြောနေသော မျက်လုံးများနှင့် ရင်ဆိုင်လိုက်ရ လေ၏။

ဩဇာ အံ့ဩလွန်း၍ ဘာပြောရမှန်းပင်မသိ။

သူ့ရှေ့မှာရှိနေတာဘယ်သူလဲ။ အဲဒီလိုဖြစ်နေတဲ့သူဟာ မိုးပန်းပွင့်ဆိုရင် သူလက်မခံဘူး။ မိုးပန်းပွင့် မဟုတ်စေရဘူး။ သူချွေးတွေပြန်လာ၏။ သူ့ရင်ဘတ်တွေ စူးအောင့်လာ၏။

“ချို့မြိန်”

သူ စိတ်မထိန်းနိုင်စွာ လှမ်းခေါ်လိုက်၏။ ဆတ်ခနဲ ချို့မြိန်လှည့်ကြည့်သလို ကုတင်တစ်ဖက်မှာ မျက်နှာဝှက်ထားသည့် တစ်ယောက်ကလည်း သူ့အသံကြားရာသို့ ချာကနဲလှည့်လာ၏။ ပြီးမှ ဘယ်သူလဲဟု မေးရင်း ထူးလိုက်သောအခါ ကလေးလေးတစ်ယောက်လို ပျော့နွဲ့စွာဖြင့် ဆရာမ ရင်ခွင်ထဲကိုမှီရင်း သူ့ကို ငေးကြည့်နေလေ၏။ ထိုမျက်လုံးတွေကို သူမကြိုက်ဘူး။

သူဘာလုပ်ရမလဲ။ သူဘာလုပ်ရမလဲ။ အဲဒါ အဲဒါ မိုးပန်းလား။ ထိုအချိန်၌ ချို့မြိန်က ကုတင်စောင်းမှာ ဝင်ထိုင်နေလေပြီ။





“နေကောင်းလား မိုးပန်း ငါလေ ချို့မြိန်လေ မှတ်မိတယ်မဟုတ်လား။ ဒီနေ့ နင်ကြိုက်တဲ့ ပဲပေါက်စီဝယ်လာတယ် သီလား ထမင်းစားပြီးရင် နင်တစ်လုံး ငါတစ်လုံး စားမယ်လေ။ လာထိုင် ဒီမှာ ငါတို့သူငယ်ချင်း တစ်ယောက်လည်းပါလာတယ်။ ပြောစမ်း သူ ဘယ်သူလဲဆိုတာ...”

ချို့မြိန် ရင်ခွင်ထဲသို့ ဇွေ့ကနဲ ရောက်လာသော လူမမာမလေးဟာ မိုးပန်းပွင့်တဲ့လား။ ကြောင်စီစီနှင့် သူ့ကို တစ်ချက်သာကြည့်ပြီး သူစိမ်းသက်သက် မျက်လုံးများကို လွှဲဖယ်ကာ ချို့မြိန်ကိုပြုံးပြ၍ ပဲပေါက်စီကိုသာ စားလိုစိတ်ဖြစ်နေတာကရော မိုးပန်းပွင့်တဲ့လား...။

သူ့ကို ဘာစကားမှ မပြောပဲ အိန္ဒြေမပျက် လှုပ်ရှားနေနိုင်သော ချို့မြိန် လုပ်ရပ်များကို သူနားလည်နိုင်စွမ်းမရှိပေ။ သူ့ကိုယောင်၍မှုပင် အရေးမလုပ်တော့ဘဲ မိုးပန်းပွင့်ဟု ယူဆရသော မိန်းကလေးတစ်ယောက်နှင့် ပဲပေါက်စီ တစ်ယောက်တစ်လုံးစီ အဝထိုင်စားနေသောအခါ....။

သူဆတ်ကနဲ ထရပ်ပြီး အခန်းအပြင်သို့ ထွက်လာခဲ့မိ၏။ သူ့အသားတွေတုန်နေ၏။ ဘာတွေဖြစ်ကုန်ပြီလဲ။ ဒါ မိုးပန်းပွင့်ရဲ့ သင်္ကေတတွေထဲက တစ်ခုပင်လား။ သူရောက်နေတာ မိုးပန်းပွင့် နေထိုင်ရာအိမ်ရော ဟုတ်ရဲ့လား။ သူလုံးဝမယုံနိုင်ပါ။ သူ့မျက်စိရှေ့တင်ဖြစ်ပျက်နေတာကို အမှန်တရားဟု သူယူဆရမည်လား။ ဘာတွေလဲ ဘာကြောင့် သည်လိုဖြစ်သွားတာလဲ။

မည်မျှ အချိန်ကြာသွားသည်မသိ။ သူ့နောက်မှ ဆရာမလေး၏ အသံပေါ်လာ၏။ ဆရာမက သူ့ကို မေးခွန်းတွေ ထုတ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘယ်သူလဲ။ မိုးပန်းပွင့်ရဲ့ သူငယ်ချင်းလား"

"ဟုတ်... ဟုတ်ကဲ့ ဆရာမ"

"ဒါဆို မိုးပန်းပွင့်အကြောင်း သိပြီးပြီပေါ့"

သူ ဘယ်လိုပြောရမလဲ။ ဘာမှ မသိဘူးဆိုတာလည်း မဖြစ်နိုင်။ သူဟာ မိုးပန်းပွင့်အကြောင်း တော်တော်များများ သိခဲ့သူအမှန်ပါပဲ။ သူ့ထက်ပိုသိတာ ချိုမြိန်။ အခန်းထဲမှ ထွက်မလာသေးသော ချိုမြိန်ကို သူ စကားတွေ အများကြီးပြောချင်နေ၏။ သူသိလိုတာတွေလည်း အများကြီး မေးချင်နေ၏။ ပြီးတော့ သူ့ရှေ့ရှိ အခန်းထဲမှ မိုးပန်းပွင့်ကို မကြည့်ရက်။ မကြည့်နိုင်။ မျက်နှာလွှဲနေမိ၏။

"သိပ် စိတ်ထိခိုက်သွားရှာတာ။ ကျွန်မဖြင့် သူနဲ့နေမှ သူ့ကို ပိုသနားပြီး ပိုကရုဏာသက်မိတယ်။ အထီးကျန်တဲ့ ဝေဒနာကို ဒီညီမလေး ခံစားနေရရှာတာ သူ့အမေဆို နောင်တတွေရလိုက်တာ ရပစေ ရပစေ ဒီမအေ ဖွတ်လုပ်လို့ ဒီကလေး ဒီလိုဖြစ်တာ..."

ဆရာမအသံ တိုးသွား၏။

ဘာတွေလဲ ဘာတွေပြောနေကြတာလဲ။ ဩဇာဘာမှကို နားမလည်နိုင်စွာ ဆရာမကို စိုက်ကြည့်နေတော့၏။ ထိုအချိန်မှာ ချိုမြိန် ခပ်ကျွေးနေသော စွပ်ပြုတ်ကိုပါ ကလေးတစ်ယောက်လို စားနေရှာသော မိုးပန်းပွင့်သည် သူနှင့် ဘယ်တုန်းကမှ ပတ်သက်ဆက်နွယ်ခဲ့ဖူးခြင်း မရှိသည့်နှယ်။ ချိုမြိန်ကတော့ ပေါက်စီနှင့် စွပ်ပြုပ်ကို သူကိုယ်တိုင် ကျွေးလိုက်ရ၍ ဝမ်းသာနေသည့်ပုံ။ ဆရာမက စပါရှယ်နာစ့်နှင့် မတူ။ အိမ်သားတစ်ယောက်သဖွယ် အတွင်းရေး အပြင်ရေး ပြောနေပြန်လေ၏။ ထိုဆရာမလေးက ဘာတွေ ဒီလောက်သိနေရပြန်တာလဲ။





စိတ်ပင်ပန်းမောနွမ်းလာ၍ သူ လှည့်ထွက်မည်အပြင်

"ဩဇာ ခဏလာပါဦး"

သူ ဆတ်ကနဲ တုန်သွား၏။ ချိုမြိန်အသံက အမိန့်ပေးသံလိုပဲ။ သူရုတ်တရက် လှည့်ကြည့်တော့ ငေးရီရီနှင့် သူ့ကို ကြည့်နေသော မိုးပန်းပွင့်။ မိုးပန်းပွင့်က သူ့ကို လုံးဝမသိတော့ပါ။ ဒါဟာ အံ့ဩစရာပဲ။ မယုံကြည်နိုင်စရာပဲ။ မဖြစ်နိုင်ဘူးထင်သည့် အမှန်တရားပါပဲ။

"မိုးပန်း ဒါ တို့သူငယ်ချင်း ဩဇာလေ"

"ဩဇာ"

သံယောင်လိုက်သံနှင့် မိုးပန်းပွင့် ပြော၏။ ဩဇာဟု တစ်ခွန်းထပ် ခေါ်၏။ ထို့နောက် "သိပြီ သိပြီ ငါ့ဆီက စာခိုးချတဲ့ကောင်လေး မဟုတ်လား ငါတို့ ရှစ်တန်းနှစ်ကလေ ချိုမြိန်ရယ် အခု ငါတို့ ဆယ်တန်းဖြေတော့မှာ မဟုတ်လား။ စာကျက်ရမယ်နော်။ ဆရာစ ဆရာမ သမီးစာအုပ်တွေရော ဘယ်မှာလဲ" ဟု တရစပ်ပြောရင်း ကမန်းကတန်း ကုတင်ပေါ်က ခုန်ချလေ၏။

သည်တော့မှ ဩဇာ သေသေချာချာ ကြည့်မိသည်။ မိုးပန်းပွင့် ဝတ်ထားတာ အဖြူနဲ့အစိမ်း ကျောင်းဝတ်စုံလေးနှင့်ပါလား။

ဝမ်းနည်း ဝမ်းသာမှု အလျဉ်းမရှိသော မိုးပန်းပွင့်သည် သူ့ ကျောင်းစာအုပ်တွေကိုသာ တွင်တွင်ရှာနေရာ ဆရာမက အတွေ့အကြုံ ရှိနေသူပီပီ ကုတင်ဘေးက စာအုပ်နှင့် လွယ်အိတ်ကို ရင်ခွင်ထဲထည့် ပေးလိုက်၏။ သည်တော့မှ သူမက ကျောင်းစာအုပ်တွေ ဖွင့် ဖတ်လေသည်။ အားလုံး ကလေးပုံပြင်များ ကလေးကာတွန်းများနှင့် ရှစ်တန်းဖတ်စာအုပ်များသာ ဖြစ်နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အရာရာဟာ လွဲချော်နေသလိုပဲဟု ဩဇာထင်နေ၏။ မိုးပန်းပွင့်၏ လှုပ်ရှားမှုများက ဆယ်ကျော်သက် ဆယ့်လေးငါးနှစ်ထက် မပိုချေ။

"အဲဒါပဲ ဩဇာ"

သူ့ နောက်မှာလာရပ်ရင်း သူ့ကို လက်ဆွဲခေါ်လာသော ချိုမြိန့် နောက်မှ သူ သတိကင်းလွတ်နေသလို လိုက်ပါလာ၏။ သူ စိတ်ထိခိုက်လွန်း၍ အသံပင် မထွက်နိုင်။ ဝေးရီရီနှင့် ချိုမြိန်ကို ကြည့်နေမိ၏။ သူတို့နှစ်ယောက် ဘယ်အချိန်က အိမ်ပြန်ရောက်လာသည်ကိုပင် ဩဇာ မသိတော့။

ချိုမြိန် တက္ကစီငှားတာ သူတွေ့သည်။ သူတက်စီးလိုက်သည်။ သူတို့တိုက်ခန်းရှေ့က ကော်ဖီဆိုင်လေးသို့ ချိုမြိန်ဝင်သွားသည်။ သူ လိုက်ဝင်သွားခဲ့သည်။ သူတို့နှစ်ယောက် ကော်ဖီမှာသောက်ကြသည်။ ဘာစကားမှ မပြောဖြစ်။ သူငြိမ်သက်လွန်းနေပြီ။ စိတ်လှုပ်ရှားမှုကို ထိန်းချုပ်လွန်းနေရာ ချိုမြိန်ကစတင်၍ စကားပြောပါသည်။

"ဒါဟာ အဖြစ်မှန်ပါပဲ ဩဇာ။ တို့ရဲ့ မိုးပန်းပွင့်ဟာ သူ့ဘဝကို ဘယ်လောက်စိတ်ပျက် စိတ်နာသွားလဲဆိုရင် အဆိုးရွားဆုံးဖြစ်ခဲ့တဲ့ အဖြစ်အပျက်မှန်သမျှ မေ့သွားပြီး သူ့စိတ်က သူပျော်ရွှင်ခဲ့တဲ့ အရွယ်မှာပဲ ကျန်ခဲ့တော့တယ်။ ဒါဘာကြောင့်ဆိုတာ စိတ်ပညာရှင်တွေ ပိုသိမယ်။ ငါ့အမြင်ကတော့ သူ့ကို စိတ်ဒုက္ခပေးခဲ့တာ အားလုံးကို သူမေ့ပစ်လိုက်ပြီဆိုတာပဲ"

"သူက အခု သူ့ကိုသူ ဆယ်တန်းပေါ့"

ဩဇာ အထိတ်တလန့် မေးသည်။ ချိုမြိန် ခေါင်းငြိမ့်ပြ၏။

"ဟုတ်တယ် နင့်ကို သူမေ့သွားပြီ။ ငါ့ကို ဘာလို့မမေ့တာလဲဆိုတာ





သူ့မှာ သူငယ်ချင်း တစ်ယောက်ရှိတယ်တဲ့၊ သူ့အနွံတာကို ခံတယ်တဲ့။ သူ့ကို ဒုက္ခမပေးဘူးတဲ့။ သူ့မှာ အမေ မရှိတော့ဘူးတဲ့"

"ဘာ"

"ဟုတ်တယ် သူ့မှာ အမေမရှိတော့ဘူး"တဲ့၊ သူ့အဖေက နိုင်ငံခြားမှာ ပညာတော်သင်သွားနေတယ်တဲ့။ နင် စဉ်းစားကြည့်စမ်း။ အဲဒီလို သူတွေးတာ သူမှန်တာပေါ့ ဩဇာရယ်။ မိုးပန်းပွင့်လေ သိပ်သနားစရာကောင်းတာ။ သူဘာကိုမှ မမှတ်မိချင်တော့ဘူး။ သူ စိတ်ဆင်းရဲလွန်းလို့ ဒီလိုဖြစ်သွားတာ ငါ သိပ်ခံစားရတယ် ဩဇာ"

မျက်ရည်များ လိမ့်ဆင်းကျနေသော ချိုမြိန်သည် သူဘာမှမမေးပါပဲ "စေ့စပ်ပွဲပျက်တဲ့ နေ့ကတည်းက သူစိတ်ဖောက်သွားတာ" ဟု တိုးတိုးလေးအပြောမှာ ရှိုက်သံတွေ လှိုက်တက်လာ၏။

ဩဇာ မျက်စိစုံမှိတ်ထားလိုက်၏။ သူ့အမေ သူ့အမေမရှိတော့ဘူးတဲ့လား။ ရက်စက်လှချည်လား ကံတရားရယ်။ မိုးပန်းပွင့်ကို ခွင့်လွှတ်ပေးလိုက်ပါလား ကံကြမ္မာရယ်။ မိုးပန်းပွင့်ကို အလှည့်ကျမှ...

"အန်တီကလေ သူ့ကြောင့် ဒီလိုဖြစ်တာပါဆိုပြီး အော်အော်ငိုတာ။ ဆေးရုံ ဆေးခန်း အတော်စုံတယ်။ မိုးပန်းကို ဇိုက်ပြတာ၊ နောက်ဆုံးတော့ အိမ်မှာပဲ ဂရုစိုက်ပါဆိုတဲ့အဖြေနဲ့ ဒီလိုနေရတာပဲ။ နင် သွားကတည်းကဆိုပါတော့ ဒါဟာ နင်သိချင်တဲ့ မိုးပန်းပွင့်ရဲ့ သင်္ကေတတွေပါပဲ ဩဇာ"

ဩဇာ မြင်ကွင်းထဲမှာ ကျောင်းစိမ်းဝတ်စုံနှင့် ကောင်မလေးကိုသာ မြင်နေလေ၏။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



(၁၁)

အရွယ်ကို ရပ်တန့်ပစ်လို့ရသည့်နည်းလမ်းအား မိုးပန်းပွင့်ရှာဖွေတွေ့သွားပြီးမှန်း သူမပတ်ဝန်းကျင်တစ်ခုလုံး နားလည်သွားခဲ့ကြလေပြီ။ ဒီကိစ္စမျိုးရှိသလားဟု အော်ဟစ်၍သာ ဩဇာမေးချင်တော့၏။ သူလိုယောကျ်ားလေးတစ်ယောက် တုန်လှုပ်ခြောက်ခြားကြွရသည့် အဖြစ်မျိုးမှာ အဓိကသရုပ်ဆောင်က မိုးပန်းပွင့်တဲ့လေ။ ဒါ ရုပ်ရှင်ရိုက်နေတာမဟုတ်ပါဘူး။ တကယ် ဖြစ်ပျက်နေတာပါ.....။

"ငယ်ငယ်လေးကတည်းက သူ့မှာ ဆိုက်ကိုရှိနေတာပါ။ သူ့အဖေနဲ့အမေ တစ်ညလုံးရန်ဖြစ်ပြီး တစ်အိမ်လုံး ပေါက်ခွဲလွှင့်ပစ်နေတဲ့အခါမျိုးမှာ မိုးပန်းပွင့်လေးက တစ်ကိုယ်လုံး စောင်ခြုံထဲဝင်နေပြီး နားလေးချင်ယောင်ဆောင်ခဲ့တယ်။ ဒါကို ဘယ်နည်းနဲ့သိလဲဆို... သူ့အမေခေါ်တာကို မကြားဘူးချည်းပြောကတည်းကတဲ့...။ အမှန်တော့ မိဘတွေရဲ့ ပဋိပက္ခကိုသိလည်းသိ...မြင်လည်းမြင်၊ ကြားလည်းကြားပါလျက်.... ဘာမှမလုပ်ပေးနိုင်တဲ့အဆုံး... နားလေး





သလိုလိုလုပ်ပစ်ခဲ့တာကို သူ့ အိမ်သားတွေကသိကြတယ်။ သီချင်းဖွင့်နားထောင်ရင်တော့ တိုးတိုးလေးနားထောင်ပြီး၊ အိမ်ထဲမှာ ဆူဆူညံညံကြားရင် ဘာမှမကြားသလို လုပ်တာတဲ့။ ဒါပေမဲ့ သူ့အဖေနဲ့အမေ အိမ်ထောင်ကွဲသွားချိန်ကျတော့ ဘယ်ဆရာဝန်နဲ့မှ မကုရပါဘဲ သူ့နားကပြန်ကောင်းသွားရော တဲ့လေ။ အဲဒီအထိလည်း မိုးပန်းအမေဟာ သမီးတစ်ယောက်ကို ဘယ်လိုပြုစုပျိုးထောင်ရမှန်းကို မသိခဲ့ဘူး။ တစ်ချိန်လုံး မာန်မာနတက်ပြီး သူပျော်သလို နေဖို့ပဲ သိခဲ့တယ်...။"

"သူ့ကိုယ်သူချစ်နေရတာနဲ့ သူ့သမီးလေးကို ချစ်ဖို့ မေ့နေခဲ့တယ်တဲ့လေ..."

ဝတ္ထုတစ်ပုဒ်လိုပါပဲ။ ဒါဟာ ဝတ္ထုဖြစ်ရင် သိပ်ကောင်းမှာပါပဲ။ ဒါပေမယ့်....ဒီအဖြစ်အပျက်ဟာ ဝတ္ထု မဟုတ်ပါဘူး။ တကယ့်အဖြစ်မှန်တွေပါ။ ဒီလိုဖြစ်ဖို့ဆိုတာ အတော်ကြီးမလွယ်တဲ့ ကိစ္စမျိုးပင်။ တမင်လုပ်ယူလိုက်သကဲ့သို့... လောကဓံက လှလှပပ ဒဏ်ခတ်သည်ဆိုလျှင်တောင်မှ... ဘာအပြစ်မှမရှိသည့် မိုးပန်းပွင့်ကို မိဘနှစ်ပါးကိုယ်စား ဒဏ်ခတ်လိုက်လေပြီလား..။

အသံတွေတည်ငြိမ်ပြီး ဖြစ်စဉ်ကိုနားလည်သလို ရှင်းပြနေတာ ချိုမြိန်အား...သူငေးကြည့်နေမိ၏။

သူ့မျက်လုံးထဲမှာ ဆယ့်လေးငါးနှစ်အရွယ် ကျောင်းဝတ်စုံလေးနှင့် ကောင်မလေးတစ်ယောက် ရယ်မောပျော်ရွှင်နေသည်ကိုသာမြင်နေ၏။

ဒီအတိုင်းပဲကောင်းပါတယ်ဟု သူယုံမှတ်လိုက်ရင်း အားလုံးကိုမေ့



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်ချင်ပါသည်။ သနားကြေကွဲခြင်းဆိုတဲ့ အရသာကို သူမခံစားချင်တော့ဘူး။ ရင်နာစရာ အဖြစ်တွေကိုသူမကြားချင်တော့ဘူး။

"မိုးပန်းက သူ့အဖေကိုအထင်ကြီးပြီးချစ်ခဲ့ရတယ်ဆိုတော့...သူ့အဖေဟာ သူထင်သလိုဖြစ်မလာဘဲ နောက်အိမ်ထောင်ပြုလိုက်တယ်။ နောက်ကလေးတွေထပ်ရတယ်။ သူ့ချစ်ခြင်းတွေကို ခွဲပေးလိုက်ရတယ်။ ဒီလိုဖြစ်တာဟာလည်း သူ့အမေရဲ့ အတ္တကြီးမှုနဲ့ မာနကြီးမှုကြောင့်ဆိုတာ သူသိနေတယ်....။ ဒီတော့ သူကသူ့အဖေကို စာတော်ပြီး နိုင်ငံခြားမှာ ပညာတော်သင်သွားနေတဲ့ လူကြီးအဖြစ် စိတ်ကူးနဲ့ ဖန်တီးပစ်လိုက်တယ်။ အဲဒီတော့ သူ့ရင်ထဲကအငြိုးအတေးတွေ၊ မကျေနပ်မှုတွေ သူ့အဖေဆီမရောက်တော့ဘဲ...သူ့အဖေနဲ့သူ့ရဲ့ ခွဲခွာမှုဟာ သမရိုးကျဖြစ်သွားတယ်။ ဘယ်အချိန်မေးမေး... ဘယ်သူမေးမေး ဖေဖေနိုင်ငံခြားမှာ ပညာတော်သင်သွားနေတယ်တဲ့...။ ဒီအဖြေဟာ မိုးပန်းပွင့်ရဲ့ လွမ်းဆွတ်မှုကို အမုန်းမပါဘဲ ပြသခဲ့တာတဲ့လေ....."

"ဒီအဖြေ ဒီအသိတွေကို ချိုမြိန်မည်ကဲ့သို့ သိနိုင်ပါမည်နည်း။"

သက်ဆိုင်ရာ စိတ်ပညာပါရဂူ၊ သက်ဆိုင်ရာ စိတ်ကျန်းမာရေးဆရာဝန်ကြီးတွေ၏ သုံးသပ်ချက်တွေ၊ ပြောကြားချက်တွေကတစ်ဆင့် သိခဲ့ခြင်းပဲဖြစ်လေ၏။

စိတ်ကိုစိတ်နဲ့လေ့လာသုံးသပ်ပြသည့်အခါ၌ မိုးပန်းပွင့်သည် သူ့စိတ်အသစ်တစ်ခုကို သူမကိုယ်ခန္ဓာထဲသို့ ဆွဲယူလာခဲ့ပြီးဖြစ်နေ၏။

ရပ်တန့်သွားသော ခန္ဓာကိုယ်ကို ဖန်တီးမယူလိုက်တာပဲတော်ပါသေးသည်ဟု မိုးပန်းအမေကဆိုသည်။

* * * * *





"အန်တီ့ကိုသေသွားပြီလို့ သမီးကပြောကတည်းက အန်တီကသေသွားတဲ့ လူတစ်ယောက်လို့ ဘာမှ မျှော်လင့်ချက်မရှိတော့ဘူး။ အန်တီရဲ့ အလုပ်တွေအားလုံး ရပ်ဆိုင်းသွားတယ်။ အမေတစ်ယောက်ရဲ့ တန်ဖိုးကို အန်တီပြန်ရှာတွေ့သွားတယ်။ အန်တီတုန်းက အမေ့ရဲ့ဂရုစိုက်မှုကို အန်တီအပြည့်အဝ ရယူခဲ့ပြီး... သမီးအလှည့်ကျတော့....."

သမီးအဖေကို မုန်းတဲ့အငြိုးတွေ သမီးအပေါ်ပုံချခဲ့တာတဲ့ မိုးပန်းအမေက ခပ်တိုးတိုးပြောပြီး မျက်ရည်သုတ်သည်။ သူဘာစကားမှ မပြောနိုင်ဘဲ ငေးငိုင်ကြည့်နေမိ၏။

ညည်ခန်းကြီးက ခမ်းနားထည်ဝါပါသည်။ အိမ်၏အသုံးအဆောင်များကလည်းလှပတင့်တယ်နေပါသည်။ အဆောင်အယောင်များစွာတို့ ပိုင်ဆိုင်ထားသည့် ထိုအိမ်အရှင်သခင်ကတော့... ဝေဒနာပွားနှင့် စိတ်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



လွှက်....စိတ်နှင့်ကိုယ်တခြားစီ။

"တစ်ကယ်တော့ ဒါမျိုးဖြစ်တာကုရင်ပျောက်ရမှာပဲ သားရယ် အန်တီနည်းမျိုးစုံကုတယ်...။ သူ့အတွက်ဘယ်လောက်ကုန်ကုန်ဆိုပြီး... ဒါပေမယ့် သူကတမင်မေ့ပစ်လိုက်သလိုပဲ။ သိသိကြီးနဲ့ အမေရှိနေသေးတာကို မရှိပါဘူး အငြင်းခံရတဲ့အဖြစ်က ဘယ်လောက်ဆိုးလဲ..... အန်တီနေရာက ခံစားကြည့်ပါ"

ခံစားကြည့်ပါသည်။ ထိုအဖြစ်က ခံစားလို့တောင်မရသည့် အဖြစ်။ ဘယ်လောက်ဆိုးသလဲ။ ဘာတွေဆိုးခဲ့သလဲ။ အန်တီကိုယ်တိုင် မိုးပန်းပွင့်၏ စိတ်ကို...တစ်ချိန်က ဘာကြောင့် လွှတ်ပေးခဲ့တာလဲ။ ဘာ့ကြောင် ဆိုးခွင့်ပြုခဲ့တာလဲ။ ဒါဟာ အဖြေပါပဲအန်တီ...။ သူ့စိတ်ထဲမှာ နာကျင်စွာ အော်ဟစ်နေမိ၏။ သူ့သူငယ်ချင်းမလေး၏ ရင်ကွဲဘွယ် အဖြစ်မှာ မည်သူမှာ တာဝန်ရှိပါသနည်း။

မိဘဆိုတာ ကိုယ့်သားသမီးအကြောင်း ကိုယ်အသိဆုံးပဲလို့ ကြွေးကြော်ပြီး .... သားသမီးရဲ့ လိုအင်ဆန္ဒကို လစ်လျူရှုပြီး ကိုယ့်ဆန္ဒကိုပဲ ရှေ့တန်းတင်ခဲ့တာ မိဘဝတ္တရား ပါပဲတဲ့လား အန်တီရယ်...။

ကျွန်တော်ဟာ သားကြီး ဩရသ တာဝန်ကိုယူခဲ့ရတဲ့ အချိန်မှာ အစ်ကိုတစ်ယောက်ရဲ့ ဝတ္တရားကို အခက်အခဲမရှိ ကျေပွန်လိမ့်မယ်လို့ ကိုယ့်ကိုကိုယ် ယုံကြည်ဖို့အတွက် စံပြဆိုတာရှိခဲ့တာပေါ့ခင်ဗျာ....။ အဲဒီစံပြဟာ ကျွန်တော့်မိဘပဲပေါ့........။

"ငါပြောသလိုလုပ်....ငါလုပ်သလိုလိုက်မလုပ်နဲ့....ငါက အဖေ ကွလို့ ပုဆိုးကွင်းသိုင်းနဲ့ မူးနေတဲ့ အဖေကို ဘယ်သားသမီးကများ





အဖေပြောတာမှန်တယ်လို့ ထောက်ခံမှာလဲ...။ ဖေဖေတို့ ဗုဒ္ဓ ဘာသာဝင် အနေနဲ့ကတော့ သားသမီးက မိဘကိုခွန်းတုံ့ပြန်ချင်းမရှိရဘူး...။ ရှိခဲ့ရင် ငရဲကြီးတယ်လို့ ယုံကြည်ယူဆကြတယ်။ ဘာသာတရားရဲ့ လွှမ်းမိုးမှုအောက်မှာ ရိုသေပျဝပ်စွာ နေထိုင်ခဲ့ကြရတယ်။ အဲ...ဒါပေမဲ့ စိတ်ထဲကတော့ နာကျင်ကြေကွဲပြီး...ဆို့နင့်ခံစားရမယ်...။ ဒေါသအမျက်ဖြစ်နေမယ်။ မနောကံအရ ရိုသေမှုမရှိတော့ဘူး...။ အဲဒါကို သားသမီးတွေက မြိုသိပ်ခြင်းနဲ့ ငြိမ်သက်ခြင်းကို အဖော်လုပ်နေလိုက်ရင်ကိုပဲ မိဘကို စောဒကမတက်ဝံ့တဲ့အတွက် ယဥ်ကျေးတယ် ဘာသာတရားကိုင်းရှိုင်းတယ်လို့...တို့ လူကြီးသူမတွေက နားလည်ထားကြတယ် မဟုတ်သေးဘူးကွ"

"အဲဒါမှားတယ်လို့ ဖေဖေတော့မြင်တယ်...။ ဖေဖေကတော့ သားသမီးရဲ့ စိတ်ခံစားချက်ကို အမှန်အတိုင်းမသိတဲ့ မိဘတွေအတွက် ရင်လေးတယ်...။ တကယ်တော့ ဖေဖေတို့ဘာသာမှာ ကံသုံးပါးစလုံးကို သားသမီးတွေမကျူးလွန်မိဖို့ အဓိကတာဝန်က မိဘတာဝန်ပဲ။ သားသမီးက ဝစီကံနဲ့ မကျူးလွန်ရင်ပဲ...ငါ့စကားနားထောင်တယ်လို့ မြင်တာကိုး။ မဟုတ်ဘူး...သူ့ရင်ထဲမှာ မနောကံအရ ဒီသားသမီး နားမထောင်ဘူးဆိုရင် ပိုဆိုးတာပေါ့ကွ...။ အဲဒီမှာတင် မိဘကသားသမီးရဲ့ အညာမိသွားပြီ သားသမီးက မုသာဝါဒဆိုတဲ့ သိက္ခာပုဒ်ကို ချိုးဖေါက်လိုက်တာလို့ ဗုဒ္ဓဘာသာအလိုအရ အဖြေထွက်နေပြီ...ကိုင်း ဖေဖေတို့မိဘတွေဖက်က စည်းတစ်ခုဖေါက်လိုက်တာနဲ့ သားသမီး တွေခမျာ...နှစ်ခါတောင်နစ်နာရတယ်...။ လက်ရှိ ပစ္စုပ္ပန်အတွက်လည်း နစ်နာရသလို...သံသရာအတွက်လည်း ဒီဘဝမှာလားတော်ဝပ်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သားသမီး ကိုမနောက်ရော....မုဒိတာပါ ကျူးလွန်နိုင်းသလို ဖြစ်မနေဘူးလား....ဒါမျိုး ဖေဖေ့ဘဝမှာ မဖြစ်စေရဘူး စိတ်ချ"

သေသေချာချာကို ရှင်းပြခဲ့သောအကြောင်းတရားများကို ဩဇာတို့ မောင်နှမသုံးယောက်လုံး နှစ်သက်ကြသည်။ ဖေဖေအမြင်တွေ ဖေဖေ သဘောတရားတွေက သူတို့ကိုပွင့်လင်းစေခဲ့၏။ ရဲရင့်စေခဲ့၏။

ဩဇာနှင့်ဖေဖေ ဘာကြောင့် ထိုအကြောင်းတွေ ဆွေးနွေးဖြစ်ခဲ့ပါသလဲ...။ ဩဇာ လက်ကျူးစဉ်က မိုးပန်းပွင့်၏မိသားစု ဖွဲ့စည်းပုံကို မေမေကပြောပြခဲ့သည်။ ဩဇာနှင့် မိုးပန်းပွင့်တို့၏ ပတ်သက်မှုကို ဖေဖေသိသွားကတည်းက မိုးပန်းပွင့်၏ မိဘများအပေါ် ဖေဖေ၏ ဝေဖန်သုံးသပ်ချက်များပေါ်ထွက်လာ၏။ ဒါသည်ပင် ဩဇာကိုယ်တိုင် မိုးပန်းပွင့်ကို နားလည်ခဲ့ရသော သင်္ကေတတွေများဖြစ်နေလေမလား...။

* * * * *

(၁၂)

"သင်္ကေတဆိုတာ တကယ်တော့ စိတ်ပါ။ ဒီစိတ်ကြောင့် သူ့အပြု အမူတွေ ဖြစ်ပေါ်လာတာ....။ လူ့ရဲ့လုပ်ရှားမှုမှန်သမျှ စိတ်ကြောင့် ပြောင်းလဲရတာ ။ ဒါကိုနားလည်ရင်ရပြီ။"

ထိုစကားနှင့် သူ့ဂျူတီကို ရုတ်သိမ်းသွားသော ဆိုက်ကိုလော်ဂျီ ပါမောက္ခကို သူဦးညွှတ်ပြရင်း နေရာမှထ ထွက်ခဲ့ရတယ်။ သူ နည်းလမ်း ပေါင်းစုံသုံး၍ မိုးပန်းပွင့်ကို ကူညီရန်ကြိုးပမ်းသည်။ သူ့ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ အားထုတ်ကြည့်မိသည်။

လက်လှမ်းမီသရွေ့ စိတ်ပညာသဘောတရား စာအုပ်တွေ ဖတ်သည်။ လေ့လာသည်။ သူ့ သူငယ်ချင်းတစ်ချို့ထဲမှ အကြံဉာဏ် များကိုယူ၍ စိတ်ကျန်းမာရေး ဆရာဝန်ကြီးတွေထံသွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။ အဖြေက လွယ်လွန်းသည်။

"မိုးပန်းပွင့် ပြန်နေကောင်းမှာလား"ဟု သူမေးခဲ့သည်။

"အဖြေက သူထင်သလိုထွက်မလာခဲ့ပါ။"





www.burmeseclassic.com

www.burmeseclassic.com

"အခုနေကျော်ဟင်းနေတာပဲ။ ဘယ်တုန်းက နေမကောင်းဖြစ်လို့လဲ"

"ခင်ဗျာ"

မိုးပန်းပွင့် နေကောင်းနေပါသတဲ့…။ သူ့ အံ့အားသင့်မှုအတွက် ဆရာဝန်ကြီးက ပြုံးသည်။ ပြီးနောက် သူ့ပခုံးကိုဖက်၍…နှစ်သိမ့်ဖွယ် အပြုအမူကိုပြု၍ ဤသို့ ထပ်ပြောလေသည်။

မဖြစ်အောင် ဂရုစိုက်ရမယ့်ဟာတွေ… ဘာကြောင့်ဖြစ်တာလဲ… ဘယ်လိုဖြစ်တာလဲ…ဆိုတဲ့ ဖြစ်စဉ်တွေနဲ့ ကူးစက်တတ်တဲ့ အမှတ်မထင်ဖြစ်ရပ်တွေကြောင့် ဆိုတာသိထားသင့်တယ်။ ကာယကံရှင်ရဲ့ အပြစ်မပါပဲ ဒီရောဂါဖြစ်သွားရတဲ့ သူတွေမှအများကြီး…။ ဒါတွေကို အမှန်တရားလို့ လက်ခံမှုကိုဖြစ်မယ်….။ ဒီရောဂါဟာ ကိုယ်လော်မာဖေါက်ပြားလို့ ဖြစ်ရတာပါလို့ ထင်ရမယ့်ခေတ် မဟုတ်တော့ဘူး…။ ရောဂါဖြစ်တဲ့သူကိုလည်း ကုသပေး၊ တားဆီးပေးလို့ရနေပြီ…။ ရောဂါမတိုးအောင် ရပ်တန့်အောင်လုပ်ပေးနိုင်နေပြီ…။ လူတန်းစေ့ အသက်ရှင်နိုင်အောင် ကူညီစောင့်ရှောက်တဲ့ စိတ်ဓါတ်အားပေးတဲ့ ကရုဏာရှင် အဖွဲ့တွေအများကြီး….ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ခေတ်မီဆေးဝါးတွေကြောင့် ဒီဝေဒနာရှင်တွေ အသက်ရှည်ရှည် နေနိုင်ကြပြီဆိုတာတွေ နင်သိရမယ်"

"အို…ငါဘာသိစရာလိုလဲ ဩဇာ… ငါနဲ့ဘာဆိုင်လို့လဲ…"

"ဆိုင်တာပေါ့…ဒီလိုဖြစ်ရပ်တွေ ပညာပေးထားတဲ့ ကျန်းမာရေး မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေ၊ စာစောင်တွေကို မသိမသာ မိုးပန်းကို ပြောပြ ဖတ်ပြရမယ်…။ ဒါ အရေးအကြီးဆုံးအချက်ပဲ…။ ဒီအချက်ကို မိုးပန်းမေမေကိုပါ ပြောပြရမယ်…"





နားမလည်နိုင်စွာ ချိုမြိန်ကြည့်သည်။ ဩဇာ၏ တက်ကြွမှုကို ငေးကြည့်နေ၏။ ဘာတွေ ဘယ်လိုဖြစ်နေမှန်းကို ချိုမြိန် လိုက်မမီပါ။ မိုးပန်းမေမေကရော ဘာဆိုင်လို့ ဒါတွေ သိရမှာတုန်း….။

"မိုးပန်းပွင့် အကြောက်ဆုံးစိတ်ထဲမှာ…ဒီကိစ္စပါနေတယ်။ သူ့ကို ခြောက်လှန့်နေတဲ့စိတ် ပြေသွားအောင် လုပ်ပေးနိုင်မယ့် နည်းကို နင်တို့တစ်ခါမှ အသုံးမချရသေးဘူးမဟုတ်လား….။ သူ့ရဲ့မသိစိတ်ထဲမှာ ဒီရောဂါဆိုးကြီးကို ကြောက်လွန်းတဲ့စိတ်က ဖိစီးနေတယ်…။ ဒီလိုလူမျိုးနဲ့မှ စေ့စပ်မိတယ်ဆိုပြီး….သူ့အမေကိုပါ မုန်းတဲ့စိတ်ပေါ်နေတယ်….။ ဒါ အမေသဘောတူခဲ့တဲ့ ကိစ္စလေး။ အဲဒါတွေကို ဆရာကြီးက ထောက်ပြတယ်…။ ဒီရောဂါသည်ဟာ တကယ်တော့ သနားစရာကောင်းပြီး ကိုယ်ကတောင်ဖေးမကူညီရမယ့် သူမျိုး…။ ဒီလိုလူကို အမုန်းကြီးမုန်းတဲ့စိတ်ကို သူ့ရင်ထဲကအရင်ဆုံးဖယ်ထုတ်ပစ်မှ မိုးပန်းသက်သာလာမယ်တဲ့…။ သူ့ရဲ့ ရှက်စိတ်တွေကို ဖယ်ပစ်ရမယ်။ ဒါမှ နင့်သူငယ်ချင်းဟာ ပြန်ပြီး ကြီးရင့်လာမယ်။ မဟုတ်ရင် သူ့ ဒီအရွယ်ကို ပြန်ရောက်မှာ မဟုတ်တော့ဘူး….."

ဘာဖြစ်လို့များ ဩဇာက ဒါတွေကိုရှာဖွေတွေ့ရှိနိုင်ရသနည်း။ ချိုမြိန်တို့ တစ်ခါမျှမတွေးမိသည့် အတွေးတွေ…။ အန်တီကိုယ်တိုင်က မိုးပန်းကို ကုသခဲ့သည့် ဆရာတွေကို မည်သို့ဖွင့်ဟ တိုင်ပင်ခဲ့ပါသနည်း။

ဩဇာလုပ်ခိုင်းသည့်နည်းလမ်းအတိုင်း မိုးပန်း မြင်သာထင်သာသည့် နေရာများမှာ ပညာပေးစာစောင်ကို မသိမသာထားခဲ့ပြင်း မိုးပန်းမေမေရင်ဖွင့်သည်။

"ကိုယ့်သမီးလေး အရူးကွဲခဲ့တဲ့အဖြစ်ကို ဆရာဝန်တွေသိ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ပြောရဲခဲ့ပါ့မလဲ သမီးရယ်...။ ဆေးခန်းပြရင် မအိပ်ဘူး... မစားဘူး...ဒေါသကြီးတယ်...စိတ်ကြီးတယ်ကနေ့ ဒီလို ဖြစ်သွားတာပဲ ပြောတာပေါ့...။ ပြီးတော့ အန်တီတို့မိသားစုရဲ့ အိမ်ထောင်ကွဲပြဿနာ လောက်ပဲ ချပြတာပေါ့...။ ဒါတောင်လွန်နေပြီ...။ အခု ကိစ္စကို ဆရာဝန်ကြီးက အကုန်ပြောပြလို့ ဆူတော့မှ ပြောဖြစ်ခဲ့တာ...."

အမှန်အတိုင်း ရင်ဆိုင်ရမည်ဆိုသည့်စိတ်နှင့် ဖုံးကွယ်ခဲ့သမျှ အဖြစ်တွေကို မိုးပန်းမေမေ ဖွင့်ပြောရလေတော့သည်။

"သမီးက ဂုဏ်သိက္ခာကို သူဖာသာထိန်းခဲ့တာပါ....။ အန်တီ လိုသာဆို ပိုက်ဆံ...ပိုက်ဆံဖြစ်နေတာနဲ့ ဒီလောက်လွတ်လပ်တဲ့ ခေတ်ကြီးမှာ မိုးပန်းပွင့်နေချင်သလို နေလို့ရတာပဲ...။ သူသိပ်တော်တဲ့ သမီးလေးပါ။ အဖေနဲ့ မကြီးပြင်းရတဲ့အပြင် အုပ်ထိန်းမှု ညံ့တဲ့ အမေ လက်ထဲမှာ မှဲ့တစ်ပေါက်မစွန်းအောင် သူ့ကိုယ်သူ ထိန်းခဲ့တယ်...။ သူ့မာနကို သူ အထိပါးမခံခဲ့ဘူး...။ အဲဒါ သူ့အဖေစိတ်ဓာတ်တွေပါပဲ။ အဖေဆီက ကောင်းမွေတွေအားလုံးရခဲ့တဲ့ ဒီသမီးလေးကို အန်တီ သိပ်ချစ်ရကောင်းမှန်း သိချိန်မှာ....သူက အန်တီ့ကို မချစ်တော့ ဘူးလေ...။ အဲဒါ ဘယ်လိုလုပ်မလဲ...သားတို့ရယ်....။ အန်တီ့ကို ကူညီပါဦး၊ သမီး ချိုမြိန်...."

"စိတ်ချပါ အန်တီ...အန်တီနဲ့ မိုးပန်းကို ကူညီပေးမယ့် ပုဂ္ဂိုလ်တစ်ယောက် မကြာခင်ရောက်လာတော့မှာပါ...."

"ဟင်... ဘယ်သူများလဲ"

" ...................... "

* * * * *





"ဘယ်ကို ခေါ်လာတာလဲ ဩဇာ"

"ဟိုရောက်တော့ သိမှာပေါ့"

သေသေသပ်သပ်နှင့် ခရီးသွားမည့်ဟန်ပေါ်နေသည့် ဩဇာကို နားမလည်နိုင်စွာ ကြည့်နေမိ၏။ ပြန်ရောက်လာပြီး သုံးလအတွင်း ဩဇာ၏ အသပ်ရပ်ဆုံး နေ့တစ်နေ့ပင်ဖြစ်လိမ့်မည်။ ငါ့ သူငယ်ချင်း တစ်ယောက် ဖိတ်ထားတဲ့ပွဲ သွားချင်လို့ လိုက်ခဲ့စမ်းပါဟု သူလာခေါ်စဉ် က....ချိုမြိန်ငြင်းသည်။ အခုတလော အိမ်မှာပဲ နေချင်သည်။ သူမစိတ်ထဲ မိုးပန်းပွင့်အကြောင်းသာ ရောက်နေသလို ဩဇာ၏ မိုးပန်းအပေါ်စောင့်ရှောက်မှုအတွက်လည်း ကျေနပ်ရင်းနှင့် ဝမ်းနည်း နေမိ၏။

သူမကိုယ်တိုင် ဩဇာကို ထိုအရပ်သို့ ခေါ်သွားခဲ့တာပဲလေ...။ ဘာမကျေနပ်စရာရှိလို့လဲ...။ ဩဇာရဲ့ ကြိုးပန်းချက်တွေကြောင့် အခုဆိုလျှင် မိုးပန်းပွင့် အတော်ကြီး နေကောင်းလာပြီလေ...။ တဖြည်းဖြည်းနှင့် သူမကိုယ်သူမ ဆယ်တန်းဖြေပြီးပြီဟု ပြောလာ၏။ ကျောင်းစာအုပ်တွေ သိပ်မဖတ်တော့ပေ...။ ချိုမြိန်နှင့် အန်တီ မသာစည်းရုံးပြောပြမှုတွေကြောင့် ကျန်းမာရေးစာစောင်တွေ ဖတ်လာ၏။ တွေးတွေးဆဆနှင့် ဟိုမေးသည်မေး လုပ်တတ်လာ၏။

"အခြေအနေ တော်တော်တိုးတက်လာတယ်" ဟု ဆေးရုံမှူး



www.burmeseclassic.com

www.burmeseclassic.com



တိုင်း၊ ဆေးခန်းသွားပြတိုင်း ကြားလာရသည်။ မိုးပန်းပွင့် မျက်လုံးလေးတွေ ကြောင်စီစီမနိုင်တော့...။ အနည်းငယ် တည်ငြိမ်စပြုလာ၏။ ဒါပေမယ့်...ဩဇာကိုဖြင့် သူမ မသိသေး...။ သူမ မေမေကိုလည်း မေမေဟုမခေါ်သေး...။ သို့တိုင်...အရင်လို ခေါင်းမြီးခြုံပြီး...သွား...သွား...ဟု နှင်မထုတ်တော့ပေ.....။"

"ကိုင်း...ရောက်ပြီ ဆင်း..."

အတွေးစရပ်သွားချိန်မှာ...သူတို့စီးလာသော ကားက Trader Hotel ရှေ့မှာ ထိုးရပ်သွား၏။ ချိုမြိန် ဘုမသိ ဘမသိနှင့် ဆင်းလိုက်ရသည်။ သူမကိုယ် သူမငုံ့ကြည့်မိ၏။ တော်ပါသေး၏။ သပ်သပ်ရပ်ရပ် ဝတ်စားလာပေလို့ပဲ။ ဒါတောင် အမေက ဟဲ့...အလှူထင်တယ်နော်...မွေးနေ့လည်း ဖြစ်နိုင်တာပဲ...သေသေ သပ်သပ်လေး ဝတ်သွားနော်....။ ကြည့်ကောင်းအောင် ဝတ်စားသွား သမီးရယ်ဟု သတိပေးပေလို့ သာပါပဲ....။ မဟုတ်လို့ကတော့ ဩဇာ ဖွတ်ခေါ်လာပုံနှင့် မလွယ်ပေ...။

"ဒါ ဘာပွဲလဲ ဩဇာ...မင်္ဂလာပွဲလား၊ မွေးနေ့လား...ပြောစမ်းပါဦး။ ဘယ်သူ့ မင်္ဂလာဆောင်လဲ...ဘာလက်ဖွဲ့မှလည်း မပါဘဲနဲ့ဟယ်၊ နင်က အရင်လိုပုံစံအတိုင်း လျှောက်မနောက်နဲ့နော်....ငါ ရှက်တယ် သိလား....။"

ထိတ်ထိတ်လန့်လန့် ချိုမြိန် ပြောသည်၊ ဩဇာ ဘာမှပြန်မပြောဘဲ ဆတ်ခနဲဆို ချိုမြိန်လက်ကိုဆွဲပြီး ဟော်တယ်ထဲဝင်လာ၏။ ဒရွတ်တိုက် လိုက်ရသလိုဖြစ်၍ ချိုမြိန် ဒေါကန်လာ၏။ တဟဲဟဲနှင့် မေးလည်း ဩဇာ မဖြေပေ။ ရှုးတိုးတိုးဟုသာ နှုတ်ခမ်းပေါ် လက်ညှိုးတင်၍





သတိပေးပြီး ဆက်လျှောက်လာ၏။ ချိုမြိန်လန့်ပြီး ငြိမ်လိုက်လာခဲ့ ရပြန်၏။

ခန်းမထဲရောက်တော့မှ ချိုမြိန် လန့်သွား၏။

မွေးနေ့ပွဲ...မွေးနေ့ပွဲတစ်ခုပါလား.....

မွေးနေ့ရှင်က....

"မိုးပန်းပွင့်၏ သင်္ကေတ" ဟူသော ခေါင်းစီးစာတမ်းကို လှမ်းဖတ် ရချိန်မှာ...စားပွဲဝိုင်းတချို့မှ သူမတို့ဆီ လှမ်းကြည့်ကြ၏။ ဟင်း... တို့သူငယ်ချင်းတွေ။ ပြီးတော့...မိုးပန်းပွင့်၏ စပါယ်ရှယ်နာ့စ်မလေး ပြီးတော့ မိုးပန်းပွင့်ကို ဆေးကုပေးနေသော ဆရာကြီး...။ ပြီးတော့ မိုးပန်းပွင့်မေမေရယ်...မိုးပန်းပွင့်ရယ်.....။"

ပြီးတော့...ဩဇာရယ်....ချိုမြိန်ရယ်....

ဘုရားရေ...ဘာတွေဖြစ်ကုန်ပြီလဲ...။

ပြောကြပါဦး....ချိုမြိန် နားလည်အောင် ပြောပြပါဦး... ဩဇာရယ်.. တိတ်ဆိတ်လွန်းသည့် အခန်းမှာ..အခုမှ စတင်ကြား ရတာ...ပီယာနိုတေးသံ။ အလွန်ငြိမ့်ညောင်းသည့် အသံလှိုင်း တစ်စုနှင့် အတူ အနောက်တိုင်းဝတ်စုံနှင့် လူကြီးလူကောင်း တစ်ယောက် လျှောက်လာ၏။ ခံ့ညား ချောမောပုံရသည့် ထိုလူကြီးကို ဘယ်မှာ မြင်ဖူးမှန်းမသိ ဖြစ်နေစဉ်မှာပင် ထိုလူကြီးက စင်ပေါ် တက်သွားသော စတိတ်စင်ရှေ့မှာ ခဏရပ်ပြီး နှုတ်ဆက်စကား ပြောလေသော အခါမတော့....။

"ဒီပွဲကို တက်ရောက်လာတဲ့ ဧည့်သည်တွေကို ကျွန်တော် ဘယ်သူပါလို့ နှုတ်မဆက်ခင်မှာ မွေးနေ့ရှင်သမီးလေး မိုးပန်းပွင့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် လက်ဆောင်အရင်ပေးပါရစေ။ တစ်ခုတော့ ပြောပါရစေခင်ဗျာ။ ကျွန်တော်ဟာ ကဗျာဆရာတစ်ယောက်ပါ။

ကဗျာမြတ်နိုးသူ တစ်ယောက်ပါ...။ နှစ်ပေါင်းများစွာ မက်ခဲ့ရတဲ့ ကျွန်တော့်အိပ်မက်ဖြစ်တဲ့ ခမ်းနားကြီးကျယ်တဲ့ ဟော်တယ်ကြီးတစ်ခုမှာ သမီးအတွက် ကဗျာတစ်ပုဒ်လောက် ရွတ်ချင်တဲ့...ကဗျာဆရာရဲ့ စိတ်ဆန္ဒကို မဖြစ်ဖြစ်အောင် ကြိုးစားစီစဉ်ပေးတဲ့ မောင်ဩဇာဆိုတဲ့ လူငယ်လေးကို ကျေးဇူး တင်ပါတယ်လို့ပြောရင်း...“မျက်ရည်မြစ်”လို့ အမည်ပေးထားတဲ့ ကဗျာကို ရွတ်ဆိုခွင့်ပြုပါ.....”

တိတ်ဆိတ်လွန်းသော အခန်းကျယ်ကြီးမှာ တီးတိုးသံတွေ ပေါ်လာ၏။ ထို့နောက် တစ်ခဏနှင့် ပြန်ငြိမ်သက်သွား၏။ ချိုမြိန် အံ့အားသင့်စွာ ဩဇာကို ကြည့်မိ၏။ သို့သော် ဩဇာက သူမကို မကြည့် အဝေးသို့ ငေးနေလေ၏။ ထိုအချိန်မှာ...ရှေ့ခုံမှာ မိုးပန်းပွင့် ကိုယ်လေးဆတ်ခနဲ တုန်သွားသည်ကို မြင်လိုက်ရလေ၏။ တဆက်တည်း မိုးပန်းမေမေ သိုင်းဖက်လိုက်သောကြောင့် မိုးပန်းပွင့်ကိုယ်လေး လျော့နွဲ့စွာ သူမမေမေပခုံးပေါ်သို့မှီကာ ကျသွားလေ၏။

ချိုမြိန် အသက်အောင့်ထားမိ၏။ ဩဇာကို မယုံနိုင်စွာကြည့်နေရင်းမှ မျက်ရည်တွေ ဆို့တက်လာ၏။

“ဒါဟာ အိပ်မက်မဟုတ်ဘူးနော်...ဩဇာ...”

“ဒါဟာ တကယ်ဖြစ်ပျက်နေတာပါနော်....”

* * * * *





(၁၃)

* အမုန်းမီးလျှံတောက်
မာနနဲ့ဆောက်တဲ့အိမ်မှာ
“ကာဒိုင်း” အဖြစ်တောင်
သမီးရဲ့ချစ်ခြင်းတွေ သုံးခွင့်မရှိ
လွမ်းနှင့်တဲ့ မျက်ရည်တွေက
မြစ်သဖွယ်ခွေလိပ်
မျက်လုံးအိမ်မှာ အိပ်လို့ပေါ့ ဖေဖေတဲ့ ။

* အချစ်မဲ့...
အနှစ်မဲ့...
အပြစ်ဖွဲ့တဲ့ အိမ်ထောင်ရေး
ကမ်းမမြင်
လမ်းမမြင်
သမုဒ္ဒရာခရီးနှင်တဲ့ အမုန်း



www.burmeseclassic.com

www.burmeseclassic.com



လျော်တက်မပါ
လက်ဗလာနှင့်
အာဂသတ္တိ....ရက်စက်ခြင်းအတိရှိတယ် ဆိုတာ
နှစ်အတန်ကြာမှ....
ချစ်စရာဟန်နဲ့ သမီးလေးဝေးမှသိ။

* စီးမကျပါနဲ့...
စီးမကျပါနဲ့....
မျက်ရည်အတိတ်
မျက်ရည်ပစ္စုပ္ပန်
မျက်ရည် အနာဂတ်နဲ့
ဆီးမကြိုလိုက်ပါနဲ့ ။

* အလွမ်းဓါတ်ခံ ကဲလွန်းလို့
မျက်ရည်မြစ်ခွဲ
မျက်ရည်အိုင်ထဲမှာ ပြိုလဲ
"၅၂၈" တို့ ရေတိမ်နစ်ရမယ့်
အဲဒီသမိုင်းမှာ
အဖေလူဆိုး
လူဆိုး...အဖေလို့
အငြိုးအတွေးဖွဲ့
တိုးတိုးလေးနဲ့တောင်
မခေါ်လိုက်ပါနဲ့ သမီးလေးရယ် ။



တစ်ခန်းလုံး မီးတွေထိန်လင်းသွား၏။

ငြိမ်သက်လွန်းမက ငြိမ်သက်လွန်းနေရာမှ ဖြုန်းခနဲထရပ်လိုက်သော အရိပ်တစ်ရိပ်ကြောင့် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်၏။

"ဖေဖေ"

လှမ်းခေါ်လိုက်သော အသံ...။ ထိုအသံ...ထိုအသံက မိုးပန်းပွင့်၏ ပကတိအသံ....။

ငိုသံတို့ လှိုက်ဆူနေသောအသံ....။ ဝမ်းနည်းခြင်းကို အပြည့်အဝ ခံစားတတ်သောအသံ...။ အသိတရားတို့ ပြည့်လျှမ်းနေသောအသံ...။

မိုးပန်းပွင့် ပြေးထွက်သွား၏... သို့သော်....ခြေလှမ်းတွေက ခွေယိုင်...လဲလု....။

သမီး....သမီးဟု အော်သံအဆုံး....သူမဖေဖေ၏ ရင်ခွင်ထဲ၌ မိုးပန်းပွင့် လဲပြိုကျသွားခဲ့လေပြီ....။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၄)

"ဩဇာ"

"ဩဇာ"

သည်အချိန်မှာ... ချိုမြိန်ထရပ်ပြီး... သူမဘေးကို ကြည့်မိ၏။ ဟင်...ဘေးခုံမှာ ဩဇာ မရှိတော့ဘူး...။ ဘယ်ရောက်သွားလဲ...။ ချိုမြိန် လိုက်ခေါ်ကြည့်၏။ မိုးပန်းအနားသို့ သူမအပြေး ရောက်သွားခဲ့သေး၏။ သို့သော် ပွေ့ချီသွားသော သူဖေဖေရင်ခွင်ထဲမှာ မိုးပန်းပွင့်သည် ကြေနပ်စွာ မိန်းမောနေလေရော့မည်။

ခန်းမထဲမှာ ချိုမြိန်ကြောင်ပြီး ရပ်နေမိ၏။ မျက်ရည်စီးကြောင်းများကို ခပ်ကြမ်းကြမ်းသုတ်ပြီး သူကလက်ကိုင်အိတ်လေးကို ပြန်ကောက်ယူမိချိန်မှာ...





စာရွက်ခေါက်အဖြူလေးတစ်ရွက် လျှောကျသွားခဲ့၏။ ချိုမြိန်ကောက်ပြီး ဖွင့်ဖတ်လိုက်၏။

သို့သော် မျက်ရည်စီးကြောင်းများကြောင့် စာလုံးများက **မသဲ**မကွဲ...။ ရင်ထဲ ဆို့နင့်နေ၏။ လူတွေက သူမကို တွန်းတိုက်သွားကြသလိုပါပဲ...။ လဲပြိုလု ခြေလှမ်းများနှင့် ဟော်တယ်ထဲမှ အားတင်းပြီး ထွက်လာခဲ့၏...။

ဟော်တယ်ထဲမှာ ချိုမြိန်ကို နှုတ်ဆက်သွားကြသူတွေကို **သူမ** ပြန်နှုတ်ဆက်ခဲ့ရလားမသိ။ သူကအတွေးထဲမှာ ဩဇာ **ဘယ်ရောက်**သွားပြီလဲဆိုတာ သိချင်စိတ် ပြင်းပြလွန်းနေ၏။ တစ်ခါမှ **သူမ** မတွေးထားသည့် အတွေး....။ ဩဇာဟာ ဘယ်တုန်းကမှ **ချိုမြိန်ကို** ချန်ရစ်ခဲ့ပြီး ထွက်မသွားတတ်ဘူးလေကွယ်....။ အခု ဩဇာက **သူမကို** ချန်ရစ်ခဲ့လေပြီလား....။

ဝမ်းနည်းကြေကွဲစိတ်တို့ဖြင့် အိမ်သို့ မည်သို့မည်ပုံ ပြန်**ရောက်**လာမှန်းပင် မသိတော့ပါ...။ ဝမ်းနည်းနေတာ မိုးပန်းပွင့်အတွက်လာ...။ လိုက်တက်လာတဲ့ ဆို့နင့်မှုတွေကရော မိုးပန်းပွင့်အတွက်ပဲလား...။ မိုးပန်းပွင့်နောက်မှာ ဩဇာ လိုက်သွားလေပြီလား...။ ဒါမှမဟုတ် အိမ်ပြန်သွားပြီလား....။

ချိုမြိန် ဝမ်းနည်းလွန်း၍ မျက်နှာအပ်ပြီး ငိုချလိုက်ချိန်မှာ **သူမ** လက်ထဲမှာ ဆုတ်ချေထားသော စာရွက်ခေါက်လေး**ကို** သတိရသွား၏...။ ဒါ ဘယ်သူ့စာလဲ...။ ဘာကြောင့် သူမပိုက်ဆံအိတ်ပေါ်ရောက်နေရတာလဲ...။ ဩဇာ ထားသွားတာ များလား...။

စာကိုဖွင့်ဖေါက်လိုက်၏....



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်ရည်တွေ အားတင်းပြီးသုတ်သည် ကျလာလိုက်တဲ့ မျက်ရည်တွေရယ်…ဘာကြောင့် ဒီလောက်များနေရပါသလဲ…။ မျက်ရည်မြစ်ထဲမှာ လဲပြိုရမယ့် အဖြစ်မျိုးတော့ မကြုံချင်ဘူးကွယ်…။

"ချိုမြိန်"ဟု ခေါင်းစဉ်တပ်ထားသော စာကိုဖတ်ရချိန်၌……

* * * * *





(၁၅)

ချိုမြိန်

နှင်ဝိုင်နေလား…။ ငိုပါ ချိုမြိန်။ အဲဒီ မျက်ရည်တွေဟာ ငါ့ကိုလွမ်းလို့ ကျတဲ့မျက်ရည် တွေလို့ ငါယူဆလိုက်မယ်။ အခု…ငါလေ့ဆိပ်ကို သွားနေပြီ။ နှင့်ကို နှုတ်မဆက်ခဲ့ဘူး…။ ငါ ဘာကြောင့် မိုးပန်းကို ပြန်နေကောင်းစေချင်လဲ ဆိုတာ နှင့်ကိုရှင်းပြဖို့ ကျန်နေသေးတယ်။ မိုးပန်း ငါ့ကို စိတ်နာတဲ့အမုန်းတွေအတွက်… ငါ အကြွေး ပြန်ဆပ်ရမယ်လေ ချိုမြိန်။ မိုးပန်းဟာ ငါတို့ သူငယ်ချင်းလေ…။ မိုးပန်းရဲ့ သနားစရာကောင်းတဲ့ ဘဝကို ပြန်ရှင်သန်အောင် ငါတတ်နိုင်သလောက် လုပ်ပေးခဲ့ပြီးပြီမို့ ငါ့ တာဝန်ကျေပြီလို့ထင်တယ်…။ မိုးပန်း နေပြန်ကောင်းလာတော့မှာပါ ချိုမြိန်…။ မိုးပန်း အဖေကို သိနေတဲ့ ငါ့သူငယ်ချင်း အဖေက ဆက်သွယ်ပြီး ဒီကိုခဏပြန်လာဖို့ အကူအညီ တောင်းခဲ့တာ…။



www.burmeseclassic.com

www.burmeseclassic.com



အခုဆိုရင် နင်သဘောပေါက်လာမှာပါ...။ နင် ခွင့်လည်း ခွင့်လွှတ်မှာပါ...။ ဒီတစ်ခါ ငါ အလုပ်လုပ်ပြီး ပြန်လာရင် လေဆိပ်ကို နင်ကိုယ်တိုင်လာကြိုပါ....။

တစ်နှစ်လောက်ကြာရင်ပဲဖြစ်ဖြစ် နှစ်နှစ် လောက်ကြာရင်ပဲ ဖြစ်ဖြစ်... နင် ငါ့ကို စောင့်ပေးပါ...။ ငါ ပြန်လာမယ် ချိုမြိန်.....။

ချစ်လှစွာသော

ဩဇာ

* * * * *

*ဘဝဆိုတာ အဲသလောက် လှသတဲ့လား ဩဇာရယ်.......။*

■ နှင်းဝေငြိမ်း

(2008 Beauty Max မဂ္ဂဇင်းတွင် ဖေဖော်ဝါရီလမှ စက်တင်ဘာလအထိ ဖော်ပြခဲ့သော အခန်းဆက်ဝတ္ထုရှည်)



BURMESE CLASSIC .com

www.burmeseclassic.com